# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

**အလျှဒါနကို ဝမ်းမြောက်နိုင်၏**

စေးနည်းဝန်တိုသူတို့သည် နတ်ပြည်သို့ မရောက်နိုင်ကြကုန်။ လူမိုက်တို့သည် အလှူဒါနကို မချီးမွမ်းကြကုန်။ ပညာရှိသည်သာ အလှူဒါနကို ဝမ်းမြောက်နိုင်၏။ ထိုဝမ်းမြောက်မှုကြောင့်သာလျှင် ထိုပညာရှိသည် တမလွန်ဘဝ၌ ချမ်းသာရ၏။

လောကဝဂ် (ဓမ္မပဒ-၁၇၇)

၁၃၈၃ ခုနှစ်၊ တော်သလင်းလပြည့်နေ့ | ၂၀၂၁ ခုနှစ်၊ စက်တင်ဘာ ၂၀ ရက်၊ တနင်္လာနေ့ | အတွဲ (၆၀)၊ အမှတ် (၃၅၂)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ဒေသတွင်း ထုတ်ကုန်များမြင့်မားရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ လျှပ်စစ်စွမ်းအားပင်ဖြစ်သည့်အတွက် ဒေသတွင်း လျှပ်စစ်ဖူလုံရေး သဘာဝအရင်းအမြစ်များမှ လျှပ်စစ်စွမ်းအားထုတ်ယူနိုင်ရေးအတွက် စဉ်းစားလုပ်ဆောင်ရမည်






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

နေပြည်တော် စက်တင်ဘာ ၁၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများအား လားရှိုးမြို့ရှိ ရှမ်းပြည်နယ်အစိုးရအဖွဲ့ခွဲရုံး အစည်းအဝေးခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❄

## ယနေ့ ဖတ်စရာ

**ကျိုးကြောင်းဆင်ခြင်မှုနှင့် စိတ်ခံစားချက်**
ဆောင်းပါး | စာ - ၂၀

**အိန္ဒိယနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၃ သန်းကျော်ပြီ**
နိုင်ငံတကာသတင်း | စာ - ၁၃

**ခရီးသွားလာရောက်လျက်ရှိသော မန်လည်နှင့် တံခွန်တိုင်ကျေးရွာချင်းဆက်လမ်းပေါ်၌ ထန်းသီးစေ့ ၁၅၀၀ ခန့် မျိုးစေ့ချစိုက်ပျိုး**
ပြည်တွင်းသတင်း | စာ - ၂၇

# နိုင်ငံအတွက် အရေးကြီးဆုံး လိုအပ်ချက်

ယနေ့ မျက်မှောက်ကာလ မိမိတို့နိုင်ငံ၏ အခြေအနေမှာ အမျိုးသား စည်းလုံးညီညွတ်မှု တည်ဆောက်နိုင်ရေးအတွက် အားစိုက်ရုန်းကန်နေရသည့် အခြေအနေဟု ဆိုရမည်ဖြစ်သည်။ ဤအဆိုသည် အပြုသဘောဖြင့်ဆောင်သည့် အမြင်ဘက်မှ အဆိုဖြစ်ပြီး မညှာစတမ်းဆိုရလျှင် အမျိုးသားစည်းလုံးညီညွတ်မှုတို့ အစည်းပြေလာလျက်ရှိသည့် အခြေအနေဖြစ်သည်ဟု ဆိုရမည်ဖြစ်သည်။ အမျိုးသားစည်းလုံးညီညွတ်မှု လျော့ရဲလာခြင်းသည် လွန်ခဲ့သည့် ဆယ်စုနှစ်ဝက်ကာလအတွင်း ပြည်တွင်းပြည်ပ ပယောဂများ၏ ရလဒ်များက မျက်မှောက်ကာလတွင် ဆက်လက်ဖြစ်ပေါ်လာနေခြင်းပင် ဖြစ်သည်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေအရ မိမိတို့နိုင်ငံကို ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသည့် ပြည်ထောင်စုသမ္မတနိုင်ငံအဖြစ် ပုံဖော်တည်ဆောက်ခဲ့ရာတွင် ရွေးကောက်ပွဲများဖြင့် တက်လာသည့် အစိုးရနှစ်ဆက်တို့က နိုင်ငံကို ၎င်းတို့၏ မူဝါဒများ ကိုယ်စီဖြင့် အကောင်အထည်ဖော်ခဲ့ကြခြင်းဖြစ်သည်။ နိုင်ငံတစ်နိုင်ငံ၏ သမိုင်းပေးတာဝန်များကို ပခုံးပြောင်း ထမ်းဆောင်ကြရာတွင် ခေတ်အဆက်ဆက်က ဖြေရှင်းရန်ကျန်ရှိနေသည့် သမိုင်းပေးတာဝန် ကြွေးကျန်များကိုပါ တာဝန်ယူဆောင်ရွက်ကြရစမြဲဖြစ်သည်။ တစ်ဖက်တွင်လည်း နိုင်ငံဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံသူနိုင်ငံသားများ၏ လူမှုစီးပွားဘဝများ ပိုမိုမြင့်မားလာရေးတို့အတွက် မူဝါဒများချမှတ်ကာ ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆောင်ရွက်ကြရသည်။ ယင်းသို့ ဆောင်ရွက်ရာတွင် ဦးစီးဦးဆောင်ပြုသူများအနေဖြင့် မိမိတို့၏ ပုဂ္ဂိုလ်ရေး အကျိုးစီးပွား၊ မိမိတို့ပါတီအဖွဲ့အစည်း၏ အကျိုးစီးပွားထက် နိုင်ငံနှင့်ပြည်သူ၏ အကျိုးကိုသာ ဦးထိပ်ထား ဆောင်ရွက်ကြရခြင်းဖြစ်သည်။

၂၀၁၅ ခုနှစ်မှစတင်ကာ နိုင်ငံ့တာဝန်ကိုထမ်းဆောင်သည့် အစိုးရလက်ထက်တွင် ထူးခြားမှုတစ်ခုအနေဖြင့် လူမှုကွန်ရက်ပေါ်၌ အစိုးရ၏ အားနည်းချက်များကို ထောက်ပြဝေဖန်မှုများအား ကြမ်းကြမ်းတမ်းတမ်းရိုင်းရိုင်းစိုင်းစိုင်း တုံ့ပြန်ကြသည့် လော်ဘီများ ပေါ်ထွက်လာခြင်း၊ တပ်မတော်အပေါ်တွင် ပြည်သူများက အထင်အမြင်လွဲမှားလာစေရေး တစ်ဖက်သတ်ရေးသားခြင်း၊ ၎င်းတို့၏ရှေ့တွင် တာဝန်ယူသွားခဲ့သည့် အစိုးရနှင့်ပါတီတို့ကို အခြေအမြစ်မဲ့ ပုတ်ခတ်ရေးသားခြင်းတို့ကို မြန်မာပြည်သူတို့ အသုံးများသည့် လူမှုကွန်ရက်ဖေ့စ်ဘုတ်ပေါ်၌ မြိုင်မြိုင်ဆိုင်ဆိုင် အင်နှင့်အားနှင့် တွေ့လာရခြင်းပင်ဖြစ်သည်။ ယင်း၏ အကျိုးဆက်အနေဖြင့် တပ်မတော်သည် လည်းကောင်း၊ USDP ပါတီသည်လည်းကောင်း ကန့်လန့်တိုက်နေသူများ ဖြစ်သည်ဟူသော အမြင်သည် NLD ပါတီအာဏာရခဲ့သည့် သက်တမ်းတစ်လျှောက်တွင် ချခဲ့သည့်မျိုးစေ့များမှ အပင်ပေါက်လာခဲ့ခြင်းပင်ဖြစ်သည်။ ယင်းအစိုးရလက်ထက် ဘာသာရေးဘက်တွင် လည်းကောင်း၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးဘက်တွင် လည်းကောင်း၊ စစ်ဘက်အရပ်ဘက်ဆက်ဆံရေးတွင် လည်းကောင်း ထောက်ပြဝေဖန်ချက်များစွာ ပေါ်ထွက်ခဲ့သည့်တိုင်အောင် အစိုးရက လျစ်လျူရှုခဲ့သည့်အခြေအနေများ ကြုံတွေ့ခဲ့ရသည်။ စင်စစ်အားဖြင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးထက် ပါတီအရေးကိုသာ ဦးစားပေးသွားခဲ့ခြင်းဖြစ်ပြီး အင်အားကောင်းလာသည့် ပါတီအနေဖြင့် အခွင့်အရေးရှာဖွေသူများစွာတို့က ၎င်းတို့အတွက် သေချာသည့် ပါတီတစ်ခုအဖြစ် ဝင်ရောက်ခိုလှုံသွားခဲ့ကြသည်ကိုလည်း တွေ့ရသည်။ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို မိမိတို့တစ်ပါတီတည်းကသာ သိမ်းကျုံးအနိုင်ယူနိုင်ရေး အခင်းအကျင်းများ ချမှတ်ဆောင်ရွက်ခဲ့ရာမှ မဲမသမာမှုတို့ ပေါ်ပေါက်ခဲ့ပြီး နိုင်ငံ့အာဏာကို ဒုတိယသက်တမ်းအတွက် အိပ်မက်တို့ ပျက်ပြယ်ခဲ့ပြီး မစားရသည့်အမဲ သဲနှင့်ပက်သည့် လုပ်ရပ်တို့ကို အဆင်ခြင်မဲ့ လုပ်ဆောင်ခဲ့ကြသည်။ နိုင်ငံအလုံးစုံပျက်စီးရေး၊ အမျိုးသားစည်းလုံးညီညွတ်မှုပြိုကွဲရေးတို့ကို သွေးထိုးလှုံ့ဆော်နေကြပြီး ပြည်ပကျူးကျော်မှုတို့ကို ဖိတ်ခေါ်နေကြသည်။ နိုင်ငံကို တောင်နှင့်မြောက် နှစ်ပိုင်းခွဲရန်၊ ပြည်နယ်များခွဲထွက်ရန်၊ ပြည်တွင်းစစ်မီးတောက်လောင်ရန် စသည်တို့ကို လေသံပစ်နပ်ကြောင်းပေးနေကြသည်။

ဤသို့သော အခြေအနေတွင် အရေးအကြီးဆုံးမှာ အမျိုးသားစုစည်းညီညွတ်မှုပင် ဖြစ်သည်။ နိုင်ငံပြိုကွဲပျက်စီးမှု၊ အချုပ်အခြာအာဏာဆုံးရှုံးမှုတို့ကို မလိုလားသည့် နိုင်ငံသားတိုင်းရင်းသားများနှင့် ဦးစီးဦးဆောင်ပြုသူများ အပြန်အလှန်နားလည်မှု၊ အသိအမှတ်ပြုမှုများဖြင့် အမျိုးသားစုစည်းညီညွတ်မှုကို ရယူကြရမည်ဖြစ်သည်။ အမျိုးသား စုစည်းညီညွတ်မှုသည် နိုင်ငံတည်တံ့ခိုင်မြဲရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးအတွက် မရှိမဖြစ် လိုအပ်ချက်အဖြစ် ရယူတည်ဆောက်နိုင်ပါစေကြောင်း။ ။

# နမ္မတူ၌ အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး စတင်ထိုးနှံပေး

**နမ္မတူ စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း နမ္မတူမြို့နယ် အမှတ် (၁) အခြေခံပညာ အထက်တန်းကျောင်းရှိ ပညာရောင်ခြည်ခန်းမ၌ ယနေ့နံနက်ပိုင်းက အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေးလျက်ရှိသည်။ **(အောက်ပုံ)**

ထိုသို့ ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ စတင်ထိုးနှံပေးရာတွင် နမ္မတူမြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံလိုသည့် စာရင်းပေးသွင်းထားသူများထဲမှ အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွားများအား ထိုးနှံပေးခြင်းဖြစ်ပြီး ယခုအသုတ်တွင် ကာကွယ်ဆေး လူဦးရေ ၈၀ အတွက်ရရှိသဖြင့် အသက် ၆၀ နှင့်အထက် သက်ကြီးဘိုးဘွား ၈၀ အား ကာကွယ်ဆေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။



အဆိုပါ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးထိုးနှံရာသို့ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှ ဆရာဝန်များ၊ သူနာပြုများ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်အတွင်းရှိဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ မြို့နယ်ကြက်ခြေနီ သူနာပြုတပ်ဖွဲ့နှင့် ပရဟိတအသင်းအဖွဲ့များမှ စေတနာ့ဝန်ထမ်းများက ပူးပေါင်းပါဝင်ကူညီ ဆောင်ရွက်ပေးလျက်ရှိသည်။

နမ္မတူမြို့နယ်တွင် ဇွန် ၁၆ ရက်မှ ယနေ့ နံနက်ပိုင်းအထိ ကိုဗစ်-၁၉ ပိုးတွေ့ရှိသူ ၅၃၈ဦးရှိပြီး ကျန်းမာရေးကောင်းမွန်၍ ဆေးရုံဆင်းခွင့်ရရှိသူ ၃၉၈ဦးရှိကာ ၁၆ ဦး သေဆုံးခဲ့ပြီး ဆေးကုသဆဲ ပိုးတွေ့လူနာ ၁၂၄ ဦးရှိကြောင်း မြို့နယ်ပြည်သူ့ဆေးရုံမှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

လူမော် (ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန် ရာနှုန်းပြည့်ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ တနင်္သာရီတိုင်း ဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးပိုလာနိုင်သည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအနည်းငယ်မှ အသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခြောက်ပေခန့် ရှိနိုင်သည်။

မိုး/ဇလ

## ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆေးနှင့် ဆေးပစ္စည်းများ နေ့စဉ်စစ်ဆေးထုတ်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

အကောက်ခွန်ဦးစီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးပစ္စည်းများအား လေကြောင်း၊ နယ်စပ်ဂိတ်အသီးသီးမှ နေ့စဉ်လွယ်ကူချောမွေ့စွာ စစ်ဆေးထုတ်ပေးလျက်ရှိသည်။

ထိုသို့ထုတ်ပေးရာတွင် စက်တင်ဘာ ၁၉ ရက်က ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကုမ္ပဏီသုံးခုမှ Pantabrooks Injection အခု ၂၀၀၀၊ Oxygen Concentrator အခု ၄၀၀၊ နယ်စပ်(မြဝတီ၊ ချင်းရွှေဟော်) တွင် ကုမ္ပဏီကိုးခုတို့မှ Oxygen Cylinder အခု ၈၀၀၊ Oxygen Concentrator ၁၂ ခု၊ Mask ၆၀၅၀ Kg ၊ Cannula အခု ၅၀၀၀၊ Oxygen Plant လေးခုတို့ကို ထုတ်ပေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



## ကိုဗစ်- ၁၉ ရောဂါအား ကာကွယ်၊ ထိန်းချုပ်၊ ကုသရာတွင် အသုံးများသည့် ဆေးဝါးများ၏ ပေါက်ဈေးများ

(၁၉-၉-၂၀၂၁)ညနေ ၆ နာရီအချိန်အထိဈေးနှုန်း

| No | Product Name | Pack Size | Price in Kyats (Retail) | Company Name |
|---|---|---|---|---|
| **Antibiotics** | | | | |
| 1 | Injection-Cefopera-zone and Sulbactam 1G | Vial | 4900 | Ready Medicine |
| 2 | Injection-Cefoperazone and Sulbactam 2G | Vial | 9300 | Ready Medicine |
| 3 | Injection - Meropenam | 1g/Vial | 10000 | AA Medical |
| **Anti-inflammatory** | | | | |
| 4 | P.O Dexamethasone | Box of 10x10's | 1450 | JDS |
| 5 | P.O Prednisolone | Box of 10x10 | 2000 | Aorta |
| 6 | Injection-Dexamethasone | Vial | 160 | Aorta |
| **Antiviral** | | | | |
| 7 | P.O Favipiravir 400 mg | 2X10 Tablet | 50000 | AA Medical |
| 8 | Injection - Remdesivir | Vial | 70000 | GHI |
| **Anti thrombosis** | | | | |
| 9 | Injection Enoxaprim 40 mg | 1 Pre-Filled Syringe | 7000 | Nyi Lay Naing |
| 10 | Injection Enoxaprim 60 mg | 1 Pre-Filled Syringe | 9000 | Nyi Lay Naing |

အခြားဆေးဝါးများ၏ ဈေးနှုန်းများကို Website (www.mccpmd.org) နှင့် Facebook Page https://www.facebook.com/ 32330252139 2189/posts/ 1720802588308835/ ?d=n တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။






နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ လားရှိုးမြို့ ခရိုင်အားကစားကွင်းအား ကြည့်ရှုစစ်ဆေးစဉ်။

*❊ ရှေ့ဖုံးမှ*

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်၊ Jeng Phang နော်တောင်၊ ဦးစိုင်းလုံးဆိုင်၊ ဦးရွှေကြိမ်း၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိမ်းဇံ၊ ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်း၊ ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် နိုင်နိုင်ဦး၊ ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများ၊ ဌာနဆိုင်ရာဝန်ထမ်းများ၊ ခရိုင်၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် မြို့မိမြို့ဖများ တက်ရောက်ကြသည်။

### ရှင်းလင်းတင်ပြ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဒေါက်တာ ကျော်ထွန်းနှင့် အဖွဲ့ဝင်များက လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ရှမ်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ထားရှိမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်သွားမည့်အခြေအနေများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်ရေးလုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများနှင့် ကာကွယ်ဆေးထိုးနှံဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ပြည်နယ်ဆိုင်ရာ အထွေထွေအချက်အလက်များကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် “ဝ”ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဥက္ကဋ္ဌ ဦးညီနပ်၊ ကိုးကန့်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးမြင့်ဆွေ၊ ပလောင်ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဥက္ကဋ္ဌ ဦးတာသိန်းဇော်တို့က ဒေသဖွံ့ဖြိုးရေးဆိုင်ရာများနှင့် ပတ်သက်၍ ၎င်းတို့ဒေသများတွင် စက်မှုဇုန်၊ ဟိုတယ်ဇုန်များ ဆောင်ရွက်ပေးနိုင်ရေး စိုက်ပျိုးမွေးမြူရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့တွင် အဆင့်မြှင့်တင်ပေးနိုင်ရေးတို့နှင့် ပတ်သက်၍ တင်ပြကြပြီး လားရှိုးခရိုင်အုပ်ချုပ်ရေးမှူးက လားရှိုးမြို့ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

**❒ စိုက်ပျိုးမွေးမြူရေးအဆင့်မြှင့်တင်ရန် လိုအပ်ချက်များ၊ အားကစားကဏ္ဍ အဆင့်မြှင့်တင်ရေးဆိုင်ရာများကို ဖြည့်ဆည်းဆောင်ရွက်**

**❒ လက်ဖက်သီးနှံ အထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးသွားမည်**

**❒ ရှမ်းပြည်နယ်တွင် လက်ဖက်စိုက်ဧက ၆၀၀၀၀ ခန့် ရှိသည့်အတွက် အထွက်နှုန်းကောင်းပြီး တန်ဖိုးမြင့် လက်ဖက်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ ဒေသ စီးပွားရေးကိုလည်း ဖွံ့ဖြိုးတိုးတက်စေမည်**

### ဈေးကွက်ရရှိရေး

တင်ပြချက်များနှင့် ပတ်သက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးတင်ထွဋ်ဦး၊ ဦးလှမိုး၊ ဦးခင်မောင်ရီ၊ ဒေါက်တာ သက်ခိုင်ဝင်း၊ ဦးမင်းသိမ်းဇံတို့က နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများ အရှိန်အဟုန်မပြတ်စေရေးအတွက် ကုန်သွယ်ရေးစခန်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ဆောင်ရွက်နေသည့်အခြေအနေများ၊ လမ်းပန်းဆက်သွယ်မှုဆိုင်ရာ အဆင်ပြေချောမွေ့စေရေး ဆောင်ရွက်ပေးမည့်အခြေအနေများနှင့် ပို့ကုန်လုပ်ငန်းများကို အဆင့်မီသည့် သယ်ယူပို့ဆောင်မှုဖြစ်စေရေး လုပ်ဆောင်လျက်ရှိသည့် အခြေအနေများ၊ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အရည်အသွေးပြည့်ဝစွာ ထုတ်လုပ်ပြီး ပြည်တွင်းဈေးကွက်သာမက ပြည်ပဈေးကွက်များသို့ တင်ပို့နိုင်ရေး ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ ဒေသတွင်း စိုက်ပျိုးမွေးမြူရေးပညာရှင်များ ပေါ်ထွက်လာရေးအတွက် စိုက်ပျိုးရေးသိပ္ပံဖွင့်လှစ်ပေးမည့် အခြေအနေများနှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်းနှင့် ဒေသများ၏ အဆိုပြုချက်များနှင့် ပတ်သက်၍လည်း အမြန်ဆုံးဆောင်ရွက်ပေးသွားမည့် အခြေအနေများ၊ မွေးမြူရေးနှင့် ပတ်သက်၍ ဒေသနှင့်ကိုက်ညီသည့် မျိုးကောင်းမျိုးသန့်များရရှိရေးနှင့် ရောဂါကင်းစင်သည့် မွေးမြူရေးစနစ်ဖြစ်စေရေး၊ ဈေးကွက်ရရှိရေးတို့အတွက် လုပ်ဆောင်ပေးမည့် အခြေအနေများ။

### အဓိကထားဆောင်ရွက်လျက်ရှိ

ကျေးလက်ဒေသဖွံ့ဖြိုးရေးအတွက် လမ်းပန်းဆက်သွယ်မှုကောင်းမွန်ရေး၊ ရေရရှိရေး၊ မီးရရှိရေးတို့ကို အဓိကထားဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် ပစ္စည်းကိရိယာလိုအပ်ချက်၊ အရင်းအနှီးလိုအပ်ချက်များကို ကူညီဖြည့်ဆည်းပေးသွားမည့် အခြေအနေများ၊ တစ်နိုင်တစ်ပိုင်လုပ်ငန်းများ လုပ်ဆောင်နိုင်စေရေး နည်းပညာနှင့် မတည်ငွေထုတ်ပေးသွားမည်ဖြစ်ပြီး သမဝါယမအသင်းများ စနစ်တကျဖွဲ့စည်းရန် လိုအပ်သည့် အခြေအနေများ၊ ရှမ်းပြည်နယ်သည် နယ်စပ်ထိစပ်မှု နယ်နိမိတ်ရှည်လျားသည့်အတွက် ဒေသတွင်း သယံဇာတများကို ပြင်ပသို့ တရားမဝင်ထုတ်လုပ်တင်ပို့မှုမရှိစေရေး ထိန်းသိမ်းဆောင်ရွက်ရန် လိုအပ်သည့် အခြေအနေများ၊ ကျန်းမာရေးဆိုင်ရာတင်ပြချက်များနှင့် ပတ်သက်၍ ကျန်းမာရေးဝန်ထမ်းနှင့် ဆေးပစ္စည်းလိုအပ်ချက်များကို

*စာမျက်နှာ ၄ သို့*

*စာမျက်နှာ ၃ မှ*

ဖြည့်ဆည်းဆောင်ရွက်ပေးမည့် အခြေအနေများနှင့် ဆေးရုံများ ဖွဲ့စည်းပုံတိုးချဲ့ရေးနှင့် ပတ်သက်၍ မြေပြင်လိုအပ်ချက်ကို စိစစ်ဆောင်ရွက်သွားမည့် အခြေအနေများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ တစ်မျိုးသားလုံး၏ အားကစားအဆင့်မြှင့်တင်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်နှင့်အညီ ရှမ်းပြည်နယ်အတွင်း လိုအပ်လျက်ရှိသည့် အားကစားကွင်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး နိုင်ငံ့ဂုဏ်ဆောင် အားကစားသမားများ ပေါ်ထွက်လာရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် ပတ်သက်၍ အသီးသီးပြန်လည် ဆွေးနွေးခဲ့ကြသည်။

## ဖြည့်ဆည်းဆောင်ရွက်ပေးမည်

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် တင်ပြချက်များတွင် ပါဝင်သည့် စိုက်ပျိုးမွေးမြူရေးအဆင့်မြှင့်တင်ရန် လိုအပ်ချက်များ၊ အားကစားကဏ္ဍ အဆင့်မြှင့်တင်ရေးဆိုင်ရာများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ လက်ဖက်သီးနှံ အထွက်နှုန်းတိုးတက်ရေးအတွက် နည်းပညာနှင့် မျိုးကောင်းမျိုးသန့်ရရှိရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်တွင် လက်ဖက်စိုက်ဧက ၆၀၀၀၀ ခန့် ရှိသည့်အတွက် အထွက်နှုန်းကောင်းပြီး တန်ဖိုးမြင့် လက်ဖက်ထုတ်ကုန်များ ထုတ်လုပ်နိုင်မည်ဆိုပါက အလုပ်အကိုင်အခွင့်အလမ်းများရရှိကာ ဒေသစီးပွားရေးကိုလည်း ဖွံ့ဖြိုးတိုးတက်စေမည်ဖြစ်ကြောင်း။

## ပြောင်းလဲလုပ်ဆောင်

စိုက်ပျိုးရေးတွင် မျိုး၊ မြေ၊ ရေ၊ နည်းဟူ၍ လေးမျိုးသာရှိပြီး မျိုးကောင်းရန်၊ မြေနှင့် ရေကောင်းရန်၊ စိုက်နည်းစနစ်မှန်ကန်ရန်နှင့် လိုအပ်သည့် သွင်းအားစုများကိုလည်း ပြည့်ပြည့်ဝဝဖြင့် ထည့်သွင်းအသုံးပြုရန်လိုကြောင်း၊ အထွက်နှုန်းတိုးအောင် ဆောင်ရွက်နိုင်ပါက ဒေသခံတောင်သူများ၏ လူမှုစီးပွားဘဝကို တိုးတက်စေမည်ဖြစ်ကြောင်း၊ လူသားတို့တွင် ကျန်းမာကြံ့ခိုင်ဖွံ့ဖြိုးရန်၊ ရောဂါဘယကင်းစင်ရန် လိုအပ်သည့် အာဟာရနှင့်ဆေးဝါးတို့ကို မှီဝဲရသကဲ့သို့ စိုက်ပျိုးရေးဆောင်ရွက်ရာ၌လည်း လိုအပ်သည့် အစာအာဟာရနှင့် ဆေးဝါးတို့ကို နည်းစနစ်တကျ တိုက်ကျွေးမှသာလျှင် အရည်အသွေးပြည့်မီသည့် စိုက်ပျိုးရေးထုတ်ကုန်များ ထွက်ရှိလာနိုင်မည်ဖြစ်ကြောင်း၊ မိရိုးဖလာစိုက်ပျိုးနည်းစနစ်များကို ပစ်ပယ်၍မရသကဲ့သို့ ခေတ်မီပြီး စနစ်ကျနသည့် စိုက်ပျိုးမွေးမြူရေးပုံစံဖြစ်အောင် ပြောင်းလဲလုပ်ဆောင်ကြရန် တိုက်တွန်းလိုကြောင်း။

ထိုကဲ့သို့ အရည်အသွေးမြင့်ပြီး အောင်မြင်သည့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖြစ်ပေါ်လာရေးအတွက် စိုက်ပျိုးမွေးမြူရေး အသိပညာဗဟုသုတနှင့် ပြည့်စုံသည့် အသိပညာရှင် အတတ်ပညာရှင်များ လိုအပ်မည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံသည် စိုက်ပျိုးမွေးမြူရေးကို အဓိကလုပ်ကိုင်သည့် နိုင်ငံဖြစ်သော်လည်း စိုက်ပျိုးမွေးမြူရေးနှင့် ပတ်သက်သည့် တက္ကသိုလ်တစ်ခုသာရှိသည်ကို တွေ့ရှိရသဖြင့် စိုက်ပျိုးမွေးမြူရေးသိပ္ပံများ၊ ကောလိပ်များ ထိုမှတစ်ဆင့် တက္ကသိုလ်များကို ဖွင့်လှစ်သင်ကြားပေးနိုင်ရေး စီမံဆောင်ရွက်လျက်ရှိကြောင်း၊ ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့ကို ဗဟိုပြု၍ စိုက်ပျိုးမွေးမြူရေးသိပ္ပံ သို့မဟုတ် ကောလိပ်တစ်ခု ဖွင့်လှစ်အခြေတည်နိုင်ရေး ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံတွင် ဆီဖူလုံမှုအားနည်းပြီး စားဆီနှင့် သုံးဆီကို နှစ်စဉ် ဘီလီယံနှင့်ချီ၍ တင်သွင်းနေရကြောင်း၊ ဆီသုံးစွဲမှုများကို ချွေတာနိုင်ရေးအတွက် လျှပ်စစ်စွမ်းအားဖြင့် အသုံးပြုနိုင်သည့် သယ်ယူပို့ဆောင်ရေးနည်းလမ်းများ ဥပမာအားဖြင့်- လျှပ်စစ်ရထား၊ လျှပ်စစ်ဘတ်စ်ကား၊ မြေအောက်ရထား စသည်ဖြင့် စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ စားဆီထုတ်လုပ်မှုမြင့်မားရေးအတွက် ဆီထွက်ကုန်သီးနှံများကို အထွက်နှုန်းကောင်းမွန်အောင် လုပ်ဆောင်ပေးရမည်ဖြစ်ကြောင်း။

## စနစ်တကျစဉ်းစားတွက်ချက်

သစ်တောဆိုင်ရာများနှင့် ပတ်သက်၍ သစ်တောဖုံးလွှမ်းမှုနှင့် သစ်တောစိုက်ခင်းများ အောင်မြင်သည်ကို တွေ့ရှိရသည့်အတွက် ဝမ်းမြောက်မိပါကြောင်း၊ နည်းပညာမြင့် သစ်တောထုတ်ကုန်လုပ်ငန်းများ ဆောင်ရွက်ရန်လိုအပ်ပြီး ဒေသတွင်း သယံဇာတကြွယ်ဝသည့် သစ်နှင့်ဝါး ကုန်ချောထုတ်ကုန်များ ထုတ်လုပ်နိုင်ရေး စဉ်းစားလုပ်ဆောင်ကြစေလိုကြောင်း၊ ဆန်နှင့်ပတ်သက်၍ တစ်ဧကအထွက်နှုန်း ယခုထက်တိုးတက်အောင် လုပ်ဆောင်ကြစေလိုကြောင်း၊ အများသုံးဆန်အပြင် ဒေသဆန်ဖြစ်သည့် ကောက်ညှင်းအထွက်နှုန်းကိုလည်း ကောင်းမွန်အောင် လုပ်ဆောင်ကာ ဒေသ၏ ပင်မထွက်ကုန်ဖြစ်အောင် လုပ်ဆောင်ရန်လိုကြောင်း၊ ကောက်ညှင်းဆန်မျိုးကို ထိန်းထားနိုင်ရန်လည်း လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ပြည်ပသို့ တင်ပို့ရောင်းချရာတွင် စပါးတင်ပို့ရောင်းချမှုများကို အားမပေးလိုကြောင်းနှင့် ဒေသတွင်း၌ပင် စပါးမှ ဆန်ထုတ်လုပ်ပါက ဆန်စက်များ လည်ပတ်နိုင်မည်၊ ဖွဲ၊ ဆန်ကွဲကဲ့သို့ ဆန်ထွက်ပစ္စည်းများမှ တိရစ္ဆာန်အစာများ ထုတ်လုပ်နိုင်မည်ဖြစ်ပြီး ဒေသတွင်း၌လည်း အလုပ်အကိုင်အခွင့်အလမ်းများ ပိုမိုရရှိစေနိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် စနစ်တကျစဉ်းစားတွက်ချက် လုပ်ဆောင်ကြစေလိုကြောင်း၊ မိုးရေချိန်အသင့်အတင့်ရရှိသည့် ဒေသဖြစ်သဖြင့် ရေရှားပါးမှုဖြစ်ပေါ်နေသည်မှာ သဘာဝမကျကြောင်း၊ ရေအရင်းအမြစ်များကို ရှာဖွေပြီး ရေစုဆောင်းခြင်းနှင့် ဖြန့်ဝေခြင်းလုပ်ငန်းများကို မဖြစ်မနေရရှိအောင် လုပ်ဆောင်ရန်လိုကြောင်း။

## ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်

ထိုကဲ့သို့ ဒေသတွင်း ထုတ်ကုန်များမြင့်မားရေး၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကလိုအပ်ချက်မှာ လျှပ်စစ်စွမ်းအားပင်ဖြစ်သည့်အတွက် ဒေသတွင်း လျှပ်စစ်ဖူလုံရေး၊ သဘာဝအရင်းအမြစ်များမှ လျှပ်စစ်စွမ်းအားထုတ်ယူနိုင်ရေးအတွက် စဉ်းစားလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ဒေသဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် လုပ်ဆောင်နိုင်သည်မှန်သမျှကို ဦးစားပေးစဉ်းစားဆောင်ရွက်ကြစေလိုပြီး ထိုမှတစ်ဆင့် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို စဉ်းစားရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်တိုးတက်ရေးအတွက် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တာဝန်ရှိသူများက လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ တိုင်း၊ ဒေသဦးစီးအဖွဲ့များအနေဖြင့်လည်း ဒေသအတွက် လုပ်ဆောင်နိုင်သည် မှန်သမျှကို စဉ်းစားဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ဒေသတွင်း အဆင့်မြင့်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအပြင် ခေတ်နှင့်အညီ ပြောင်းလဲလာသည့် ဆောက်လုပ်ရေးလိုအပ်ချက်များဖြစ်သည့် ဘိလပ်မြေ၊ သံမဏိ၊ ဓာတ်မြေဩဇာထုတ်လုပ်ရေး လုပ်ငန်းများကိုလည်း ထည့်သွင်းစဉ်းစားရန်လိုကြောင်း၊ ဒေသတွင်းဝင်ငွေကောင်းပြီး စီးပွားရေးတောင့်တင်းပါက သာယာလှပရေးလုပ်ငန်းများကို လုပ်ဆောင်နိုင်မည်ဖြစ်ပြီး မီးခိုးမထွက်သည့် စီးပွားရေးလုပ်ငန်းတစ်ခုဖြစ်သည့် ခရီးသွားလုပ်ငန်းများကိုလည်း လုပ်ဆောင်လာနိုင်မည်ဖြစ်ကြောင်း၊ အိမ်သာလျှင် ဧည့်လာမည်ဖြစ်ကြောင်း၊ ဒေသတွင်းသို့ လာရောက်သူများပြားလာပါက ဒေသထွက်ကုန်၊ ထုတ်ကုန်များသည်လည်း ပိုမိုရောင်းချလာနိုင်မည်ဖြစ်ပြီး ဒေသ၏ အကျိုးစီးပွားကို ပိုမိုဖွံ့ဖြိုးတိုးတက်နိုင်မည်ဖြစ်ကြောင်း၊ ထို့ကြောင့် မိမိတို့တာဝန်ထမ်းဆောင်နေရသည့် ဒေသ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေးကဏ္ဍ၊ ပညာရေးကဏ္ဍ၊ အားကစားကဏ္ဍ အဆင့်မြှင့်တင်နိုင်ရေးတို့အတွက် အဆင့်ဆင့် တာဝန်ယူဆောင်ရွက်ကြရန်လိုကြောင်း၊ တိုင်းပြည်သာယာဝပြောရေးနှင့် စားနပ်ရိက္ခာဖူလုံပေါများသည့် တိုင်းပြည်တစ်ခုဖြစ်အောင် ကြိုးပမ်းဖော်ဆောင်ကြရန်လိုကြောင်း အကြံပြုတိုက်တွန်းပြောကြားပြီး နိုင်ငံတော်တွင် ဖြစ်ပေါ်ခဲ့သည့် နိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများကို ဆွေးနွေးပြောကြားသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များအား ပြည်နယ်ဝန်ကြီးချုပ်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း၊ ဒေသများမှ တာဝန်ရှိသူများက ဒေသထွက်ကုန်ပစ္စည်းများကို အမှတ်တရပေးအပ်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ ခရိုင်အားကစားကွင်းအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပြီး အားကစားကွင်း အဆင့်မြှင့်တင်ရေးနှင့်ပတ်သက်၍ လိုအပ်သည်များ မှာကြားခဲ့သည်။

## ဖူးမြော်ကြည်ညို

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ သီရိမင်္ဂလာမန်ဆူရှမ်းကျောင်းတိုက်သို့သွားရောက်၍ လားရှိုးမြို့ နိုင်ငံတော်ဩဝါဒါစရိယ မဟာဗောဓာရုံကျောင်းတိုက်ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တနာရဒ အား ဖူးမြော်ကြည်ညိုကာ ဆရာတော်ကြီး၏ ကျန်းမာရေးဆိုင်ရာများနှင့် ဘာသာရေးဆိုင်ရာတို့ကို မေးမြန်းလျှောက်ထားခဲ့ပြီး လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ လားရှိုးမြို့ နိုင်ငံတော်ဩဝါဒါစရိယ မဟာဗောဓာရုံကျောင်းတိုက် ဆရာတော် မဟာဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တ နာရဒထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**❐ ဒေသတွင်း အဆင့်မြင့်စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများအပြင် ခေတ်နှင့်အညီ ပြောင်းလဲလာသည့် ဆောက်လုပ်ရေးလိုအပ်ချက်များဖြစ်သည့် ဘိလပ်မြေ၊ သံမဏိ၊ ဓာတ်မြေဩဇာ ထုတ်လုပ်ရေးလုပ်ငန်းများကိုလည်း ထည့်သွင်းစဉ်းစားရန်လို**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် လားရှိုးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တွေ့ဆုံအမှာစကား ပြောကြားစဉ်။

# နိုင်ငံတော်ကို အုပ်ချုပ်ရာတွင် တစ်ဗိုလ်တစ်မင်းဖြစ်နေ၍ မရနိုင်ဘဲ မှန်ကန်သည့် အဆင့်ဆင့် ကွပ်ကဲအုပ်ချုပ်မှုရှိရမည်ဖြစ်သဖြင့် ခိုင်မာသည့်အဖွဲ့အစည်း၊ ပါတီတို့ပူးပေါင်းဆောင်ရွက်မှသာလျှင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ဖော်ဆောင်နိုင်မည်

**နေပြည်တော် စက်တင်ဘာ ၁၉**

တပ်မတော်သည် ခေတ်အဆက်ဆက်ကတည်းကပင် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်လျက်ရှိသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပြီး နောင်တွင်လည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသသည် တိုင်းရင်းသားလူမျိုးစုများ အဓိကနေထိုင်သည်ဖြစ်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် ဒေသတွင်းဖြစ်ပေါ်သည့် အခက်အခဲများကို တိုင်းရင်းသားများနှင့်အတူ အေးအတူပူအမျှလုပ်ဆောင်၍ လက်တွဲဖြေရှင်းကြရမည်ဖြစ်ကြောင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ယနေ့နံနက်ပိုင်းတွင် လားရှိုးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများအား တိုင်းစစ်ဌာနချုပ်ခန်းမ၌ တွေ့ဆုံအမှာစကားပြောကြားစဉ် ထည့်သွင်းပြောကြားသည်။

### တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဇနီး ဒေါ်ကြူကြူလှ၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများနှင့် ဇနီးများ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်နိုင်နိုင်ဦးနှင့် လားရှိုးတပ်နယ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုများ တက်ရောက်ကြသည်။

### ထိန်းသိမ်းလုပ်ဆောင်သွားရမည်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကားပြောကြားရာတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်နယ်မြေသည် နိုင်ငံတော်၏ အရှေ့ဘက်ခြမ်းနယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး တာဝန်များကို ထမ်းဆောင်နေရသည့် နယ်မြေတစ်ခုဖြစ်ကြောင်း၊ လွတ်လပ်ရေးနှင့်အတူ မွေးဖွားခဲ့သည့် တပ်မတော်သည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ ပြည်တွင်းပဋိပက္ခနှိမ်နင်းရေး တာဝန်များကိုခေတ်အဆက်ဆက် ထမ်းဆောင်ခဲ့ရာတွင် ပြည်သူတို့၏ အသက်အိုးအိမ်နှင့် အကျိုးစီးပွားတို့ကိုလည်း အစဉ်တစိုက်ကာကွယ်စောင့်ရှောက်ခဲ့သည်ကို အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် သိရှိပြီးဖြစ်ကြောင်း၊ တပ်မတော်၏ဆန္ဒဖြစ်သည့် တည်ငြိမ်အေးချမ်းပြီး ဖွံ့ဖြိုးတိုးတက်သည့်နိုင်ငံတော်ဖြစ်စေရေးအတွက် ကြိုးပမ်းအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာတွင် ပြည်သူနှင့်တစ်သားတည်းဖြစ်အောင်လုပ်ဆောင်၍ ပြည်သူ၏လိုအပ်ချက်၊ တိုင်းပြည်၏လိုအပ်ချက်တို့ကို တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော်လည်းကောင်း လုပ်ဆောင်ပေးခဲ့သည်ကို သမိုင်းကြောင်းများတွင် တွေ့ရှိနိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ မှန်မြတ်ပြီး ကောင်းမွန်သည့် တပ်မတော်၏ အစဉ်အလာကောင်းများကို ဆက်လက်ထိန်းသိမ်းလုပ်ဆောင်သွားရမည်ဖြစ်ကြောင်း။

မိမိတို့နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ဖြစ်ပေါ်ခဲ့စဉ်တွင်လည်း တပ်မတော်အနေဖြင့် ကြိုတင်ပြင်ဆင်မှုများလုပ်ဆောင်ခဲ့ပြီး ကျန်းမာရေးဝန်ထမ်း၊ စက်ကိရိယာနှင့် အထောက်အကူပြု ဆေးဝါးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့သည့်အပြင် ဆေးရုံတက်ရောက်ကုသမှုခံယူနေရသူများ၊ လူနာစောင့်များ၊ ကျန်းမာရေးဝန်ထမ်းများအတွက် အာဟာရဖြည့်စွက်စာများ လှူဒါန်းခြင်းနှင့် အထွေထွေလိုအပ်ချက်များ ဖြည့်ဆည်းပေးခြင်းတို့ကိုလည်း လုပ်ဆောင်ပေးခဲ့ပြီး ယခုထက်ထိလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ တပ်မတော်သည် ခေတ်အဆက်ဆက်ကတည်းကပင် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူတို့၏ အကျိုးစီးပွားကို ရှေးရှုဆောင်ရွက်လျက်ရှိသည်မှာ ယနေ့ထက်တိုင်ပင်ဖြစ်ပြီး နောင်တွင်လည်း ဆက်လက်ထိန်းသိမ်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

### ဦးစားပေးလုပ်ဆောင်

တပ်မတော်အနေဖြင့် ၂၀၁၁ ခုနှစ် ဒီမိုကရေစီအစိုးရပထမသက်တမ်း ကာလကတည်းကပင် နိုင်ငံတော်ကာကွယ်ရေးနှင့် ပြည်သူအကျိုးပြုလုပ်ငန်းများကိုသာ ဦးစားပေးလုပ်ဆောင်ခဲ့ကြောင်း၊ တိုင်းပြည်တိုးတက်ရေးနှင့် ပြည်သူလူထု၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည်များကို အစိုးရနှင့် အတွဲညီညီဆောင်ရွက်ခဲ့ကြောင်း၊ ၂၀၁၅ ခုနှစ် ရွေးကောက်ပွဲအပြီးတွင် ဒီမိုကရေစီအစိုးရသစ်တစ်ရပ်တက်လာခဲ့ပြီး ငါးနှစ်တာ ကာလအုပ်ချုပ်ခဲ့ကာ စီမံခန့်ခွဲရေး၊ စီးပွားရေးနှင့် ကဏ္ဍပေါင်းစုံတွင် လိုအပ်ချက်များ ဖြစ်ပေါ်ခဲ့သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကာကွယ်ရေး၊ လုံခြုံရေးနှင့် အခြားကဏ္ဍများ၌ တပ်မတော်မှ ဖြစ်သင့်ဖြစ်ထိုက်သည်များကို အကြံပြုထောက်ပြခဲ့သော်လည်း စစ်ဘက် အရပ်ဘက် ပူးပေါင်းဆောင်ရွက်မှု အားနည်းခဲ့ကြောင်း။

### လေးစားလိုက်နာရမည်

လက်ရှိနိုင်ငံရေးဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေများနှင့် ပတ်သက်၍ အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် သိရှိပြီးဖြစ်မည်ဖြစ်ကြောင်း၊ ၂၀၂၀ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲစာရင်းကြီးမားစွာ မှားယွင်းမှုများကို စိစစ်တွေ့ရှိရပြီး နိုင်ငံရေးအရ အရေးပေါ်ကြေညာတာဝန်ယူခဲ့ရခြင်းဖြစ်သဖြင့် အခြေခံဥပဒေအတိုင်းသာ ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ပြည်သူလူထုတစ်ရပ်လုံး ဆန္ဒမဲပေး၍ အတည်ပြုထားသည့် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) ခုနှစ်ပါ ဥပဒေပြဋ္ဌာန်းချက်များကို လေးစားလိုက်နာရမည်ဖြစ်ကြောင်း၊ အခြေခံဥပဒေတွင် လိုအပ်ချက်၊ အားနည်းချက်များ ရှိကောင်းရှိမည်ဖြစ်သော်လည်း တိုင်းပြည်နှင့်ပြည်သူကို အကာအကွယ်ပေးထားသည့် ကောင်းမွန်သည့် အချက်များစွာလည်းပါရှိကြောင်း။

တပ်မတော်အနေဖြင့် နိုင်ငံတော်၏တာဝန်များကိုထမ်းဆောင်ခဲ့ရပြီးနောက်ပိုင်း နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းကာ ရှေ့လုပ်ငန်းစဉ် ၅ ရပ်၊ ဦးတည်ချက် ၉ ရပ်ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ *စာမျက်နှာ ၆ သို့*

**❊ အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ရမည့်လုပ်ငန်းမှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဖြစ်**

**❊ နိုင်ငံရေးအရ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်(၂)ခုမှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စု တည်ဆောက်ရေးတို့ပင်ဖြစ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စားသောက်ဖွယ်ရာများကို တိုင်းမှူးထံ ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှ မိခင်နှင့်ကလေး ထောက်ပံ့ငွေကို တိုင်းမှူး၏ဇနီးထံ ပေးအပ်စဉ်။

*စာမျက်နှာ ၅ မှ*

ထိုသို့ဆောင်ရွက်လျက်ရှိရာတွင် အမျိုးသားရေးအရ လုပ်ဆောင်ရမည့်အချက် တစ်ချက်နှင့် နိုင်ငံရေးအရ လုပ်ဆောင်ရမည့် အချက်နှစ်ချက်ရှိကြောင်း၊ **အမျိုးသားရေးလုပ်ငန်းစဉ်အဖြစ် ဆောင်ရွက်ရမည့် လုပ်ငန်းမှာ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးဖြစ်ကြောင်း၊ နိုင်ငံရေးအရ လုပ်ဆောင်ရမည့် လုပ်ငန်းစဉ်နှစ်ခုမှာ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးတို့ပင်ဖြစ်ကြောင်း၊** အထက်ပါ အချက်သုံးချက်ကို ဒို့တာဝန်အရေးသုံးပါးကဲ့သို့ပင် ခံယူဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံသည် ပြည်မကိုဗဟိုပြု၍ တိုင်းရင်းသားဒေသများဖြင့် ပေါင်းစည်းထားသည့် ပြည်ထောင်စုနိုင်ငံတစ်ခုဖြစ်ကြောင်း၊ ဘာသာရေးအရ၊ တိုင်းရင်းသားရေးအရ အယူအဆကွဲလွဲမှုများကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်၍ ဒီမိုကရေစီနှင့် ဖက်ဒရယ်ကိုအခြေခံသည့်၊ မိမိတို့နိုင်ငံနှင့် ကိုက်ညီသည့် အုပ်ချုပ်မှုပုံစံမျိုးကို ကျင့်သုံးနိုင်ရေး ကြိုးပမ်းလုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ကို အုပ်ချုပ်ရာတွင် တစ်ဗိုလ်တစ်မင်းဖြစ်နေ၍ မရနိုင်ဘဲ မှန်ကန်သည့် အဆင့်ဆင့်ကွပ်ကဲအုပ်ချုပ်မှုရှိရမည်ဖြစ်သဖြင့် ခိုင်မာသည့်အဖွဲ့အစည်း၊ ပါတီတို့ ပူးပေါင်းဆောင်ရွက်မှသာလျှင် အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်ကို ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်း။

**အေးအတူပူအမျှလုပ်ဆောင်**

တပ်မတော်၏ အဓိကတာဝန်သည် နိုင်ငံတော်ကာကွယ်ရေးတာဝန်ဖြစ်သဖြင့် စွမ်းရည်စွမ်းအားရှိသည့် တပ်မတော်ဖြစ်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) ဒေသသည် တိုင်းရင်းသားလူမျိုးစုများ အဓိကနေထိုင်သည်ဖြစ်သဖြင့် အရာရှိ၊ စစ်သည်၊ မိသားစုများအနေဖြင့် ဒေသတွင်းဖြစ်ပေါ်သည့် အခက်အခဲများကို တိုင်းရင်းသားများနှင့်အတူ အေးအတူပူအမျှလုပ်ဆောင်၍ လက်တွဲဖြေရှင်းကြရမည်ဖြစ်ကြောင်း၊ မည်သည့်လုပ်ငန်းကိုဆောင်ရွက်သည်ဖြစ်စေ စီမံခန့်ခွဲမှုကောင်းစွာဖြင့် မိမိအလုပ်ကို စေတနာထား၍ မှန်မှန်ကန်ကန်ဖြင့် လုပ်ဆောင်မည်ဆိုပါက ကောင်းမွန်သည့် အကျိုးအမြတ်များရရှိနိုင်မည်ဖြစ်သဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို တတ်စွမ်းသရွေ့ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း။

**❑ တပ်မတော်သားတိုင်းသည် နိုင်ငံတော်နှင့်ပြည်သူကို ကာကွယ်မည်ဟူသည့် မွန်မြတ်သည့်စိတ်ဆန္ဒဖြင့် တပ်မတော်သို့ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှမပါရှိဘဲ Volunteer ဝင်ရောက်အမှုထမ်းကြသူများ ဖြစ်သည့်အတွက် မိမိတို့ထမ်းဆောင်နေသည့် တာဝန်အပေါ် ခံယူချက်၊ ယုံကြည်ချက် နက်နက်ရှိုင်းရှိုင်းဖြင့် တာဝန်ထမ်းဆောင်ရန်နှင့် တပ်မတော်သားတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံရမည်**

**ကာကွယ်ရေးအမြင် ရှိနေရမည်**

**တပ်မတော်သားတိုင်းသည် နိုင်ငံတော်နှင့် ပြည်သူကို ကာကွယ်မည်ဟူသည့် မွန်မြတ်သည့် စိတ်ဆန္ဒဖြင့် တပ်မတော်သို့ မည်သူတစ်ဦးတစ်ယောက်၏ တိုက်တွန်းချက်မှမပါရှိဘဲ Volunteer ဝင်ရောက် အမှုထမ်းကြသူများဖြစ်သည့်အတွက် မိမိတို့ထမ်းဆောင်နေသည့် တာဝန်အပေါ် ခံယူချက်၊ ယုံကြည်ချက် နက်နက်ရှိုင်းရှိုင်းဖြင့် တာဝန်ထမ်းဆောင်ရန်နှင့် တပ်မတော်သားတစ်ယောက်ပီသစွာ နေထိုင်ကျင့်ကြံရမည်ဖြစ်**ကြောင်း၊ နေ့စဉ်လုပ်ဆောင်နေရသည့် လုပ်ငန်းတာဝန်များသည် တစ်ဦးချင်း၏ ပင်ကိုအရည်အသွေးများကို မြှင့်တင်ပေးနေခြင်းဖြစ်သဖြင့် မိမိတို့၏ ထိုးထွင်းကြံဆမှုဖြင့် ကြုံတွေ့လာရသည့် အခက်အခဲများကို ဆန်းစစ်ပြီး တွေးခေါ်မြော်မြင်မှုဖြင့် ကျော်ဖြတ်နိုင်ရေးအတွက် ဉာဏ်ပညာကို အသုံးချနိုင်ရန်လိုအပ်ကြောင်း၊ ထိုသို့ အသုံးချနိုင်ရေးအတွက် အသိပညာနှင့် ပြည့်စုံရန်လိုအပ်သည့်အတွက် မိမိတို့၏အားလပ်ချိန်များတွင် အကျိုးရှိစေမည့် စာအုပ်စာပေများကို ဖတ်မှတ်ကြရန်လိုကြောင်း၊ ထို့ပြင် လုံခြုံရေးသတိ၊ လုံခြုံရေးသတိအမြဲထားရှိပြီး ကာကွယ်ရေးအမြင် ရှိနေရမည်ဖြစ်ကြောင်း။

**ကြပ်မတ်ထိန်းသိမ်း**

ပညာရေးနှင့် ပတ်သက်၍ အသိပညာဗဟုသုတရရှိရေး မိမိကိုယ်တိုင်စာဖတ်ရန် လိုအပ်သကဲ့သို့ မိမိတို့၏ သားသမီးများ၏ ပညာရည်မြင့်မားမှုရှိစေရေးအတွက်လည်း အားပေးဆောင်ရွက်ကြရန်လိုကြောင်း၊ ရောဂါကူးစက်ဖြစ်ပွားမှုအခြေအနေများအရ ကျောင်းများပိတ်ထားရသော်လည်း မိမိတို့၏ ကလေးငယ်များကို ယခင်သင်ကြားခဲ့သည့် စာပေများကို ဖတ်မှတ်လေ့လာနေစေရမည်ဖြစ်ကြောင်း၊ တပ်မတော်အနေဖြင့် အရာရှိ၊ စစ်သည်များ၊ မိသားစုဝင်များ အသိပညာ ဗဟုသုတ နောက်ကျမကျန်ခဲ့ရစေရေးအတွက် တပ်မတော်ပိုင်စာပေထုတ်လုပ်ရေးလုပ်ငန်းများမှ သတင်းစာ၊ ဂျာနယ်၊ မဂ္ဂဇင်းနှင့် သုတရသ စာအုပ်စာပေများကို ထုတ်ဝေ၍ တပ်ဌာနချုပ်အသီးသီးသို့ ဖြန့်ဝေပေးလျက်ရှိကြောင်း၊ လူတစ်ဦး၏ စာဖတ်အားသည် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးကို များစွာအထောက်အပံ့ပေးနိုင်သည်ဖြစ်သဖြင့် စာဖတ်ကြစေလိုပြီး မိမိတို့၏ ကလေးငယ်များကိုလည်း ပညာရေးလမ်းကြောင်းမှ သွေဖည်မသွားစေရေး ကြပ်မတ်ထိန်းသိမ်းရမည်ဖြစ်ကြောင်း။

**ရည်မှန်းချက်ထားဆောင်ရွက်**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှင့် ပတ်သက်၍ အတိုင်းအတာတစ်ခုအထိ လျော့ကျလာပြီဖြစ်သော်လည်း စည်းကမ်းတင်းကျပ်မှုများကို ဆက်လက်ဆောင်ရွက်ရမည်ဖြစ်ပြီး ကူးစက်ဖြစ်ပွားမှု သိသာစွာကျဆင်းလာသည်အထိ ထိန်းချုပ်နိုင်သည့်အချိန်တွင် ပညာရည်မြှင့်တင်ရေးလုပ်ငန်းများကို ပြန်လည်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ကာကွယ်ဆေးထိုးနှံမှုလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် လုပ်ဆောင်လျက်ရှိပြီး ယခုနှစ်ကုန်ပိုင်းတွင် ကာကွယ်ဆေးထိုးနှံရန်လိုအပ်သည့် လူဦးရေ၏ ၅၀ ရာခိုင်နှုန်းအထိ ထိုးနှံပြီးစီးနိုင်ရေး ရည်မှန်းချက်ထားဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံတော်ကာကွယ်ရေးတာဝန်ထမ်းဆောင်နေသည့် တပ်မတော်အနေဖြင့် မကျန်းမမာဖြစ်နေ၍ မရသည့်အတွက် ကျန်းမာကြံ့ခိုင်ရေး၊ ကိုယ်ခံအားကောင်းမွန်ရေးအတွက် သတ်မှတ်ထားသည့် စည်းမျဉ်းစည်းကမ်းများကို လိုက်နာရန်လိုမည်ဖြစ်သကဲ့သို့ အာဟာရပြည့်ဝရန်နှင့် ကျန်းမာရေးနှင့် ညီညွတ်မျှတသည့် နေထိုင်စားသောက်မှုဖြစ်စေရန် မိမိကိုယ်ကို ထိန်းသိမ်းဆောင်ရွက်ကြရန် လိုအပ်မည်ဖြစ်ကြောင်းဖြင့် မှာကြားသည်။

**ညှိနှိုင်းဆောင်ရွက်**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများ၏ လိုအပ်ချက်များကို မေးမြန်းကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က စားသောက်ဖွယ်ရာပစ္စည်းများကို ပေးအပ်ရာ တိုင်းမှူးက လည်းကောင်း၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၏ဇနီးက မိခင်နှင့်ကလေး ထောက်ပံ့ငွေများကို ပေးအပ်ရာ တိုင်းမှူး၏ ဇနီးက လည်းကောင်း အသီးသီး လက်ခံရယူခဲ့ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် တက်ရောက်လာကြသည့် အရာရှိ၊ စစ်သည်၊ မိသားစုများအား ရင်းရင်းနှီးနှီးနှုတ်ဆက်ခဲ့ကြသည်။

ဆက်လက်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ဇနီးနှင့် အဖွဲ့ဝင်များသည် လားရှိုးမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသည့် အရာရှိ၊ စစ်သည်များအား ရင်းရင်းနှီးနှီး အားပေးစကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

## ကိုဗစ်-၁၉ ကာကွယ်ဆေး

**ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံမှုနှင့်ပတ်သက်၍ ပထမအကြိမ်တွင် ၂ ဒသမ ၁ သန်း၊ ဒုတိယအကြိမ်တွင် ၂ ဒသမ ၆ သန်းကျော် ထိုးနှံနိုင်ခဲ့ပြီဖြစ်ကြောင်း၊ ယခုလအတွင်း ကိုဗစ်-၁၉ ကာကွယ်ဆေး ၁၀ သန်းရောက်ရှိမည်ဖြစ်ပြီး လာမည့်အောက်တိုဘာတွင် ကာကွယ်ဆေး ၁၀ သန်းနှင့် နိုဝင်ဘာလတွင် ကာကွယ်ဆေး ၄ သန်း ထပ်မံရောက်ရှိမည်ဖြစ်ကြောင်း၊ ထို့ပြင် လိုအပ်သည့် ကိုဗစ်-၁၉ ကာကွယ်ဆေးများ ထပ်မံဝယ်ယူနိုင်ရေးကိုလည်း ဆောင်ရွက်လျက်ရှိကြောင်း။**

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၇-၉-၂၀၂၁ ရက်နေ့တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အိမ်စောင့်အစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၂/၂၀၂၁) ၌ ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

# ပြည်ထောင်စုဝန်ကြီးများ သက်ဆိုင်ရာဝန်ကြီးဌာနများအလိုက် ဝန်ထမ်းများနှင့်တွေ့ဆုံ

**လားရှိုး စက်တင်ဘာ ၁၉**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ရှမ်းပြည်နယ် (မြောက်ပိုင်း) ခရီးစဉ်အတွင်း လိုက်ပါလာကြသည့် ပြည်ထောင်စုဝန်ကြီးများသည် ယနေ့နံနက်ပိုင်းတွင် သက်ဆိုင်ရာဝန်ကြီးဌာနအလိုက် ပြည်နယ်အတွင်းရှိ ဦးစီးဌာနများမှ ဝန်ထမ်းများနှင့် သွားရောက်တွေ့ဆုံပြီး လုပ်ငန်းဆောင်ရွက်မှုများကို မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးသည် စိုက်ပျိုးရေးဦးစီးဌာန ဧည့်ရိပ်သာခန်းမတွင် လည်းကောင်း၊ သံယဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီသည် သစ်တောဦးစီးဌာနရိပ်သာ၌လည်းကောင်း၊ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်ခိုင်ဝင်းသည် လားရှိုးမြို့ ခုတင်-၅၀၀ ဆံ့ ပြည်သူ့ဆေးရုံခန်းမ၌လည်းကောင်း၊ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းသိန်းဇံသည် ခရိုင်အားကစားနှင့် ကာယပညာဦးစီးဌာနရုံးခန်းမ၌လည်းကောင်း သက်ဆိုင်ရာဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများနှင့် လုပ်ငန်းများမှ ဌာနဆိုင်ရာအကြီးအကဲများ၊ ဝန်ထမ်းများနှင့် တွေ့ဆုံ၍ လက်ရှိလုပ်ငန်းဆောင်ရွက်နေမှု၊ ရှေ့ဆက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

တွဲဖက်ပြည်နယ် (ပြန်/ဆက်)



## မီးသတ်တပ်ဖွဲ့ဝင်များ စွမ်းဆောင်ရည်မြှင့်တင်ရေး သရုပ်ပြ ယှဉ်ပြိုင်

**ရန်ကုန် စက်တင်ဘာ ၁၉**

ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့ ဌာနချုပ်ဝင်းအတွင်း၌ စက်တင်ဘာ ၁၉ ရက် နံနက်ပိုင်းက မီးသတ်တပ်ဖွဲ့ဝင်များ၏ စွမ်းဆောင်ရည်မြှင့်တင်ရေး သရုပ်ပြပြိုင်ပွဲ ကျင်းပသည်။

သရုပ်ပြပြိုင်ပွဲတွင် Physical Fit ပြိုင်ပွဲနှင့် Emergency Medical Service (EMS) ပြိုင်ပွဲများ၊ အထပ်မြင့်အဆောက်အအုံမီးငြိမ်းသတ်ခြင်းနှင့်ရှာဖွေကယ်ဆယ်ရေး လုပ်ငန်းဆောင်ရွက်မှုများနှင့် EMS Team မှလိုအပ်သည့် ဆေးဝါးကုသမှုပေးခြင်းတို့ကို မီးသတ်ယာဉ် ရှစ်စီး၊ မီးသတ် လူနာတင်ယာဉ် လေးစီးတို့ဖြင့် တစ်ဦးချင်းနှင့် အဖွဲ့လိုက် ပါဝင်ယှဉ်ပြိုင်၍ သရုပ်ပြသကြသည်။

ဘေးအန္တရာယ်အမျိုးမျိုးတို့တွင် တွေ့ကြုံရမည့် အရေးပေါ်လူနာများကို အသက်ဆုံးရှုံးမှုမရှိစေရေးအတွက် ထိခိုက်ဒဏ်ရာရရှိသော အရေးပေါ် လူနာအားကူညီစောင့်ရှောက်ခြင်းနှင့် ကုသခြင်းဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ရာတွင် မီးဘေးလုံခြုံရေး လုပ်ငန်းနှင့် အရေးပေါ် ဆေးဘက်ဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်း စွမ်းဆောင်ရည်များမြင့်မားတိုးတက်လာစေရန်နှင့် သက်ဆိုင်ရာတိုင်းဒေသကြီး/ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ မီးသတ်စခန်းများအားလုံးတွင် ဆေးဘက်ဆိုင်ရာကျွမ်းကျင်သော မီးသတ်တပ်ဖွဲ့ဝင်များ ခန့်အပ်၍ ကျယ်ကျယ်ပြန့်ပြန့် ဖွဲ့စည်းနိုင်ရန်နှင့် နိုင်ငံတော်နှင့် ပြည်သူလူထုအပေါ် သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက ထိထိရောက်ရောက် ဆောင်ရွက်သွားနိုင်ရန် ရည်ရွယ်၍ ကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးနှင့်အစိုးရ အဖွဲ့ဝင် ဝန်ကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ညွန့်ဝင်းဆွေ၊ အမှတ်(၁) တပ်မတော် ဆေးရုံကြီး မင်္ဂလာဒုံမြို့နယ် ခုတင် ၁၀၀၀ တပ်မှူး ဗိုလ်မှူးချုပ် မြင့်ဇော်၊ မီးသတ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးမြတ်သူ ဦးဆောင်သည့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့ဌာနချုပ်နှင့် ရန်ကုန်တိုင်းဒေသကြီးမီးသတ်ဦးစီးမှူးရုံးမှ အရာရှိကြီးများ၊ ဧည့်သည်တော်များ တက်ရောက်ကြောင်း သိရသည်။

ဆန်းကျော်ဦး(ပြန်/ဆက်)

## လစ်လပ်ရာထူးနေရာများတွင် ဝန်ထမ်းလောင်းများ ကွန်ပျူတာနှင့် လူတွေ့ဖြေဆိုနေမှုအား ကြည့်ရှုအားပေး

**စစ်တွေ စက်တင်ဘာ ၁၉**

ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာအောင်ကျော်မင်းနှင့် တာဝန်ရှိသူများသည် ယနေ့နံနက်ပိုင်းက ကွန်ပျူတာတက္ကသိုလ် (စစ်တွေ) ၌ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး၊ အငယ်တန်းစာရေးနှင့် ဒုတိယလက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး လစ်လပ်ရာထူးနေရာများတွင် ကွန်ပျူတာနှင့် လူတွေ့စာမေးပွဲဖြေဆိုနေမှုအား လှည့်လည်ကြည့်ရှု အားပေးကြသည်။**(အောက်ပုံ)**

ထိုသို့လှည့်လည်ကြည့်ရှုအားပေးစဉ် ပြည်နယ်လူမှုရေးဝန်ကြီး၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ ရခိုင်ပြည်နယ်ဦးစီးမှူး ဦးအောင်မျိုး၊ ကွန်ပျူတာတက္ကသိုလ်(စစ်တွေ) ဒုတိယပါမောက္ခချုပ် ဒေါက်တာဇော်ထွန်းနှင့် တာဝန်ရှိသူများက လက်တွေ့ကွန်ပျူတာ ဖြေဆိုနေမှုနှင့်ပတ်သက်၍ လိုက်လံရှင်းလင်းပြသကြသည်။

ကွန်ပျူတာတက္ကသိုလ်(စစ်တွေ)စာဖြေဌာနတွင် လက်ထောက်လူဝင်မှုကြီးကြပ်ရေးမှူး၊ အငယ်တန်းစာရေးနှင့် ဒုတိယလက်ထောက်ကွန်ပျူတာ လုပ်ဆောင်ရေးမှူး လစ်လပ်ရာထူးနေရာများတွင် ဖြေဆိုသူ ၄၂၈ ဦးရှိပြီး ယနေ့တွင် ကွန်ပျူတာ ဖြေဆိုသူ ၁၉၈ ဦး၊ လူတွေ့ဖြေဆိုသူ ၂၃၀ ဖြစ်ပြီး ယမန်နေ့က ကွန်ပျူတာဖြေဆိုသူ ၂၃၀ နှင့် လူတွေ့ဖြေဆိုသူ ၁၉၈ ဦး ဖြေဆိုလျက်ရှိသည်။

အဆိုပါ ဖြေဆိုသူများသည် ဩဂုတ် ၂၈ ရက်တွင် ရေးဖြေ ဖြေဆိုပြီး အောင်မြင်သူများကို ကွန်ပျူတာနှင့် လူတွေ့စစ်ဆေးနေခြင်းဖြစ်ကြောင်း သိရသည်။

တင်ထွန်း(ပြန်/ဆက်)



# သမဝါယမကဏ္ဍမြှင့်တင်ရေးနှင့် အသေးစား အလတ်စား စက်မှုလက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ကာ ဘက်စုံကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယမန်နေ့က ကချင်ပြည်နယ် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုထိရောက်စွာဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်၊ ခရိုင်၊ မြို့နယ် သမဝါယမဦးစီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန တာဝန်ရှိသူများနှင့် ကချင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနရုံး၌လည်းကောင်း(**ယာပုံ**)၊ ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ လည်းကောင်း တွေ့ဆုံဆွေးနွေးခဲ့ကြောင်း သိရသည်။

**ဦးစားပေး ဆောင်ရွက်**

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးက ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝများ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်စေရေးအတွက် ကျေးလက်အခြေခံအဆောက်အအုံ ဖွံ့ဖြိုးရေးလုပ်ငန်းများအပြင် သမဝါယမကဏ္ဍမြှင့်တင်ရေးနှင့် အသေးစား အလတ်စား စက်မှုလက်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ကာ ဘက်စုံကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများကို ဦးစားပေး ဆောင်ရွက်လျက်ရှိပါကြောင်း၊ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ အချင်းချင်း ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြရန် အထူးလိုအပ်ကြောင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် လက်ရှိအကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည့် စီမံကိန်းလုပ်ငန်းများ၏ အောင်မြင်မှုအရှိန်အား ဆက်လက်ထိန်းသိမ်းကြိုးပမ်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ သမဝါယမအသင်းအဖွဲ့များမှလည်း အမှန်တကယ် ဝင်ငွေရလမ်း ဆောင်ရွက်နိုင်ရေး ဥပဒေစည်းကမ်းများနှင့်အညီ အသင်းသားများ၏ ဆန္ဒရယူ၍ ဥပဒေနှင့်အညီ ရန်ပုံငွေရှာဖွေနိုင်ရေး ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ ဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အခြေခံအောက်ခြေအဆင့်အထိ ရောက်ရှိရန်လိုအပ်ပြီး အခြေအနေအမှန်အား မှန်မှန်ကန်ကန် အချိန်နှင့်တစ်ပြေးညီ စိစစ်တင်ပြ စေလိုပါကြောင်း၊ အသက်မွေးဝမ်းကျောင်းသင်တန်း များ ဆောင်ရွက်ရာတွင် အကျိုးရှိထိရောက်ရန်လိုအပ်ပြီး ဒေသအခြေအနေနှင့် ကိုက်ညီသော သင်တန်းများအား အလေးထား ဖွင့်လှစ်ရန်နှင့် ဖွင့်လှစ်ပြီးပါက အလုပ်အကိုင်အခွင့်



အလမ်းရရှိရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ ဖော်ဆောင်နိုင်ရေး ဆက်လက်ဆောင်ရွက်ရန် လိုအပ်ပါကြောင်း ဆွေးနွေးပြောကြားသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ထို့နောက် ပြည်နယ်သမဝါယမဦးစီးဌာန ပြည်နယ်ကျေးလက် ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ပြည်နယ်အသေးစားစက်မှုလက်မှု လုပ်ငန်းဦးစီးဌာန ဦးစီးမှူးများက ဦးစီးဌာနအလိုက် ပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကိုလည်းကောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

# ဈေးကွက်ကိုမျှော်မှန်းပြီး ခေတ်မီနည်းပညာများ အသုံးပြုထုတ်လုပ်သည့် အရည်အသွေးကောင်း သီးနှံများ ထုတ်လုပ်နိုင်ကြမှသာ စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက် အကျိုးအမြတ် သေချာစေမည်

**နေပြည်တော် စက်တင်ဘာ ၁၉**

သမားရိုးကျစိုက်ပျိုး ထုတ်လုပ်မှုမှ ဈေးကွက်ကို မျှော်မှန်းပြီး ခေတ်မီနည်းပညာများ အသုံးပြုထုတ်လုပ်သည့် အရည်အသွေးကောင်း သီးနှံများ ထုတ်လုပ်နိုင်ကြမှသာ စိုက်ပျိုးထုတ်လုပ်သူတောင်သူများအတွက် အကျိုးအမြတ် သေချာစေမည်ဖြစ်ကြောင်း၊ ဌာနဆိုင်ရာများဘက်မှ ကူညီအားပေးလျက်ရှိနေမှုအပေါ် တောင်သူလယ်သမားများ၊ ပုဂ္ဂလိကလုပ်ငန်းရှင်များနှင့် စိုက်ပျိုးထုတ်လုပ်မှုကွင်းဆက်တစ်လျှောက်တွင် ပါဝင်ပတ်သက်သူအားလုံးတို့ကလည်း မိမိတို့ကျရာ အခန်းကဏ္ဍများက တက်ညီလက်ညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း ယနေ့နံနက်ပိုင်းက မကွေးတိုင်းဒေသကြီးအတွင်း လယ်ယာကဏ္ဍဖွံ့ဖြိုးရေးလုပ်ငန်းများ၊ ကွင်းဆင်းဆောင်ရွက်ရာ၌ ဒေသနေတောင်သူများ ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်တွေ့ဆုံစဉ် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ကြီးက ပြောကြားသည်။

ရှေးဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ်ရှိစွန်ချောင်းရေလှောင်



တမံသို့ရောက်ရှိကြပြီး တမံကြံ့ခိုင်ရေး ပြုပြင်မွမ်းမံဆောင်ရွက်ထားရှိမှု အခြေအနေများ၊ ဝင်ရေသိုလှောင်ထားရှိမှုနှင့် စိုက်ပျိုးရေပေးဝေနေမှုလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးသည်။

ထိုမှတစ်ဆင့် ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် မြို့သစ်မြို့နယ် လဲလူးကျေးရွာအုပ်စု မကျီးပင်ရိုးကွင်း တောင်သူ ဦးမိုးသစ်၏ စိုက်ကွင်းတွင် ဆောင်ရွက်ထားသည့် တောင်သူနည်းပညာပေးစံပြစိုက်ကွင်းသို့ရောက်ရှိကြပြီး ဒေသနေတောင်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံကာ ခေတ်မီနည်းပညာများ လက်တွေ့အသုံးပြုလိုက်နာ ဆောင်ရွက်ရေးနှင့် စိုက်ပျိုးထုတ်လုပ်မှု တိုးတက်ရေးဆိုင်ရာများ ဆွေးနွေးပြောကြားသည်။ (ဝဲပုံ)

အလားတူ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် ပုဂ္ဂလိက နွားနောက်မွေးမြူရေးခြံများ၊ နို့စားနွားမွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးအားပေးသည်။

ထို့နောက် မြို့သစ်မြို့နယ်ရှိ စိုက်ပျိုးရေးသုတေသနဦးစီးဌာန ရိတ်သိမ်းချိန်လွန်နည်းပညာဌာနခွဲ ၏ နည်းပညာသရုပ်ပြစိုက်ခင်းတွင် မိုးကာစပေါ်တွင် နှမ်းထောင် နှမ်းခါခြင်းနှင့် မြေပြင်ပေါ်တွင် နှမ်းထောင် နှမ်းခါခြင်းတို့၏ ခြားနားချက်လက်တွေ့သရုပ်ပြ ဆောင်ရွက်နေမှုများကိုလည်းကောင်း၊ ပုဂ္ဂလိက နို့စားနွားမွေးမြူရေးခြံ၏ နို့စားနွားမွေးမြူ၍ နို့နှင့် နို့ထွက်ကုန်ပစ္စည်း ထုတ်လုပ်နေမှုများကို ကြည့်ရှုအားပေးခဲ့ကြသည်။

ယင်းနောက် မကွေးမြို့ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနခန်းမတွင် ဝန်ကြီးဌာနအောက်ရှိ တိုင်းဒေသကြီး၊ ခရိုင်နှင့် မြို့နယ်အဆင့် တာဝန်ရှိသူများကို တွေ့ဆုံသည်။

မွန်းလွဲပိုင်းတွင် မကွေးတိုင်းဒေသကြီး အစိုးရအဖွဲ့ရုံးခန်းမတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင်နှင့် တိုင်းဒေသကြီးဝန်ကြီးများနှင့် တွေ့ဆုံ၍ မကွေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးရေး၊ ဒေသ၏ စားနပ်ရိက္ခာဖူလုံရေးနှင့် ပို့ကုန်တိုးမြှင့်ရေးဆိုင်ရာ ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

---



# တောင်ကြီးမြို့နယ်၌ အသက်(၅၅)နှစ်နှင့်အထက် ပြည်သူ ၄၅၂၆ ဦးအား ကိုဗစ်-၁၉ ကာကွယ်ဆေး ထိုးနှံ

**တောင်ကြီး စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ် (တောင်ပိုင်း) တောင်ကြီးမြို့နယ် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ၏ ဦးဆောင်မှုဖြင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် စေတနာ့ဝန်ထမ်းများ ပူးပေါင်းပြီး တောင်ကြီးမြို့နယ် အတွင်းရှိ အသက်(၅၅) နှစ်နှင့်အထက် ပြည်သူများအား သတ်မှတ်အုပ်စုအလိုက် ဦးစားပေးအစီအစဉ်အတိုင်း ယနေ့နံနက် ၉ နာရီမှ ညနေ ၃ နာရီအထိ သတ်မှတ်နေရာ ခုနစ် ခုတွင် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး လမ်းညွှန်ချက်များနှင့် အညီ စနစ်တကျ ထိုးနှံပေးခဲ့ကြောင်း သိရသည်။

အဆိုပါ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို တောင်ကြီးမြို့နယ် အတွင်းရှိ မြို့တော်ခန်းမတွင် ၉၉၈ ဦး၊ ပြည်နယ် အားကစားရုံတွင် ၁၀၆၀၊ အေးသာယာမြို့ မြို့လယ်ဓမ္မာရုံတွင် ၅၈၅ ဦး၊ ရွှေညောင်မြို့ ရွှေညီလာခန်းမတွင် ၈၂၂ ဦး၊ ကျောက်တလုံးမြို့ အခြေခံပညာ အထက်တန်းကျောင်း လုံကားတွင် ၄၅၆ ဦး၊ မိုဘိုင်း (၁)တွင် ၁၄၅ဦး၊ မိုဘိုင်း(၂)တွင် ၄၆၀၊ စုစုပေါင်း သတ်မှတ်နေရာ ခုနစ် ခုတွင် ပြည်သူ ၄၅၂၆ ဦးအား စနစ်တကျ ထိုးနှံပေးနေမှုများအား မြို့နယ်ကိုဗစ်-၁၉ရောဂါ ကာကွယ် ထိန်းချုပ် ကုသရေးနှင့် အရေးပေါ် တုံ့ပြန်ရေးကော်မတီ ဥက္ကဋ္ဌ ဦးအောင်ဆွေမြင့်နှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးခဲ့ပြီး လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**အေးအေးစိုး**

**(ပြန်/ဆက်)**

# ဗလငါးတန်ပြည့်ဝသော လူငယ်များဖြင့်သာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်

**မန္တလေး စက်တင်ဘာ ၁၉**



ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် မန္တလေးတိုင်းဒေသကြီးနှင့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများနှင့် ယနေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ တွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ မန္တလေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး၊ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း မန္တလေးကိုယ်ပွားသတင်းစာတိုက်မှ စာတည်းမှူး၊ အထက်မြန်မာပြည်ပုံနှိပ်စက်ရုံ (မန္တလေး)မှ စက်ရုံမှူး၊ မန္တလေးသတင်းဗျူရိုအဖွဲ့မှ တာဝန်ခံ၊ စစ်ကိုင်း ထပ်ဆင့်လွှင့်စက်ရုံမှ ဇုန်နယ်မှူး၊ စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူးများနှင့် မြင်းမူမြို့နယ် မြောင်မြို့နယ်ဦးစီးမှူးများ၊ မန္တလေးခရိုင် ဦးစီးအရာရှိနှင့် ခရိုင်အတွင်းရှိ မြို့နယ်ဦးစီးမှူးများ တက်ရောက်ကြသည်။

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးက လက်ရှိနိုင်ငံတော်၏ ဖြစ်ပေါ်တိုးတက်မှုများကို ရှင်းလင်းဆွေးနွေးပြီး ဝန်ထမ်းများ သစ္စာရှိရှိ တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်၊ အခြေအနေနှင့် ကိုက်ညီသည့် ပြုပြင်ပြောင်းလဲမှုများဖြင့် ပြန်ကြားရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားကြရန်၊ မကြာမီ ကိုဗစ်-၁၉ ရောဂါအခြေအနေ ကူးစက်မှုလျော့နည်းပြီး နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် လုံခြုံရေးမှာလည်း တိုးတက်ကောင်းမွန်လာပြီဖြစ်၍ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးလုပ်ငန်းများကို မြှင့်တင်ကာ ပုံမှန်အနေအထားရောက်အောင် တိုးမြှင့်ဆောင်ရွက်နိုင်ရေး လိုအပ်သည်များ ပြင်ဆင်ဆောင်ရွက်ထားကြရန်ဖြစ်ကြောင်း။

ယနေ့နိုင်ငံတွင် လူငယ်အချို့မှာ အဖျက်သမားများ၏ စည်းရုံးမှိုင်းတိုက်မှုကြောင့် အသိပညာ ဉာဏ်နှင့် စဉ်းစားတွေးခေါ်မှု နည်းစွာဖြင့် အဖျက်လုပ်ငန်းများကို လုပ်ဆောင်နေကြသည်ကို တွေ့ရကြောင်း၊ လူငယ်များသည် နိုင်ငံတော်၏ အနာဂတ်ပင်ဖြစ်ကြောင်း၊ ဗလငါးတန် ပြည့်ဝသော လူငယ်များဖြင့်သာ နိုင်ငံတော်ကို တည်ဆောက်နိုင်မည်ဖြစ်ကြောင်း၊ အသိဉာဏ်ပညာပြည့်ဝသော လူငယ်များ ပေါ်ထွန်းလာစေရန် အရေးကြီးကြောင်း၊ လူငယ်များအား အသိပညာပေးရေး ကဏ္ဍများကို တိုးမြှင့်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနကို ယခုထက်ပို၍ ကျယ်ကျယ်ပြန့်ပြန့် လုပ်ဆောင်နိုင်ရန် နိုင်ငံတော်ဝန်ကြီးချုပ်က ဖွဲ့စည်းပုံတိုးချဲ့ပြင်ဆင်ခွင့်ပြုပြီးဖြစ်ကြောင်း၊ တိုးချဲ့ခွင့်ပြုပေးသည့် ဖွဲ့စည်းပုံအတိုင်း ဝန်ထမ်းများကို အဆင့်တိုးမြှင့်ရေး အမြန်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ဝန်ထမ်းများအနေဖြင့်လည်း တိုးမြှင့်ပေးသည့် အဆင့်နှင့်အညီ တာဝန်ဝတ္တရားများကို တိုးမြှင့်ပြီး တာဝန်ကျေကျေဆောင်ရွက်သွားရန်ကြရန်လိုကြောင်း မှာကြားသည်။

မွန်းလွဲပိုင်းတွင် ပြင်ဦးလွင်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံး၌ ခရိုင်နှင့် မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဝန်ထမ်းများနှင့် ပြင်ဦးလွင်ထပ်ဆင့်လွှင့်စက်ရုံ ဝန်ထမ်းများအား တွေ့ဆုံပြီး ထပ်ဆင့်လွှင့်စက်ရုံကို ဝင်ရောက်စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တိုင်းဒေသကြီးနှင့် ပြည်နယ်မြို့ကြီးများသို့ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ပို့ဆောင်ဖြန့်ဖြူး

**နေပြည်တော် စက်တင်ဘာ ၁၉**

ကိုဗစ်-၁၉ ရောဂါခေတ်ခွဲအတည်ပြုပိုးတွေ့လူနာများနှင့် သီးသန့်စောင့်ကြည့် ရမည့်သူများ ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများကို တပ်မတော်ဆေးရုံများ၊ ပြည်သူ့ဆေးရုံများ၊ ကျန်းမာရေးဌာနများနှင့် ကိုဗစ်စင်တာများ၌ တပ်မတော်သားဆရာဝန်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိရာ ၎င်းလုပ်ငန်းများတွင် အထောက်အကူ ဖြစ်စေရန်အတွက် ရန်ကုန်မြို့ မင်္ဂလာဒုံ ရှိတိုးချဲ့ကာကွယ်ဆေးသိုလှောင်ခန်းတွင်ထားရှိသည့် ကိုဗစ်ရောဂါ ကာကွယ်ဆေးများကို စံချိန်စံညွှန်းများအတိုင်း တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးသို့ တပ်မတော်လေယာဉ်များ၊ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ပို့ဆောင် ဖြန့်ဖြူးပေးလျက်ရှိသည်။

ထိုသို့ ဖြန့်ဖြူးပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီးအတွင်းသို့ ကာကွယ်ဆေး ၆၇၇၅၂ လုံး၊ ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့သို့ ကာကွယ်ဆေး ၅၇၉၅၈ လုံးနှင့် ကရင်ပြည်နယ် ဘားအံမြို့သို့ ကာကွယ်ဆေး ၁၀၀၀၀ တို့ကို မြေပြင်ခရီးလမ်းကြောင်းမှ Cold Chain Delivery Logistics မော်တော်ယာဉ်ကြီးများဖြင့် ဆက်လက်ပို့ဆောင်ပေးရာ တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးမှ တာဝန်ရှိသူများက လက်ခံရယူပြီး သက်ဆိုင်ရာနေရာများသို့ ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်သည်။



ယင်းသို့ ပို့ဆောင်ဖြန့်ဖြူးပေးသော ကိုဗစ်-၁၉ ကာကွယ်ဆေးများကို ဦးတည်အုပ်စု လူဦးရေ ဦးစားပေးအစီအစဉ်များနှင့်အညီ ပြည်သူများသို့ အမြန်ဆုံးထိုးနှံပေးနိုင်ရေးအတွက် ဆောင်ရွက်ခြင်းဖြစ်ပြီး ဝေးလံခက်ခဲသောဒေသများသို့ တပ်မတော် (လေ)မှ ပို့ဆောင်ရေးလေယာဉ်၊ ရဟတ်ယာဉ်များ၊ မြန်မာ့လေကြောင်းတို့ ၏ အကူအညီများရယူကာ လေကြောင်းခရီးဖြင့်လည်း ဆက်လက်ဖြန့်ဖြူးပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကိုဗစ်-၁၉ ရောဂါအတည်ပြုလူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့်သူများ ထားရှိရန်အတွက် ကြိုတင်ပြင်ဆင်မှုများ ဆက်လက်ဆောင်ရွက် ပြီးစီးသည့် စင်တာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်ပေးလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၉**

ကိုဗစ်-၁၉ ရောဂါ အတည်ပြု လူနာများနှင့် သီးသန့်စောင့်ကြည့်ရမည့် သူများထားရှိရန်အတွက် တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများ၊ နယ်မြေခံသင်တန်းကျောင်းများ၊ စစ်ကြောရေးနှင့် တည်းခိုရေးစခန်းများ၌ ကြိုတင်ပြင်ဆင်မှုများကို လုပ်ဆောင် လျက်ရှိရာ ပြီးစီးသည့်နေရာများတွင် စနစ်တကျလက်ခံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ပြင် ကျန်းမာရေးဝန်ကြီးဌာနနှင့် အခြားဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပရဟိတအဖွဲ့အစည်းများ၊ တာဝန်သိပြည်သူများနှင့် ပူးပေါင်း၍လည်း သက်ဆိုင်ရာ မြို့နယ်များ၌ Quarantine Center များကိုလည်း ပြင်ဆင်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ပြင်ဆင်လက်ခံဆောင်ရွက်ပေးလျက်ရှိရာ ယနေ့ည ၇ နာရီ အထိ နေပြည်တော်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ သီးသန့်စောင့်ကြည့်ရမည့်သူ အမျိုးသား ၄၇ ဦးနှင့် အမျိုးသမီး ၃၃ ဦး၊ စုစုပေါင်း ၈၀ ကိုလည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်စစ်ကြောရေးနှင့် တည်းခိုရေးစခန်း၌ ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာ အမျိုးသား ၁၃ ဦးနှင့် အမျိုးသမီး ၁၃ ဦး စုစုပေါင်း ၂၆ ဦးကိုလည်းကောင်း လက်ခံထားရှိကြောင်း သိရသည်။

အဆိုပါ စောင့်ကြည့်လူနာများနှင့် ခေတ်ခွဲအတည်ပြု ပိုးတွေ့လူနာများ၏ နေထိုင်စားသောက်ရေးနှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များရှိ နယ်မြေခံဆေးကုသရေးအဖွဲ့များနှင့် တာဝန်ရှိသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



**အပြင်ထွက်တိုင်း**
**ပါးစပ်နှင့်နှာခေါင်းစည်း(mask) ကို**
**စနစ်တကျ မပျက်မကွက် တပ်ဆင်ပါ**

# တိုင်းဒေသကြီးနှင့်ပြည်နယ်များ၌ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

နေပြည်တော် စက်တင်ဘာ ၁၉

**ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးတို့၌ တပ်မတော်မှ ဆေးအဖွဲ့များ၊ ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သူနာပြုများ၊ ကျန်းမာရေးဝန်ထမ်းများနှင့် စေတနာ့ဝန်ထမ်းများက ကာကွယ်ဆေးထိုးခြင်းလုပ်ငန်းများကို အင်တိုက်အားတိုက် ဆောင်ရွက်ပေးလျက်ရှိသည်။**

ထိုသို့ ဆောင်ရွက်လျက်ရှိရာ သံဃာတော်များ၊ သာသနာ့နွယ်ဝင်သီလရှင်များ၊ ဘာသာရေးခေါင်းဆောင်များ အပါအဝင် လူမျိုးမရွေးဘာသာမရွေး အသက် ၅၅ နှစ်အထက် ဒေသခံပြည်သူများ၊ အကျဉ်းသား၊ အကျဉ်းသူများ၊ မသန်စွမ်းသူများ၊ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ၊ နာတာရှည်ရောဂါအခံရှိသူများ၊ ကယ်ဆယ်ရေး စခန်းများနှင့် ယာယီတိုက်ပွဲရှောင်စခန်းများတွင်ရှိသူများ စသည့်ဦးတည်အုပ်စု ၁၆ စု သတ်မှတ်၍ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများကို နေ့စဉ် ထိုးနှံပေးလျက်ရှိသည်။

ယနေ့တွင် ရှမ်းပြည်နယ် (မြောက်ပိုင်း)အတွင်းရှိ မြို့နယ် လေးမြို့နယ်၌ ၁၆၅၂ ဦး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ခုနစ် မြို့နယ်၌ ၂၄၈၅ ဦး၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၅ မြို့နယ်၌ ၃၇၆၈၇ ဦး၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ ၄၂၆၉ ဦး၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်နှင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်တို့၌ ၈၅၅ ဦး၊ ဧရာဝတီတိုင်းဒေသကြီး အတွင်းရှိ မြို့နယ် ၁၄ မြို့နယ်တို့၌ ၁၁၀၁၉ ဦး၊ ရခိုင်ပြည်နယ်နှင့် ချင်းပြည်နယ်အတွင်းရှိ မြို့နယ် ၁၃မြို့နယ်တို့၌ ၁၄၈၄၀၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ ခရိုင် ခုနစ်ခုတို့၌ ၆၃၆၈ ဦးနှင့် ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌ ၆၆၀၀ တို့ကို တပ်မတော်မှ ဆေးအဖွဲ့များက ပြည်သူ့ဆေးရုံများမှ ဆရာဝန်များ၊ သက်ဆိုင်ရာ ကျန်းမာရေးဝန်ထမ်းများ၊ စေတနာ့ဝန်ထမ်းများနှင့် ပူးပေါင်း၍ ကိုဗစ်- ၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူ များက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် ပရဟိတအဖွဲ့များသို့ အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများ ဖြန့်ဝေလှူဒါန်း



**နေပြည်တော် စက်တင်ဘာ ၁၉**

တပ်မတော်နှင့် အလှူရှင်များက အောက်ဆီဂျင်အိုးများ၊ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ ပြည်သူ့ဆေးရုံများ၊ တပ်မတော်ဆေးရုံများ၊ ကျန်းမာရေးဌာနများ၊ ကိုဗစ်စင်တာများနှင့် လူမှုကူညီရေးအသင်းအဖွဲ့များသို့ ပေးပို့လှူဒါန်းလျက်ရှိသည်။

ထိုသို့ လှူဒါန်းလျက်ရှိရာ ယနေ့တွင် မွန်ပြည်နယ်အတွင်းရှိ တိုက်နယ်ပြည်သူ့ဆေးရုံ ၁၁ ရုံအတွက် ဆေးရုံ တစ်ရုံလျှင် အောက်ဆီဂျင် လီတာ ၄၀ အိုး ငါးလုံးနှင့် ကိုဗစ်-၁၉ ရောဂါကြိုတင်ကာကွယ်ရေး ကျန်းမာရေးအထောက်အကူပြု ပစ္စည်းများကို မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ကိုကိုမောင်နှင့် တာဝန်ရှိသူများက သွားရောက်ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံရယူခဲ့ကြသည်။

အလားတူ ကိုဗစ်-၁၉ ရောဂါကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အထောက်အကူဖြစ်စေရန်အတွက် စေတနာရှင် အလှူရှင်များက အထောက်အကူပစ္စည်းများ၊ အလှူငွေများကို ပေးအပ်လှူဒါန်းလျက်ရှိရာ မွန်ပြည်နယ်အတွင်းရှိ အောက်ဆီဂျင်လိုအပ်လျက်ရှိသော ပြည်သူများအတွက် မြန်မာရှင်းရှင်းမက်တယ်ကုမ္ပဏီလီမိတက်မှ ဒေါက်တာဟိန်းမျိုးထက်နှင့် ဒေါ်ရတနာလင်းထိုက်အောင်တို့က ငွေကျပ်သိန်း ၁၁၀၀တန်ဖိုးရှိ အောက်ဆီဂျင်ဂျန်နရေတာ Plant တစ်လုံးကို ပေးအပ်လှူဒါန်းရာ ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်လင်းထွန်းက လက်ခံရယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

ထို့ပြင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ အောက်ဆီဂျင် လိုအပ်ချက်များ မရှိစေရေးအတွက် ကျန်းမာရေးဝန်ကြီးဌာနမှ Oxygen Plant များကို တိုးမြှင့်တပ်ဆင် လည်ပတ်လျက်ရှိပြီး တပ်မတော် အနေဖြင့်လည်း တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးတွင် Oxygen Plant များကို တပ်ဆင်ထုတ်လုပ်ပေးလျက်ရှိရာ ရှမ်းပြည်နယ် အရှေ့ပိုင်း တာချီလိတ်မြို့ရှိ အောက်ဆီဂျင်စက်ရုံမှ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဝင် ၂၄၀ ထုတ်လုပ်ဖြန့်ဖြူးနေမှုများကို တြိဂံဒေသ တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် တာဝန်ရှိသူများက လည်းကောင်း၊ ရေဝတီတိုင်းဒေသကြီး မအူပင်မြို့၌ တစ်ရက်လျှင် အောက်ဆီဂျင် လီတာ ၄၀ ဝင် ၁၄၀ ထုတ်လုပ်နိုင်သည့် အောက်ဆီဂျင်စက် ရောက်ရှိတပ်ဆင်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်းကောင်း အသီးသီး သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြင်ဦးလွင်မြို့ကို အပန်းဖြေမြို့တော်၊ စိုက်ပျိုးရေးမြို့တော်ဖြစ်ရေး ဆွေးနွေး



**နေပြည်တော် စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် တွေ့ဆုံပွဲကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်မြို့ မြို့တော်ခန်းမ၌ ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ကိုကိုဦးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ပြင်ဦးလွင်ခရိုင်အတွင်း ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုနှုန်း ကျဆင်းရေး၊ ပြင်ဦးလွင်မြို့အား ပန်းမြို့တော်၊ အပန်းဖြေမြို့တော်၊ စိုက်ပျိုးရေးမြို့တော်ဖြစ်အောင် မြို့သန့်ရှင်းသာယာလှပရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများနှင့်ပတ်သက်သည့် လုပ်ငန်းများကို ဆွေးနွေးပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသူများက သက်ဆိုင်ရာကဏ္ဍများအလိုက် လက်ရှိဆောင်ရွက်နေသည့် ဆောင်ရွက်နေမှု အခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် ကိစ္စရပ်များကို ဆွေးနွေးတင်ပြကြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးကာ ဝန်ကြီးချုပ်က ပြင်ဦးလွင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အား ဂုဏ်ပြုချီးမြှင့်ငွေကျပ် ၁၀ သိန်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

✪ *ကျောဖုံးမှ*

ဆွေးနွေးပွဲတွေ၊ သရုပ်ပြပွဲတွေကျင်းပပြီး တောင်သူတွေကို နည်းပညာပေးခြင်း၊ ဒေသနဲ့ကိုက်ညီပြီး တောင်သူတွေအတွက် စီးပွားရေးတွက်ခြေကိုက်မယ့် သီးနှံပုံစံတွေ ရှာဖွေဖော်ထုတ်ခြင်းတွေ ဆောင်ရွက်ပြီး ပြောင်းလဲလာတဲ့ ရာသီဥတုနဲ့အညီ ဒေသရေမြေနဲ့ ကိုက်ညီတဲ့သီးနှံတွေကို စိုက်ပျိုးတဲ့အခါမှာ အဆင်ပြေစေဖို့အတွက် ရည်ရွယ် ဆောင်ရွက်တာ ဖြစ်ပါတယ် ” ဟု ကန့်ဘလူ မျိုးသန့်ခြံတာဝန်ခံ ဦးစီးအရာရှိ ဦးခင်မောင်လင်းက ပြောသည်။

ကန့်ဘလူမျိုးသန့်ခြံ၌ ယာသီးနှံများကို အဓိကထား မျိုးစေ့ထုတ်လုပ်ငန်း လုပ်ဆောင်ခြင်းဖြစ်ပြီး စိုက်ပျိုးနေသော မျိုးများသည် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီသော မျိုးသန့်မျိုးပွားမျိုးစေ့များဖြစ်ပြီး ကန့်ဘလူမြို့နယ် ပတ်ဝန်းကျင်သည် မိုးကောင်းသောက်လယ်ယာမြေများဖြစ်သဖြင့် ပဲစင်းငုံ၊ နေကြာ၊ မတ်ပဲ စသည့်သီးနှံများကို စိုက်ပျိုးရာတွင် ရေငတ်ခံနိုင်သော မျိုးသန့်မျိုးပွားမျိုးစေ့များကို စိုက်ပျိုးခြင်းဖြင့် တောင်သူလယ်သမားများ၏သီးနှံများ အောင်မြင်ဖြစ်ထွန်းကာ ဝင်ငွေတိုးတက်ရရှိစေနိုင်မည်ဖြစ်ကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း (ကန့်ဘလူ)**

# ကျောက်တော်မြို့နယ်ရှိ ရွာလယ်ကွန်ကရစ်တံတား ရာနှုန်းပြည့်ပြီးစီး

**စစ်တွေ စက်တင်ဘာ ၁၉**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ ခွင့်ပြုရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျောက်တော်မြို့နယ် မင်းသားတောင်ကျေးရွာ ရွာလယ်ကွန်ကရစ်တံတား တည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်းမြေဖို့ခြင်းလုပ်ငန်း ရာနှုန်းပြည့်ပြီးစီးနေပြီဖြစ်ကြောင်း ရခိုင်ပြည်နယ်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ သိရသည်။

တံတားမှာ မင်းသားတောင်ကျေးရွာ ရွာလယ်ကွန်ကရစ်တံတားဖြစ်ပြီး အလျား ပေ ၁၂၀၊ အကျယ် ၁၄ ပေ ရှိသော သံကူကွန်ကရစ်တံတား အမျိုးအစားဖြစ်သည်။ တံတားကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်၊ ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၂၅၆ ဒသမ ၅၃၃ သန်းဖြင့် မြောက်ဦးခရိုင် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ကြီးကြပ်ကာ တင်ဒါအောင်မြင်သည့်ကုမ္ပဏီက တာဝန်ယူ တည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထို့ပြင် မင်းသားတောင်တံတားကို ရေတိုက်စားခြင်းမှ ကြိုတင်ကာကွယ်ရန် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်ငြိမ်းချမ်းရေးအတွက် တည်ဆောက်ရေးလုပ်ငန်း ရန်ပုံငွေကျပ် ၂၄ ဒသမ ၇၀၇ သန်းဖြင့် လေးပေ၊ ပေ ၆၀၊ မြေထိန်းနံရံတည်ဆောက်ခြင်းနှင့် ချဉ်းကပ်လမ်းမြေဖို့ခြင်း လုပ်ငန်းကို ဦးစီးဌာန (ရုံးချုပ်) အင်ဂျင်နီယာဌာန၏ ကြီးကြပ်မှုဖြင့် တည်ဆောက်ခြင်းဖြစ်သည်။

အဆိုပါ တံတားမှာ သရက်တပင်၊ ပေါက်တောတောင်၊ ပေါက်တောမြောက်၊ မင်းသားတောင် ကျေးရွာများနှင့် ရွာချင်းဆက်လမ်းပေါ်တွင်တည်ရှိပြီး ရန်ကုန်-စစ်တွေ အဝေးပြေးကားလမ်းမကြီးနှင့် ချိတ်ဆက်လျက်ရှိရာ ဒေသတွင်းလယ်ယာထွက်ကုန်များ သယ်ဆောင်ရာတွင် အဓိကကုန်ထုတ်လမ်းပေါ်တွင် တည်ရှိသော တံတားဖြစ်သည်။ တံတား တည်ဆောက်ပြီးစီးခြင်းကြောင့် ဒေသခံပြည်သူများ၏ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လမ်းပန်းဆက်သွယ်ရေးတို့အတွက် များစွာအထောက်အကူပြုလျက်ရှိကြောင်း သိရသည်။

**ကိုထွန်း**

# ဂျပန်ဘာသာအရည်အချင်းစစ် စာမေးပွဲအောင်မြင်သူများ လက်မှတ်လာရောက် ထုတ်ယူနိုင်

**ရန်ကုန် စက်တင်ဘာ ၁၉**

ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲအား ၂၀၁၉ ခုနှစ် ဒီဇင်ဘာ စာမေးပွဲကို ယခင်စာမေးပွဲ များတွင် ဖြေဆိုအောင်မြင်ခဲ့သူများ၏ ဂျပန်ဘာသာ အရည်အချင်းစစ် စာမေးပွဲ လက်မှတ်များကို ၂၀၂၁ ခုနှစ် စက်တင်ဘာ ၂၁ ရက် ( အင်္ဂါနေ့ ) မှစတင်၍ ရန်ကုန်နှင့် မန္တလေးမြို့များတွင် ထုတ်ယူနိုင်မည်ဖြစ်သည်။

ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ရေးအတွက် လူစုလူဝေး မဖြစ်ပေါ်စေရန် ထုတ်ယူမည့် နေ့ မတိုင်မီ ကြိုတင်ဖုန်းဆက်စာရင်းပေးသွင်းရမည်။ လက်မှတ်ထုတ်ယူရန်အတွက် Test Voucher များကို ယူဆောင်လာရန်နှင့် ပျောက်ဆုံးပါက မှတ်ပုံတင်မူရင်းနှင့်အတူ မိတ္တူတစ်စောင် ယူဆောင်ရန် လိုအပ်မည်ဖြစ်သည်။

ရန်ကုန်နှင့် မန္တလေးမြို့များတွင် လျှောက်ထားသူများသည် အပတ်စဉ် အင်္ဂါနှင့် ကြာသပတေးနေ့များတွင် ထုတ်ယူရမည်နံနက် ၉ နာရီခွဲမှညနေ ၄ နာရီခွဲအတွင်း ဖုန်းဆက်စာရင်းပေးသွင်းချိန်တွင် ထုတ်ယူရမည့် နေ့ရက်ကို ပြောကြားပေးမည်ဖြစ်သည်။ ထုတ်ယူရမည့် နေရာများမှာ ရန်ကုန် လျှောက်ထားသူများသည် Education Center အမှတ် ၆၆ / A သုရလမ်း ၉ ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ဖုန်း ၀၉-၉၆၂၇၅၁၃၇၃ တွင် ထုတ်ယူရမည်။ မန္တလေးတွင် လျှောက်ထားသူများသည်Myanmar Association of Japan Alumni (MAJA) မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် မင်္ဂလာလမ်း ဖုန်း ၀၉-၂၅၅ ၁၆၂၅၃၃ တွင် ထုတ်ယူရမည်ဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**

# တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် စိုက်ပျိုးထုတ်လုပ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တင်ပို့ခြင်း ကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်သူများ လိုက်နာဆောင်ရွက်ရမည့် အချက်များ ထုတ်ပြန်ကြေညာ

ပြည်ပပို့ကုန်များအနေဖြင့် သက်ဆိုင်ရာနိုင်ငံများက သတ်မှတ်ထားသည့် ကုန်ပစ္စည်း အရည်အသွေး စံချိန်စံညွှန်းများကို တိကျစွာ လိုက်နာဆောင်ရွက်မှသာ ဈေးကွက်သေချာစေမည်ဖြစ်ပြီး မလိုလားအပ်သော ထိခိုက်ဆုံးရှုံးမှုများကို ရှောင်လွှဲနိုင်ကြမည်ဖြစ်သည်။ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် စိုက်ပျိုးထုတ်လုပ် တင်ပို့ခြင်းနှင့်ပတ်သက်၍ ကုန်သွယ်မှု ချောမွေ့စေရန် နှစ်နိုင်ငံတာဝန်ရှိသူများ၏ ညှိနှိုင်းသဘောတူညီမှုများအရ စိုက်ပျိုးထုတ်လုပ်သူများ၊ တင်ပို့သူလုပ်ငန်းရှင်များ သိရှိလိုက်နာဆောင်ရွက်ရန် လိုအပ်သည့်အချက်များကို အောက်ပါအတိုင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

**(က) တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်အတွက် ပြောင်းစိုက်ပျိုး ထုတ်လုပ်သူများ လိုက်နာ ဆောင်ရွက်ရမည့်အချက်များ**

၁။ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် ထုတ်လုပ်ရန် ရည်ရွယ်၍ ပြောင်းစိုက်ပျိုးရာတွင် စိုက်ပျိုးရေးဆိုင်ရာ အလေ့အကျင့်ကောင်းများ (Good Agricultural Practices, GAP) စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်ရမည်ဖြစ်ပြီး သတ်မှတ်လုပ်ငန်းစဉ်များ အတိုင်း လိုက်နာဆောင်ရွက်ရမည်။

၂။ ပိုးမွှားရောဂါ ကာကွယ်နှိမ်နင်းရာတွင် ဘက်စုံသီးနှံကာကွယ်ရေးစနစ် (Integrated pest Management, IPM) ကို ကျင့်သုံးဆောင်ရွက်ရမည်။

၃။ ပိုးမွှားရောဂါကျရောက်မှုအား မှတ်တမ်းတင်ထားရှိရန်၊ ပိုးမွှားရောဂါများ ကျရောက်ပါက ထိရောက်စွာ ထိန်းချုပ်ရန်နှင့် အပင်သက်တမ်းအလိုက် အသုံးပြုခဲ့သော ဓာတုဆေးများ၏ အမည်၊ အသုံးပြုသည့် ရက်စွဲ၊ ဆေး၏ ပြင်းအားများအား မှတ်တမ်းပြုစုထားရှိရမည်။

၄။ မျိုးရိုးဗီဇပြုပြင်ထားသောမျိုး (Genetically Modified Organism, GMO) မဟုတ်ကြောင်း စိုက်ပျိုးရေးဦးစီးဌာနမှ ထောက်ခံထားသော၊ မျိုးစေ့ဥပဒေအရ ထုတ်ပေးထားသော မျိုးသစ် အသိအမှတ်ပြုလက်မှတ် ရရှိထားသည့် ပြောင်းမျိုးများကိုသာ စိုက်ပျိုးရမည်။

၅။ ပြောင်းစိုက်ပျိုးထုတ်လုပ်သည့် ဒေသသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက သတ်မှတ်ထားသော တိရစ္ဆာန်ကူးစက်ရောဂါများ ဖြစ်ပွားခြင်းမရှိသည့် ဒေသဖြစ်ရမည်။

၆။ ပြောင်းစိုက်ခင်းများသည် တိရစ္ဆာန်မွေးမြူရေး ခြံ/ ကွင်း၊ စားကျက်မြေများနှင့် နီးကပ်ခြင်းမရှိစေရန် အထူးဂရုပြုရမည်။

**(ခ) တင်ပို့သူ လုပ်ငန်းရှင်များ လိုက်နာဆောင်ရွက်ရမည့် အချက်များ**

၁။ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်ထုတ်လုပ်သော လုပ်ငန်းရှင်များသည် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထုတ်ပေးသော တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်ခြင်းလုပ်ငန်း ခွင့်ပြုလက်မှတ်ရရှိသူဖြစ်ရမည်။

၂။ လုပ်ငန်းရှင်များအနေဖြင့် မိမိတို့နှင့် ပူးပေါင်းစိုက်ပျိုးထုတ်လုပ်မည့် တောင်သူလယ်သမားများ စာရင်းကို ပြုစု၍ စိုက်ပျိုးရေးဦးစီးဌာနသို့ မှတ်ပုံတင်ထားရှိရမည်။

၃။ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် ပြုလုပ်ရန် သင့်တော်သော အချိန် (ပြောင်းဖူးအစေ့၏ Late Milk Ripening မှ Early Stage of Wax Ripening အထိ) တွင် ခုတ်သိမ်းခြင်း ဆောင်ရွက်ရမည်။

၄။ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် ထုတ်လုပ်၊ သိုလှောင်သောနေရာသည် တိရစ္ဆာန်မွေးမြူရေး ကွင်း / ခြံ၊ စားကျက်မြေများနှင့် ထိစပ်မှုမရှိစေဘဲ တိရစ္ဆာန်အညစ်အကြေးများ ကင်းစင်သောနေရာ ဖြစ်ရမည်။

၅။ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်များထုပ်ပိုးခြင်း ပြုလုပ်ရာတွင် အောက်ပါအချက်များကို လိုက်နာဆောင်ရွက်ရမည် –

(က) သန့်စင်သော Plastic Stretch Film အသစ်များဖြင့် လုံခြုံစွာထုပ်ပိုးရမည်။

( ခ ) မူလထည့်သွင်း ပမာဏထက် (၅၀%)ကျော် ဖိသိပ်ထည့်သွင်းရမည်။

( ဂ ) အထပ်အရေအတွက် (၄ မှ ၈) ထပ် ထည့်သွင်းထုပ်ပိုးရမည်။

(ဃ) ထုပ်ပိုးပြီး ကဇော်ဖောက်ခြင်းကို အနည်းဆုံး (၄၈)ရက် ထားရှိရမည်။

( င ) မြေ၊ မြက်ရိုင်းစသည့် မသန့်စင်သော ပစ္စည်းများ ပါဝင်မှုမရှိစေရန် ဂရုပြုရမည်။

၆။ ထုပ်ပိုးပြီးသော Silage များအား ခြောက်သွေ့သန့်ရှင်းသော နေရာများတွင် သီးခြားသိုလှောင်ထားပြီး သိုလှောင်သီးနှံဖျက်ပိုးကာကွယ်ရေးစနစ်များ ကျင့်သုံးဆောင်ရွက်ရမည်။

၇။ သယ်ယူပို့ဆောင်ရာတွင် အသုံးပြုသော ကိရိယာများအား ပိုးသတ်၍သန့်ရှင်းရန် ဆောင်ရွက်ရမည်။

၈။ ကဇော်ဖောက်ရန် သိုလှောင်စဉ်နှင့် သယ်ယူပို့ဆောင်ရာတွင် Plastic Stretch Film များ မပျက်စီးစေရန် အထူးဂရုပြုဆောင်ရွက်ရမည်။

၉။ ထုပ်ပိုးပြီး တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်များအား တင်ပို့ခြင်းမပြုမီ စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေး ဦးစီးဌာနတို့မှ စစ်ဆေးမှုပြုနိုင်ရန် နမူနာများ ပေးပို့ရမည်။

၁၀။ တရုတ်နိုင်ငံမှသတ်မှတ်ထားသော သီးနှံဖျက်ပိုး (အင်းဆက်၊ ရောဂါ၊ ပေါင်း) များနှင့် တိရစ္ဆာန်ကူးစက်ရောဂါများ ကင်းရှင်းကြောင်း စစ်ဆေးပြီးမှသာ သတ်မှတ်ထားသော Certificate များကို စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ ထုတ်ပေးမည်ဖြစ်သည်။

၁၁။ ထုပ်ပိုးပြီးသော တိရစ္ဆာန်အစာပြောင်းချဉ်ဖတ် တစ်ထုပ်ခြင်းစီတွင် "ထုပ်ပိုးခြင်းလုပ်ငန်းများ၏ အမည်၊ မှတ်ပုံတင်အမှတ်၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ 出口到中华人民共和国 "To China" ဟူသော စာသားများအား အင်္ဂလိပ်ဘာသာ၊ တရုတ် ဘာသာတို့ဖြင့် ရေးသားဖော်ပြရမည်။

၁၂။ ထုပ်ပိုးပြီး တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်များကို အလုံပိတ်ကုန်တင်ယာဉ်ဖြင့် သယ်ယူပို့ဆောင်ရမည်။ အလုံပိတ်ကုန်တင်ယာဉ်မဟုတ်ပါက ထုပ်ပိုးပြီး တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ်များ တင်ဆောင်ထားသော ကုန်တွဲအား သန့်စင်သော မိုးကာစ (Tarpaulin) ဖြင့် သေချာစွာ ဖုံးအုပ်ရမည်။

၁၃။ စိုက်ပျိုးခြင်း၊ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်း လုပ်ငန်းအဆင့်ဆင့်တွင် စိုက်ပျိုးရေးဦးစီးဌာနနှင့် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနတို့မှ စစ်ဆေးပြီးမှသာ တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိသည့် စာရင်းတွင် ထည့်သွင်းသတ်မှတ်ပေးခြင်း ကို လိုက်နာရမည်။

၁၄။ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် ထုတ်လုပ်သော လုပ်ငန်းရှင်များသည် အထက်ပါအချက်များအပြင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက သတ်မှတ်ထားသော စည်းကမ်းချက်များကိုလည်း လိုက်နာရမည်။

**(ဂ) စိုက်ပျိုးရေးဦးစီးဌာနမှ ဆောင်ရွက်ပေးရမည့် အချက်များ**

၁။ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် (Maize Silage) ထုတ်လုပ်တင်ပို့သည့် ကုမ္ပဏီ၊ အဖွဲ့အစည်းများ၏ မှတ်ပုံတင်ရန် လိုအပ်သည့် လုပ်ထုံးလုပ်နည်းများအား ထုတ်ပြန် သတ်မှတ်ပေးရမည်။

၂။ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် အသုံးပြုရန် ပြောင်းစိုက်ပျိုးခြင်း၊ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် (Maize Silage) ထုတ်လုပ်ခြင်း၊ ထုပ်ပိုးခြင်း၊ သိုလှောင်ခြင်းနှင့် သယ်ယူပို့ဆောင်ခြင်းလုပ်ငန်း အဆင့်ဆင့်တွင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် ပူးပေါင်း၍ စစ်ဆေးပြီး တရုတ်နိုင်ငံသို့ တင်ပို့ခွင့်ရရှိသည့် စာရင်းကို ပြုစုတင်ပြရမည်။

၃။ တင်ပြလျှောက်ထားလာသည့် ကုမ္ပဏီ/ အဖွဲ့အစည်းများအား မှတ်ပုံတင်၍ တရုတ်နိုင်ငံ GACC(General Administration of Customs of China) သို့ ဆက်သွယ်ပေးပို့ဆောင်ရွက်ရမည်။

၄။ "ပြောင်း" စိုက်ပျိုးထုတ်လုပ်သူများအား စိုက်ပျိုးရေးအလေ့အကျင့်ကောင်းများ Good Agricultural Practices (GAP) စနစ်ဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်ရေး၊ လိုအပ်သည့် နည်းပညာပေးရေးလုပ်ငန်းများ ဆောင်ရွက်ပေးရမည်ဖြစ်ပြီး သတ်မှတ်လုပ်ငန်းစဉ်များအတိုင်း လိုက်နာဆောင်ရွက်နိုင်ရေး ကွင်းဆင်းစိစစ်၍ မှတ်တမ်းရေးသွင်းမှု (field record) အား ကြီးကြပ်ဆောင်ရွက်ရမည်။

၅။ ဖျက်ပိုးများ (အင်းဆက်၊ ရောဂါ၊ ပေါင်း) ကျရောက်မှုမရှိစေရန်နှင့် ကျရောက်ပါက ထိရောက်စွာ ကာကွယ်နှိမ်နင်းနည်းများ ဆောင်ရွက်နိုင်ရန်၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ကို လိုက်နာကျင့်သုံးစေရန် ပညာပေးသင်တန်းများ ဆောင်ရွက်ခြင်း၊ စိုက်ကွင်းအတွင်း ကြီးကြပ်ဆောင်ရွက်မှုများကို ပြုလုပ်ပေးရမည်။

၆။ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် (Maize Silage) ကိုယ်စားပြုနမူနာများအား သီးနှံကာကွယ်ရေးဌာနခွဲ၌ စစ်ဆေး၍ သတ်မှတ်ချက်များနှင့်ကိုက်ညီပါက ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (Phytosanitary Ceritifcate, PC) များကို အလုပ်လုပ်ရက် (၃) ရက်အတွင်း ထုတ်ပေးရမည်။

## တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် (Maize Silage) တင်ပို့ရန် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ် (Phytosanitary Ceritifcate, PC) လျှောက်ထားရာတွင် လိုက်နာဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ

**တရုတ်နိုင်ငံသို့ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် (Maize Silage) တင်ပို့လိုသူသည် –**

၁။ သက်ဆိုင်ရာ ဦးစီးဌာနများတွင် မှတ်ပုံတင်ထားရှိပြီးသူဖြစ်ရမည်။

၂။ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက ထုတ်ပေးသော တိရစ္ဆာန်အစာချဉ်ဖတ် ထုတ်လုပ်ခြင်း လုပ်ငန်းခွင့်ပြုလက်မှတ်ရရှိပြီးသော လုပ်ငန်းမှ တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် (Maize Silage) များကိုသာ တင်ပို့ရမည်။

၃။ တိရစ္ဆာန်အစာပြောင်းချဉ်ဖတ်(Maize Silage)ကို ပြည်ပသို့ တင်ပို့ခြင်းအတွက် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ထောက်ခံချက်လက်မှတ် ရရှိပြီးဖြစ်ရမည်။

၄။ ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်ရရှိရန် စိုက်ပျိုးရေးဦးစီးဌာန၊ သီးနှံကာကွယ်ရေးဌာနခွဲ(ရုံးချုပ်)နှင့် နယ်စပ်စစ်ဆေးရေးစခန်းများတွင် ပြည်ပသို့ မတင်ပို့မီ (သင်္ဘော/ လေယာဉ်/ ကားမတင်မီ) ကြိုတင်လျှောက်ထားရမည်။ လျှောက်ထားရာတွင် အောက်ပါအချက်များကို ပြည့်စုံစွာပူးတွဲတင်ပြရမည် –

(က) သတ်မှတ်သည့် ပိုးမွှားကင်းရှင်းကြောင်း သက်သေခံလက်မှတ်လျှောက်လွှာပုံစံ (ဖြည့်စွက်ပြီး)၊

( ခ ) သက်ဆိုင်ရာဘဏ်မှ ငွေသွင်းချလန်(မူရင်း)၊

( ဂ ) တင်ပို့မည့် Maize Silage အတွက် ကိုယ်စားပြုနမူနာ (၁ကီလို/၁၀၀ မက်ထရစ်တန်)၊

(ဃ) တိရစ္ဆာန်အစာပြောင်းချဉ်ဖတ် (Maize Silage) တွင် တိရစ္ဆာန်များ၌ ကူးစက်တတ်သော ရောဂါများ ကင်းရှင်းကြောင်း မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန၏ ထောက်ခံချက်၊

၅။ တရုတ်နိုင်ငံ၏ အောက်ပါသတ်မှတ်ချက်များကိုသိရှိပြီး ပိုးမွှားကင်းရှင်းကြောင်းသက်သေခံ လက်မှတ်ကို လျှောက်ထားရမည်။ တင်ပို့မည့် တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် (Maize Silage) တွင် –

(က) ပိုးစေးနဲ (Mealybug) လုံးဝ ကင်းရှင်းရမည်။


( ခ ) ဒေါင်းနီးမှိုရောဂါ (Brown Stripe Downy Mildew Disease) လုံးဝကင်းရှင်းရမည်။

( ဂ ) စန်ခရမ်မြက်(Bur Grass)၊ ပိစပ်(Siam weed)၊ နံ့စားပြောင်းရိုင်း (Johnson grass)၊ ပြောင်းစားဘီလူး-အဖြူ (Giant witchweed)၊ ပြောင်းစားဘီလူး-အနီ (Red witchweed) နှင့် ပြောင်းစားဘီလူး-ခရမ်း (Purple witchweed) စသည့် ပေါင်းမြက်များ လုံးဝကင်းရှင်းရမည်။

၆။ တင်ပို့မည့်သူကိုယ်တိုင် လျှောက်ထားခြင်းမဟုတ်ပါက ကုမ္ပဏီ Letter Head ဖြင့် ကိုယ်စားလှယ်လွှဲစာ ပါရှိရမည်။ ကုမ္ပဏီတစ်ခုလျှင် ကိုယ်စားလှယ် (၂) ဦး ဆောင်ရွက်ရန် စာရင်းသွင်းမှတ်ပုံတင်ထားရှိရမည်။

၇။ ပိုးမွှားကင်းရှင်းကြောင်းသက်သေခံလက်မှတ်ခမှာ တစ်စောင်လျှင် ၃၀၀၀၀ ကျပ် သတ်မှတ်ထားပြီး သက်ဆိုင်ရာ မြန်မာ့စီးပွားရေးဘဏ်များတွင် ပေးသွင်းရမည်ဖြစ်ပါသည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**



ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာဖတ်ပရိသတ်အပေါင်း မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေ။ ဒီတစ်ပတ်မှာတော့ Case of Nouns (ဝါကျတွင်နာမ်များကို အသုံးပြုပုံ) နဲ့ပတ်သက်ပြီး အဓိပ္ပာယ်ရှင်းလင်းချက်များ၊ နမူနာဝါကျများနဲ့ ရှင်းခနဲ လင်းခနဲဖြစ်အောင် ဖော်ပြပေးလိုက်ပါတယ်။ ဒါ့အပြင် စကားပြောခန်းမှာလည်း "Shortest way to talk about requests-3" ကို နမူနာဝါကျများ၊ စကားပြောခန်းများ၊ ရှင်းလင်းချက်များနဲ့ ဝေဝေဆာဆာ ဖော်ပြပေးထားပါတယ်။ Vocabulary အခန်းမှာလည်း နေ့စဉ်ဘဝမှာအသုံးများတဲ့ အီဒီယံများကို မြန်မာလို အဓိပ္ပာယ်ရှင်းလင်းချက်များ၊ နမူနာများနဲ့တကွ ဖော်ပြပေးလိုက်ပါတယ်။ ဖတ်မှတ်လေ့လာခြင်းအားဖြင့် အင်္ဂလိပ်စာ ဗဟုသုတများ တိုးပွားလာမယ်လို့ ယုံကြည်မိပါတယ်။ စဉ်ဆက်မပြတ်လေ့လာဖတ်ရှုကြဖို့ တိုက်တွန်းရင်း ကိုယ်စိတ်နှစ်ဖြာကျန်းမာ၊ ချမ်းသာပြီး ကိုဗစ်-၁၉ ကာလမှာ ဘေးဘယာတွေ ဝေးကွာကြပါစေ။

## GRAMMAR

### Basic to Intermediate

*(ယခင်အပတ်မှအဆက်)*

ယခင်အပတ်လေ့ကျင့်ခန်းမှ အဖြေများ

**Exercise (1) မှ အဖြေများ**

| Masculine | Feminine | Common | Neuter |
|---|---|---|---|
| Boy | girl | baby | book |
| actor | milkmaid | parent | paper |
| postman | wife | pupil | watch |
| steward | cow | friend | clothes |
| heir | spinster | driver | finger |
| prince | niece | doctor | shirt |
| widower | waitress | neighbour | mango |

**Exercise (2) မှအဖြေများ**

1. The car instructress is a widow.
2. The priestess prayed to the goddesses in the temple.
3. Her mama is a stewardess.
4. Our landlady threats her step-daughter cruelly.
5. The empress praised the heroine.
6. The washerwoman's daughter is a waitress.
7. The witch turned the princess into a duck.
8. His niece is your wife's friend.
9. The huntress shot a tigress and a lioness.
10. The bride's mother is a postwoman.

### Case of Nouns

### ဝါကျတွင် နာမ်များကို အသုံးပြုပုံ


နာမ် (Noun) တွင် Case ရှိသည်။ Case ဆိုသည်မှာ ဝါကျတစ်ကြောင်းတွင် ရှိသော နာမ် (Noun) သို့မဟုတ် နာမ်စား (Pronoun) ၏နေရာအထားအသိုပင် ဖြစ်သည်။ ဝါကျတွင် အသုံးပြုသော နာမ် (Noun) ၏ နေရာပေါ်မူတည်ပြီး အဓိပ္ပာယ်အမျိုးမျိုး ပြောင်းလဲနိုင်သည်။ နာမ် (Noun) ဆောင်ရွက်နိုင်သည့် ကိစ္စလေးမျိုးရှိသည်။ ၎င်းတို့မှာ

(၁) Nominative Case or Subjective Case (ကတ္တားကိစ္စကိုဆောင်ရွက်ခြင်း)
(၂) Accusative Case } Objective Case (တိုက်ရိုက်ကံကိစ္စကိုဆောင်ရွက်ခြင်း)
(၃) Dative Case } Objective Case (သွယ်ဝိုက်ကံ ကိစ္စကိုဆောင်ရွက်ခြင်း)
(၄) Possessive Case (ပိုင်ဆိုင်မှုကိစ္စကိုဆောင်ရွက်ခြင်း)

**(၁) Nominative Case or Subjective Case (ကတ္တားကိစ္စဆောင်ရွက်ခြင်း)**

ကတ္တားကိစ္စဆောင်ရွက်ရာတွင် ဝါကျတစ်ခု၏ ကတ္တားအဖြစ်ဆောင်ရွက်ခြင်း နှင့် ဖြစ်ခြင်းပြကြိယာ၏ အဖြည့်ခံအဖြစ်ဆောင်ရွက်ခြင်းဟူ၍ နှစ်မျိုးရှိသည်။

- the subject of a sentence (ဝါကျတစ်ခု၏ ကတ္တားအဖြစ်ဆောင်ရွက်ခြင်း)
  Maung Hla hit Maung Mya. ဒီနေရာတွင် Maung Hla သည် Subjective Case ဖြစ်သည်။ ထို့အတူ hit ဆိုသည့် verb ၏ doer (ပြုလုပ်သူ) လည်း ဖြစ်သည်။ အလားတူ - Ko Ko reads *the Global New Light of Myanmar.*




ကိုကိုသည် Global New Light of Myanmar သတင်းစာဖတ်နေသည်။

- the complement of the (verb to be) (ဖြစ်ခြင်းပြကြိယာ၏ အဖြည့်ခံအဖြစ်ဆောင်ရွက်ခြင်း)

(am, is, are, was, were တို့ကို ဖြစ်ခြင်းပြကြိယာ Verb to be ဟုခေါ်သည်)

U Maung Maung is a doctor. ဒီနေရာမှာ U Maung Maung နဲ့ ဆရာဝန် တို့ဟာ ပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပြီး သူတို့ဆောင်ရွက်တဲ့ကိစ္စ case ချင်းလည်း တူကြတယ်။

အလားတူ - Mya Mya is a teacher.
မြမြသည် ဆရာမတစ်ယောက်ဖြစ်သည်။

**(၂) Accusative Case (တိုက်ရိုက်ကံကိစ္စကိုဆောင်ရွက်ခြင်း)**

တိုက်ရိုက်ကံကိစ္စကိုဆောင်ရွက်ရာတွင် ကြိယာတစ်ခု၏ တိုက်ရိုက်ကံအဖြစ် အသုံးပြုခြင်းနှင့် ရှေ့ဆောင်ပုဒ်၏နောက်တွင်ထားပြီး ကံပုဒ်အဖြစ်အသုံးပြုခြင်း ဟူ၍ နှစ်မျိုးရှိသည်။

- the direct object of a verb (ကြိယာတစ်ခု၏ တိုက်ရိုက်ကံအဖြစ် အသုံးပြုခြင်း)
- The boy throws a stone. ဒီနေရာမှာ stone သည် ပြုခြင်းခံရသော တိုက်ရိုက်ကံပုဒ်ဖြစ်သည်။
  အလားတူ - A dog bites a woman.
  ခွေးတစ်ကောင်သည် အမျိုးသမီးတစ်ဦးကို ကိုက်သည်။
- after a preposition (ရှေ့ဆောင်ပုဒ်၏နောက်တွင်ထားပြီး ကံပုဒ်အဖြစ် အသုံးပြုခြင်း)
  Noun (နာမ်) တစ်ခုကို ဦးဆောင်ပုဒ်တစ်ခု၏နောက်တွင် ထားသုံးသည့်အခါ ထိုနာမ်သည် ထိုဦးဆောင်ပုဒ်၏ ကံပုဒ်ဖြစ်သည်။ ဥပမာ -
  - The boys play in the playground.
  - Your bag is on the table.

**(၃) Dative Case - the indirect object of a verb (သွယ်ဝိုက်ကံကိစ္စကို ဆောင်ရွက်ခြင်း)**

သွယ်ဝိုက်ကံကိစ္စဆောင်ရွက်ခြင်းဆိုသည်မှာ နာမ်တစ်ခုသည် ကြိယာတစ်ခု ၏ သွယ်ဝိုက်ကံဖြစ်ခြင်းကို သွယ်ဝိုက်ကံကိစ္စဆောင်ရွက်ခြင်း ဟုခေါ်သည်။ ဥပမာ -

- She gives the child a toy.
- The teacher teaches us a new lesson.
- A woman buys her daughter a skirt.

*(ဆက်လက်ဖော်ပြပါမည်)*

## VOCABULARY (IDIOM)

1. read between the lines (ဖုံးကွယ်ထားသော အဓိပ္ပာယ်ကိုရှာဖွေသည်)
   I *read between the lines* of her letter that she had driven him out, and I rejoiced.
2. the lion's share (အကြီးဆုံးအကောင်းဆုံး အစိတ်အပိုင်း)
   As usual, *the lion's share* of the budget is for defence.
3. to look after (ကြည့်ရှုစောင့်ရှောက်သည်)
   Who's going *to look after* the children while you're away?
4. smack one's lips (စိတ်လှုပ်ရှားပျော်ရွှင်သည်)
   They were *smacking their lips* at the thought of clinching the deal.
5. in the long run (နောက်ဆုံးမှာတော့)
   *In the long run*, continuous growth will eventually lead to a high level of development, which has a positive effect on democracy.

## CONVERSATION



### Shortest way to talk about requests - 3

**တစ်စုံတစ်ယောက်ကို တစ်ခုခုလုပ်စေချင်တဲ့အခါ ဘယ်လိုမျိုးပြောရမလဲဆိုတဲ့အသုံးတွေကို ဒီတစ်ပတ်မှာ အပိုင်း (၃) အနေနဲ့ ဆက်လက်ဖော်ပြပေးလိုက်ပါတယ်။**




*I'd like ...*

*have you got ...?*

*I'll have ...*

*give me ...*

*have you got ...?*

*Could I have the bill.....?*

(၁) တစ်ခုခုတောင်းဆိုတဲ့အခါမှာ I'd like ... ဆိုတဲ့ အသုံးအနှုန်းကို please ထပ်ထည့်ပြီးပြောမယ်ဆိုရင်တော့ ပိုပြီး ယဉ်ကျေးသွားပါတယ်။ တစ်ခုခုဝယ်တဲ့အခါ သို့မဟုတ် တစ်ခုခု မှာတဲ့အခါမှာ ဒီလိုမျိုးအသုံးမျိုးကို ပုံမှန်သုံးလေ့ ရှိပါတယ်။ ဥပမာ။

- I won't have any wine, thank you, because I'm driving. *I'd like* a glass of lemonade instead, *please*.
- I won't have pudding, thanks, but *I'd like* some cheese.

(၂) တစ်ခုခုတောင်းဆိုလိုတဲ့အခါမှာ နောက်ထပ်သုံးနိုင်တဲ့အသုံးကတော့ have you got ...? ပဲဖြစ်ပါတယ်။ ဆိုလိုတာကတော့ "ရနိုင်မလား" "ရှိမလား" ဆိုတဲ့သဘောပဲဖြစ်ပါတယ်။ ဒီအသုံးကတော့ အနည်းငယ် အရပ်သဘောဆန်တယ်လို့ပဲပြောရမှာပါ။ ဥပမာ။

- I never drink coffee at this time of day, Jill. *Have you got* any tea?
  *Sure*, Sue. I'll get you some.
- *Have you got* any ice, Meg? I feel like a really cold drink.
  *Sure*. There's some in the freezer.

**ဘာသာစကားရှုထောင့်**

စားသောက်ဆိုင်များနဲ့ ဈေးဆိုင်များမှာ တောင်းဆိုလိုတဲ့အခါ တစ်ခါတစ်ရံမှာ ကိုယ်ပြောချင်တဲ့ အမျိုးအမည်ကို ဖော်ပြ ပြောဆိုပြီး တောင်းဆိုနိုင်သလို အမြဲတမ်းကတော့ ဆိုင်အကူ သို့မဟုတ် စားပွဲထိုးက ကိုယ်ဘာယူမလဲဆိုတာကို မေးလေ့ ရှိပါတယ်။ ဥပမာ။

- Good morning, Mrs Smith. What would you like today?
  *Four of those cream cakes, please.*
- Hello. What can I get you?
  *Half-a-dozen apples, please, and four bananas.*
- Hi. What would you like?
  *Half a kilo of pork sausages, please.*

တစ်ခါတစ်ရံမှာလည်း I'd like ... ဆိုပြီး ကိုယ်လိုချင်တာကို တောင်းဆိုနိုင်ပါတယ်။ please ကို ကိုယ်ပြောလိုက်တဲ့ စကားရဲ့နောက်မှာ ထပ်ထည့်ပေးလိုက်ခြင်းဖြင့် ပိုပြီးတော့ ယဉ်ကျေးစေပါတယ်။ ဥပမာ။

- *I'd like* half a kilo of salmon, please.
  *Certainly*.
- *I'd like* four lamb chops, please.
  *Certainly*. Would you like a large ones or small ones?
  *I'll have* four large steaks.
- What would you like?
  *I'll have* three chicken breast, please.

(၃) စားသောက်ဆိုင်နဲ့ ဈေးဆိုင်တွေမှာ တစ်ခုခုကို တောင်းဆိုလိုတဲ့အခါ သိပ်မယဉ်ကျေးဘဲ ပုံမှန်ပြောလေ့ရှိတဲ့ ပုံစံမျိုးနဲ့ နောက်တစ်မျိုးပြောနိုင်တဲ့ပုံစံကတော့ I'll have ... ပဲဖြစ်ပါတယ်။ "ယူမယ်" ဒါမှမဟုတ် "ပေးပါ" ပေါ့။ တစ်ခါတစ်ရံမှာ please ကိုထည့်ပြီးပြောနိုင်ပါတယ်။ ဥပမာ။

- What can I get you today?

**ဘာသာစကားရှုထောင့်**

I'll have မသုံးဘဲ I want ...ကိုသုံးနိုင်ပါတယ်။ သို့သော်လည်း ဒါက ပိုပြီးမယဉ်ကျေးတဲ့ပုံစံမျိုးဖြစ်စေပါတယ်။ တစ်ခါတစ်ရံမှာတော့ please ကို ထည့်ပြီးသုံးပြောကြပါတယ်။ "လိုချင်တယ်" ပေါ့။ ဥပမာ။

- What can I get for you today?
  *I want* a large bottle of lemonade, *please*.
- What would you like today?
  *I want* two bars of that chocolate, *please*.

(၄) တစ်ခါတစ်ရံမှာလည်း လိုတိုရှင်းပုံစံနဲ့ give me ... ဆိုပြီးပြောနိုင်ပါတယ်။ ပိုပြီးယဉ်ကျေးတဲ့ပုံစံပေါက်ချင်ရင်တော့ please ကိုထည့်ပြီးသုံးနိုင်ပါတယ်။ ဥပမာ။

- What can I get you today?
  *Give me* a packet of those chocolate biscuits, *please*.
- What can I help you?
  *Give me* a carton of orange juice, *please*.

(၅) Have you got ...? ကို please ဆိုတဲ့စကားလုံးလေး ထည့်ပြီး တောင်းဆိုလို့ရနိုင်ပါသေးတယ်။ မြန်မာလိုကတော့ "ရှိလား" "ရနိုင်မလား" ဆိုတာမျိုးပါပဲ။ ဥပမာ။

- Have you decided on a wine yet, sir?
  *Have you got* a really dry French white wine, *please*?
- How can I help you?
  *Have you got* a one-volume children's encyclop(a)edia?

စားသောက်ဆိုင်နဲ့ ဈေးဆိုင်တွေမှာ **ဘယ်လောက် ကျသင့်လဲလို့ မေးရင်**တော့ ဒီလိုမေးနိုင်ပါတယ်။

➢ How much is that? / What does that come to? / How much do I owe you? ဆိုပြီးမေးနိုင်ပါတယ်။ ဥပမာ။

- I'd like a dozen of these cakes and a brown loaf. *How much is that*?
- Two glasses of dry white wine, one glass of red, a gin and tonic, and a pint of lager, please. That's all, thanks. *How much do I owe you*?

**ဘာသာစကားရှုထောင့်**

ဘယ်လောက်ပေးရမလဲဆိုတာကို အရပ်သဘောဆန်ဆန် လွတ်လွတ်လပ်လပ် ပြောချင်ရင်တော့ how much is that? အစား what's the damage? နဲ့သုံးနိုင်ပါတယ်။

❖ Two pints of lager, half a pint of cider and two packets of plain crisps, please. *What's the damage*?

စားသောက်ဆိုင်မှာ စာရင်းရှင်းချင်တဲ့အခါ Could I have the bill, please? Can I have the bill, please? သို့မဟုတ် Could you bring me the bill, please? ဆိုပြီးပြောနိုင်ပါတယ်။

❖ I won't have any dessert or coffee, thank you. *Can I have the bill, please*?

**ဘာသာစကားရှုထောင့်**

အမေရိကန်အပြောမှာတော့ Can I have the check, please? ဆိုပြီးပြောပါတယ်။ ဆိုလိုချင်တာကတော့ "ရှင်းမယ်" ဆိုတဲ့ သဘောပါပဲ။

**At the local shop**

Shop owner: Good morning, Mr Black. What can I get for you today?

Mr Black: I'd like a packet of those mint sweets, please, and a copy of that magazine over there.

Shop owner: There you are, Mr Black, and that's just the right money, thank you. Good morning, Mrs Jones. How can I help?

Mrs Jones: I'll have a large bar of chocolate, please, and a packet of these biscuits, and give me a small bottle of mineral water, please.

Shop Owner: Certainly. That will be $ 11.50.

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာကဏ္ဍနှင့်ပတ်သက်ပြီး အကြံပြုဆွေးနွေးလိုပါက ဆရာဦးတင်လင်းအောင် ဖုန်း-၀၉-၄၄၄၆၆၂၇၆၄ သို့ ဆက်သွယ်အကြံပြုဆွေးနွေးနိုင်ပါသည်။

# အာဖဂန်နစ္စတန်၌ မှားယွင်းစွာတိုက်ခိုက်မှုကြောင့် သေဆုံးသွားသူများ၏ဆွေမျိုးများက အမေရိကန်အစိုးရအား နစ်နာကြေးပေးရန် တောင်းဆို



မှားယွင်းသော လေကြောင်းတိုက်ခိုက်မှုအတွင်း မိသားစုများဆုံးရှုံးခဲ့ရသည့် အီမဲလ်အာမက်ဒီ။

ဝါရှင်တန် စက်တင်ဘာ ၁၉

**အာဖဂန်နစ္စတန်တွင် အမေရိကန်၏ မှားယွင်းသောလေကြောင်းတိုက်ခိုက်မှုအတွင်း မိသားစုများ ဆုံးရှုံးခဲ့ရသည့် အမျိုးသားတစ်ဦးသည် အဆိုပါတိုက်ခိုက်မှုအတွက် တာဝန်ရှိသူများကို အပြစ်ပေးမှု လိုလားသည်ဟု အမေရိကန်မီဒီယာတွင် ဖြေကြားခဲ့သည်။**

အမေရိကန်ဘက်မှ မှားသွားပါသည်ဟု ပြောရုံမျှဖြင့် မလုံလောက်ဟုလည်း အီမဲလ်အာမက်ဒီက အင်တာဗျူးတွင်ဖြေကြားခဲ့သည်။ ဩဂုတ် ၂၉ ရက် ကဘူးလ်မြို့ လေကြောင်းတိုက်ခိုက်မှုအတွင်း သေဆုံးသွားရသည့်အရပ်သား ၁၀ ဦးတွင် ၎င်း၏ သုံးနှစ်အရွယ် သမီးလည်း ပါဝင်သွားခဲ့သည်။

အီမဲလ် အာမက်ဒီ၏ အစ်ကိုဖြစ်သူ မောင်းနှင်လာသည့်ကားကို ဒုံးကျည်ထိမှန်ခဲ့သည်။ အကြမ်းဖက်သမားများကို တင်ဆောင်လာသောကားကို ပစ်မှတ်ထားကာ တိုက်ခိုက်ခဲ့ခြင်း ဖြစ်သည်ဟု အမေရိကန်တပ်ဖွဲ့က ပြောသည်။ အမေရိကန် ဗဟိုကွပ်ကဲရေးဌာနကလည်း အဆိုပါ မှားယွင်းတိုက်ခိုက်မှုအတွက် စက်တင်ဘာ ၁၇ ရက်တွင် တောင်းပန်ခဲ့သည်။

အာမက်ဒီကမူ တောင်းပန်ရုံမျှဖြင့် ၎င်း၏ မိသားစုဝင်များကို ပြန်ခေါ်မပေးနိုင်ဟု ပြောကြားခဲ့သည်။ စုံစမ်းစစ်ဆေးမှု ပြုလုပ်ပေးရန်သာ တောင်းဆိုခဲ့ပြီး ၎င်းတို့ မိသားစုကို နစ်နာကြေး ပေးရန်လည်း အမေရိကန်အစိုးရကို ၎င်းက တောင်းဆိုခဲ့သည်။ **အင်န်အိတ်ချ်ကေ**



ကိုဗစ်-၁၉ ကြောင့် သေဆုံးသွားသူများအတွက် အလံဖြူ ခြောက်သိန်းကျော် ထောင်ထားမှုကို တွေ့ရစဉ်။

## အမေရိကန်၌ ကိုဗစ် -၁၉ ကြောင့် သေဆုံးသွားရသူများအတွက် ရည်စူးကာ အလံဖြူခြောက်သိန်းထောင်ခြင်းအခမ်းအနားပြုလုပ်

**ဝါရှင်တန် စက်တင်ဘာ ၁၉**

အမေရိကန်တွင် ကိုဗစ် -၁၉ ကြောင့် သေဆုံးသွားရသူများအတွက် ရည်စူးကာ အလံဖြူ ခြောက်သိန်းကျော် ထောင်သည့် ပြပွဲအခမ်းအနားကို စက်တင်ဘာ ၁၇ ရက်တွင် ဝါရှင်တန် နေရှင်နယ်မောလ်တွင် ပြုလုပ်ခဲ့သည်။

ဂျွန်ဟော့ကင်းတက္ကသိုလ်၏ တွက်ချက်မှုများအရ အမေရိကန်သည် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုနှုန်းတွင် ကမ္ဘာပေါ်တွင် အများဆုံးဖြစ်သည်။

စက်တင်ဘာ ၁၇ ရက်အထိ အမေရိကန်တွင် ကိုဗစ်- ၁၉ ကြောင့် သေဆုံးသူ ၆၇၂၀၀၀ ရှိပြီဖြစ်သည်။

အလံ တစ်တိုင်ချင်းစီမှာ သေဆုံးသွားသူတစ်ဦးချင်းစီကို ရည်စူးသည်။ အလံများသည် မြက်ခင်းပြင် စတုရန်းမီတာ ၈၀၀၀၀ ကို လွှမ်းခြုံသွားခဲ့သည်။

အမေရိကန် ပြည်ထောင်စုတွင် ဗီဇပြောင်းဒယ်လ်တာမျိုးရပ်စ် ကူးစက်မှုများရှိနေပြီး မကြာသေးမီ ရက်ပိုင်းအတွင်း နေ့စဉ်သေဆုံးမှုနှုန်းမှာ ၂၀၀၀ ထိ ရှိခဲ့သည်။

ကာကွယ်ဆေး ထိုးပေးသည့်နှုန်းမှာလည်း ကိုဗစ် -၁၉ကူးစက်မှုများကို နှိမ်နင်းနိုင်သည်အထိ လွှမ်းခြုံနိုင်ခြင်း မရှိသေးချေ။

**ဆင်ဟွာ**

## ထိုင်းနိုင်ငံ၌ ကိုဗစ်-၁၉ နေ့စဉ်သေဆုံးမှုနှုန်းမှာ ခုနစ်ပတ်အတွင်း အနိမ့်ဆုံးဖြစ်

**ဘန်ကောက် စက်တင်ဘာ ၁၉**

ထိုင်းနိုင်ငံ၌ စက်တင်ဘာ ၁၈ ရက်က ကိုဗစ်-၁၉ ကြောင့် သေဆုံးသူ ၁၂၂ ဦးရှိပြီး ခုနစ်ပတ်တာ ကာလအတွင်း သေဆုံးမှု အနိမ့်ဆုံးဖြစ်သည်ဟု ကိုဗစ် -၁၉ အခြေအနေများ စီမံခန့်ခွဲရေး စင်တာကပြောသည်။

**ထပ်မံ ကူးစက်ခံရ**

ထိုင်းနိုင်ငံတွင် နေ့စဉ်ကူးစက်မှုနှုန်းမှာ နှစ်လကြာ နည်းပါးခဲ့ပြီးနောက် စက်တင်ဘာ ၁၄ ရက်တွင် နေ့စဉ်ကူးစက်မှု ပြန်လည်များပြားလာခဲ့ကာ စက်တင်ဘာ ၁၇ ရက်တွင် ၁၄၁၀၉ ဦး ထပ်မံကူးစက်ခံရသည်။

**တရားဝင်ထုတ်ပြန်**

အရှေ့တောင်အာရှ နိုင်ငံဖြစ်သည့် ထိုင်းနိုင်ငံတွင် ကိုဗစ်-၁၉ ကြောင့် သေဆုံးမှုပေါင်းမှာ ၁၅၂၄၆ ဦးရှိပြီး ကူးစက်မှုနှုန်းမှာ ၁၄၆၂၉၀၁ ဦး ရှိသည်ဟု တရားဝင်ထုတ်ပြန်သည့် အချက်အလက်များအရ သိရသည်။

နောက်ထပ် ကူးစက်မှုများ အနက် ၂၈၄၃ ဦးမှ မြို့တော်ဘန်ကောက်မှဖြစ်သည်။

စက်တင်ဘာ ၁၇ ရက်အထိ ထိုင်းနိုင်ငံတွင် လူပေါင်း ၄၃ဒသမ ၉ သန်းကို ကိုဗစ် – ၁၉ ကာကွယ်ဆေးထိုးပေးခဲ့ပြီး ကာကွယ်ဆေး အပြည့် ထိုးပြီးသူအရေအတွက်မှာ ၂၀ ဒသမ ၃ ရာခိုင်နှုန်းရှိသည်ဟု သိရသည်။

**မျှော်မှန်းထား**

ယခုနှစ်ကုန်ပိုင်းတွင် နိုင်ငံလူဦးရေ၏ ၇၀ ရာခိုင်နှုန်းကို ကာကွယ်ဆေး ထိုးပေးနိုင်ရေး မျှော်မှန်းထားသည်။ **ဆင်ဟွာ**

## ဗြိတိန်နိုင်ငံ၌ ကိုဗစ် -၁၉ ကာကွယ်ဆေးအပြည့်ထိုးသူ ၈၁ ရာခိုင်နှုန်းရှိ

**လန်ဒန် စက်တင်ဘာ ၁၉**

ဗြိတိန်နိုင်ငံတွင် ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၀၁၄၄ ဦး ထပ်မံတွေ့ရှိခဲ့ရာ စုစုပေါင်းကူးစက်ခံရသူအရေအတွက်မှာ ၇၄၀၀၇၃၉ ဦး ရှိလာသည်ဟု စက်တင်ဘာ ၁၈ရက်တွင် အာဏာပိုင်များက တရားဝင် သတင်းထုတ်ပြန်သည်။

နိုင်ငံအတွင်း ကိုဗစ် -၁၉ နှင့် ဆက်စပ်ပြီး သေဆုံးသူ အရေအတွက်မှာ ၁၆၄ ဦးရှိပြီး စုစုပေါင်း သေဆုံးသူ အရေအတွက်မှာမူ ၁၃၅၁၄၇ ဦး ရှိသည်။

ဗြိတိန်နိုင်ငံတွင် အသက် ၁၆ နှစ်နှင့်အထက် ကိုဗစ်–၁၉ ကာကွယ်ဆေး ပထမအကြိမ် ထိုးပြီးသူ ၈၉ ရာခိုင်နှုန်းရှိပြီး ကာကွယ်ဆေး အပြည့်ထိုးပြီးသူ အရေအတွက်မှာ ၈၁ ရာခိုင်နှုန်း ရှိသည်ဟု နောက်ဆုံးထုတ်ပြန်ထားသည့် အချက်အလက်များအရ သိရသည်။

**ဆင်ဟွာ**




ဗြိတိန်နိုင်ငံ လန်ဒန်မြို့တွင် ကိုဗစ် -၁၉ စစ်ဆေးရေးစင်တာရှေ့၌ တန်းစီနေကြသူများကို တွေ့ရစဉ်။

## အိန္ဒိယနိုင်ငံ၌ ကိုဗစ် -၁၉ ကူးစက်ခံရသူ ၃၃ သန်းကျော်ပြီ

**နယူးဒေလီ စက်တင်ဘာ ၁၉**

အိန္ဒိယနိုင်ငံတွင် စက်တင်ဘာ ၁၉ ရက်၌ ကိုဗစ်-၁၉ ကူးစက်ခံရသူ ၃၀၇၇၃ ဦး တိုးလာရာ စုစုပေါင်း ကူးစက်ခံရသူအရေအတွက်မှာ ၃၃၄၄၈၁၆၃ ဦးအထိ ရှိလာသည်ဟု ကျန်းမာရေးဝန်ကြီးဌာန၏ နောက်ဆုံး အချက်အလက်များအရ သိရသည်။

**သေဆုံးသူစုစုပေါင်း ၄၄၄၈၃၈ ဦးရှိ**

ထို့အပြင် သေဆုံးသူအရေအတွက်မှာ ၃၀၉ ဦး တိုးလာသည့်အတွက် သေဆုံးသူစုစုပေါင်းမှာလည်း ၄၄၄၈၃၈ ဦးရှိလာသည်။

သေဆုံးမှုအများစုနှင့် ကူးစက်မှုအများစုမှာ တောင်ပိုင်းကီရာလာပြည်နယ်မှ ဖြစ်သည်။

တိုင်းပြည်အတွင်း လက်ရှိ ကိုဗစ် -၁၉ ရောဂါဝေဒနာခံစားနေရသူအရေအတွက်မှာ ၃၃၂၁၅၈ ဦး ရှိသည်။

**အောင်မြင်စွာကုသပေးနိုင်ခဲ့**

လူပေါင်း ၃၂၆၇၁၁၆၇ ဦးကို အောင်မြင်စွာကုသပေးနိုင်ခဲ့ပြီး ဆေးရုံမှ ဆင်းသွားကြပြီဖြစ်ကြောင်း သိရသည်။

**ဆင်ဟွာ**

# တာလီဘန်တွေ သိမ်းယူလိုက်သော်လည်း အာဖဂန်ကို ဆက်လက်ကူညီနေဦးမယ့် လက်တစ်စုံ သို့မဟုတ် အာဖဂန်မှာသာတဲ့လ

## ထွန်းကျော်

**အာဖဂန်နစ္စတန်နိုင်ငံကလူတွေ ထောင်ပေါင်းများစွာထွက်ပြေးခဲ့ပေမယ့်လည်း လူအများစုကတော့ အဲဒီမှာပဲ ဆက်လက်နေထိုင်ပြီး လူသားချင်းဆိုင်ရာ ဒုက္ခ သုက္ခ မြောက်မြားစွာနဲ့ ရင်ဆိုင်နေရဆဲပါ။ အာဖဂန်နစ္စတန်နိုင်ငံဟာ ရွှေ့ပြောင်းအခြေချနေထိုင်မှုတွေ၊ ကိုဗစ်-၁၉ ကပ်ရောဂါအခြေအနေဆိုးတွေ၊ နှစ်ပေါင်းအတော်ကြာမှ ဖြစ်ပေါ်လာတဲ့ အဆိုးဆုံး မိုးခေါင်ရေရှားမှုတွေ စတဲ့ ဒုက္ခတွေနဲ့ပတ်လည်ဝိုင်းနေပါတော့တယ်။**




ခိုလှုံရေးစခန်းရှိ ကလေးငယ်တစ်ဦးကို တွေ့ရစဉ်။

### မစွန့်ပယ်ဘူး

ဒီလို အခြေအနေတွေကြောင့် ကျွန်တော်တို့ ဒီနိုင်ငံမှာ ဆက်လက်ရှိနေတာပါလို့ အကူအညီပေးရေး ဝန်ထမ်းတွေက ပြောပါတယ်။ ကုလသမဂ္ဂကလေးများ ရန်ပုံငွေအဖွဲ့ (ယူနီဆက်ဖ်) ဟာ အာဖဂန်နစ္စတန်နိုင်ငံမှာ နှစ်ပေါင်း ၆၅ နှစ်ကျော် ကလေးတွေကို စောင့်ရှောက်မှုပေးလျက်ရှိပါတယ်။ ဒီမှာရှိတဲ့ ကလေးတွေရဲ့ အခြေအနေဟာ ပိုပြီးဆိုးလာပါတယ်လို့ ဆက်သွယ်ရေးအကြီးအကဲ ဆမ်မော့တ်က ပြောပါတယ်။

ယူနီဆက်ဖ်ဟာ လုံခြုံရေး အခြေအနေကြောင့် မကြာသေးမီက သူ့ရဲ့ ဆောင်ရွက်ချက်တွေကို ပြန်လည်ချင့်ချိန်သုံးသပ်နေရပါတယ်။ ယူနီဆက်ဖ်က အာဖဂန်နစ္စတန်မှာရှိတဲ့ ကလေးတွေနဲ့ ပြည်သူတွေကို မစွန့်ပယ်ဘူးလို့ မော့တ်က ပြောပါတယ်။

### အကူအညီတွေ အရေးတကြီးလိုအပ်

အာဖဂန်နစ္စတန်နိုင်ငံဟာ အကျပ်အတည်းထဲကို ရောက်နေပါတယ်။ ဒီလိုအကျပ်အတည်းအခြေအနေတွေကို ခပ်ပေ့ါပေ့ါနေပြီး တာဝန်ယူမှုကင်းမဲ့တဲ့ လူတွေဟာ လျော်ကြေးကြီးကြီး ပေးရမှာပါ။ အရေးပေါ် ဆောင်ရွက်ချက်တွေ မလုပ်ဘူးဆိုရင် အသက်ငါးနှစ်အောက် ကလေးငယ် တစ်သန်းခန့်ဟာ ဒီနှစ်ကုန်မှာ ပြင်းထန်ဆိုးရွားတဲ့ အာဟာရချို့တဲ့မှု အာဟာရမပြည့်ဝမှုကို ခံစားရမှာ ဖြစ်ပါတယ်။

ဒုက္ခသည် ခိုလှုံရေးစခန်းတွေမှာ ကလေးတွေရှိတယ်။ ကျောင်းပြင်ပ ရောက်နေတဲ့ ကလေးတွေလည်း ရှိတယ်။ အစားအသောက် မစားရတဲ့ ကလေးတွေလည်းရှိတယ်။ ဆေးဝါးကုသမှုမခံယူရတဲ့ ကလေးတွေလည်း ပါဝင်တယ်။ သူတို့တွေဟာ အကူအညီတွေကို အရေးတကြီး လိုအပ်နေပါတယ်။

### အချိန်ကြာမြင့်စွာ မေ့ပျောက်ဖို့မလွယ်

ကလေးတွေအတွက် တကယ့်ကို ရက်စက်တဲ့ နှစ်တစ်နှစ်ပါပဲ။ ဒီနှစ်စကတည်းက ကလေးငယ် ၅၅၀ လောက်ဟာ တိုက်ပွဲအတွင်းမှာ သေဆုံးခဲ့ပါတယ်။ ဒါဟာ ၂၀၀၅ ခုနှစ်ကတည်းက အမြင့်ဆုံးပမာဏပဲ ဖြစ်ပါတယ်။

ကလေးတွေအပေါ် ရုပ်ပိုင်းနဲ့ စိတ်ပိုင်းဆိုင်ရာ ဆိုးကျိုးတွေ သက်ရောက်လာမယ့်အပေါ် စိုးရိမ်ပူပန်ရပါတယ်။ ကလေးအများစုဟာ ရက်စက်ကြမ်းကြုတ်မှုကို မျက်ဝါးထင်ထင် တွေ့ကြုံခံစားခဲ့ကြရသလို သူတို့ မိဘတွေ၊ သူငယ်ချင်းတွေ၊ မိသားစုဝင်တွေ သတ်ဖြတ်ခံရတာတွေကိုလည်း တွေ့မြင်ခံစားခဲ့ကြရပါတယ်။ ဒီလိုမျိုး ဖြစ်ရပ်တွေဟာ သူတို့အတွက်တော့ အချိန်ကြာမြင့်စွာ မေ့ပျောက်ဖို့ လွယ်မယ်မထင်ပါဘူး။

### လိုအပ်ချက်ရှိသူတွေကိုကူညီ

နည်းလမ်းသစ်တွေကို အသုံးပြုပြီး တာလီဘန်တွေနဲ့ ပူးပေါင်းဆောင်ရွက်လုပ်ကိုင်ရမယ်။ သူတို့နဲ့လက်တွဲလုပ်ဆောင်ရမယ်။ စကားပြောရမယ်။ ကျွန်တော်တို့ လုပ်ငန်းဆောင်ရွက်မှုအတွက် လိုအပ်သူတိုင်းကို ကျွန်တော်တို့ ညှိနှိုင်းဆွေးနွေးမှုတွေ လုပ်ဆောင်သွားမယ်။ နိုင်ငံတကာအသိုင်းအဝိုင်းအနေနဲ့လည်း အာဖဂန်နစ္စတန်နိုင်ငံမှာရှိတဲ့ အမျိုးသမီးနဲ့ ကလေးတွေကို ချန်လှပ်ထားပြီး နောက်ပြန်လှည့်သွားရမယ့် အချိန်မဟုတ်ပါဘူး။

အခုချိန်မှာတော့ လိုအပ်ချက်တွေဟာ ခါတိုင်းထက် ပိုလို့တောင် များလာပြီဖြစ်ပါတယ်။ ယူနီဆက်ဖ်ဟာ ယူနီဆက်ဖ်ရဲ့ မိတ်ဖက်တွေအားလုံးသာမက အစိုးရတွေအားလုံးရဲ့ ထောက်ပံ့မှုတွေ လိုအပ်ပါတယ်။ အကူအညီတွေ၊ လှူဒါန်းမှုတွေ လိုအပ်ပါတယ်။ ဒီလိုမှသာ ကျွန်တော်တို့ကလည်း လိုအပ်ချက်ရှိနေသူတွေကို ကူညီပေးနိုင်မှာ ဖြစ်ပါတယ်။

### ယူနီဆက်ဖ်ဟာ အမြဲရှိနေမှာပါ

ကျွန်တော်တို့တွေ ဘယ်မှမသွားပါဘူး။ ယူနီဆက်ဖ်ဟာ အရင်ကတည်းကလည်း ဒီမှာရှိတယ်။ အခုလည်း ရှိတယ်။ နောင်လည်းရှိနေမှာပါ။ အခုလို အရေးကြီးတဲ့ အချိန်အခါမှာ မွေးခါစ ကလေးငယ်တွေ၊ လေးဖက်ထောက် အရွယ်ကလေးငယ်တွေ၊ မတ်တတ်ရပ်ပြီး လမ်းစလျှောက်တဲ့ ကလေးငယ်တွေ၊ ကိုယ်ဝန်ဆောင်မိခင်လောင်းတွေ၊ အခုလေးတင် ကလေးမွေးထားတဲ့ မိခင်တွေထက် ဘာမှပိုပြီး တန်ဖိုးရှိတာ မရှိပါဘူး။ ဒီအကြောင်းပြချက်တွေကြောင့် ယူနီဆက်ဖ်ဟာ ဒီမှာ အမြဲဆက်ရှိနေမှာပါ။

### အနာဂတ်နဲ့ပတ်သက်ပြီးစိုးရိမ်နေရ

ဒေါက်တာ အက်စ်ဂါနဲ့ အက်ခ်ဘာ အာမက်ဒရာတို့ဟာ ၁၉၈၀ ပြည့်လွန်နှစ်နှောင်းပိုင်း ပြည်တွင်းစစ်မှာ မွေးရပ်ဇာတိဖြစ်တဲ့ အာဖဂန်နစ္စတန်က ထွက်ပြေးလာခဲ့ကြပါတယ်။ အဲဒီအချိန်ကတည်းက သူတို့ညီအစ်ကိုနှစ်ယောက်ဟာ ဂျပန်နိုင်ငံမှာ အခြေချခဲ့ပြီး လူမှုကူညီရေး အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ အီဘရာကီ အပြည်ပြည်ဆိုင်ရာ မိတ်ဖက်နဲ့ လူမှုဖူလုံရေးအဖွဲ့ (အိုင်အိုင်အက်ဖ်အက်ဖ်) မှာ အလုပ်လုပ်ခဲ့ပါတယ်။ သူတို့ဟာ တစ်ခါတစ်ရံမှာ အိုင်အိုင်အက်ဖ်အက်ဖ်အဖွဲ့ဝင်တွေနဲ့ အတူ အာဖဂန်နစ္စတန်နယ်စပ် မြို့ဖြစ်တဲ့ ပက်ရှာဝါမှာ အာဖဂန်ဒုက္ခသည်တွေကို လာရောက်ကူညီလေ့ရှိပါတယ်။ ၂၀၀၁ ခုနှစ် တာလီဘန်အစိုးရ ပြုတ်ကျပြီး နောက်မှာ သူတို့ဟာ ကဘူးလ်ကို ပြန်ခဲ့ကြပါတယ်။

အက်စ်ဂါဟာ ကဘူးလ်မှာပဲ အိုင်အိုင်အက်ဖ်အက်ဖ်က ကူညီဖွင့်လှစ်ပေးခဲ့တဲ့ ဆေးခန်းမှာအလုပ်လုပ်လျက် ရှိပါတယ်။ တာလီဘန်စစ်သားတွေဟာ ကျွန်တော့် ဆေးခန်းလမ်းတစ်လျှောက်မှာ မတ်တတ်ရပ်နေကြပါတယ်။ ကျွန်တော်သူတို့ကို နေ့တိုင်းနှုတ်ဆက်တယ်။ အခုချိန်ထိ သူတို့နဲ့ ဘာပြဿနာမှ မဖြစ်ပါဘူး။ သို့သော်လည်း ကျွန်တော်တို့ဟာ ကျွန်တော်တို့ရဲ့အနာဂတ်နဲ့ ပတ်သက်ပြီး စိုးရိမ်နေကြပါတယ်။ လူတွေ အများကြီး ကိုဗစ်-၁၉ ဗိုင်းရပ်စ်ကူးစက်ခံနေရတာကို ကျွန်တော်တွေ့ခဲ့တယ်။

### ပြည်သူ့အကျိုးကို စွမ်းနိုင်သမျှထမ်းသွားမယ်

လွန်ခဲ့တဲ့ နှစ်အနည်းငယ်က ဂျပန်ကို နှစ်တိုင်း တစ်လလောက် သွားရောက်လည်ပတ်ခဲ့တယ်။ အခုလည်း အဲဒီလိုပါပဲ။ ဘယ်သူပဲတိုင်းပြည်ကို အုပ်ချုပ်အုပ်ချုပ် ကျွန်တော်ကတော့ ကျွန်တော့်ရဲ့ ပုံမှန် အစီအစဉ်အတိုင်းပါပဲ။ ကျွန်တော် ဘယ်တော့မှ အာဖဂန်နစ္စတန်နိုင်ငံကို ခွဲခွာသွားမှာ မဟုတ်ပါဘူး။ ပြည်သူ့အကျိုးကို ကျွန်တော်စွမ်းနိုင်သမျှ ထမ်းဆောင်ဖို့ ကျွန်တော်အလုပ်ကို ပိုကြိုးစားသွားမယ်။ အခုလို အကျပ်အတည်း ဆိုက်နေတဲ့အချိန်မှာ ဂျပန်အစိုးရကို ပြောချင်တာကတော့ အာဖဂန်နစ္စတန်မှာရှိတဲ့ ဆင်းရဲတဲ့သူတွေကို ကူညီပေးဖို့ပဲဖြစ်ပါတယ်။ ဂျပန်အစိုးရက ကျွန်တော်တို့ကို အရင်တုန်းက ကူညီခဲ့ပါတယ်။ အခုထပ်ပြီး ကူညီရမယ့် အချိန်ပါပဲ။

အက်ခ်ဘာဟာ သူအလုပ်လုပ်ရာ ဂျပန်နိုင်ငံ အိုင်အိုင်အက်ဖ်အက်ဖ်နဲ့ သူ့အစ်ကိုရဲ့အလုပ်ကို ကူညီဖို့အတွက် အာဖဂန်နစ္စတန်ကို ပုံမှန် ခေါက်တုံ့ခေါက်ပြန် သွားလာလျက်ရှိပါတယ်။

အာဖဂန်နစ္စတန်မှာ ကမ္ဘာ့အဆိုးဆုံး စီးပွားရေး အဆင့်အတန်းရှိနေပြီး လူတိုင်းကလည်း ဆင်းရဲမှုတွေကို ခံစားနေရပါတယ်။ အဆိုးဆုံးကတော့ ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားမှုကို ကိုယ့်ဘာသာ ကိုယ်ရင်ဆိုင် ဖြေရှင်းနေရတာပဲ ဖြစ်ပါတယ်။ ဒီအခြေအနေတွေဟာ အထူးသဖြင့်တော့ ဝင်ငွေနည်း မိသားစုတွေအတွက် တကယ့်ကို ကံဆိုးမသွားရာ မိုးလိုက်လို့ ရွာဆိုသလိုပဲ။ ဘူးလေးရာ ဖရုံဆင့် ဖြစ်ပါတယ်။ အာဖဂန်ပြည်သူတွေဟာ ကိုယ်ရောစိတ်ပါ လုံခြုံမှုမရသေးပါဘူး။

**ကိုးကား- အင်န်အိတ်ချ်ကေ**

- **ဒုက္ခသည် ခိုလှုံရေးစခန်းတွေမှာ ကလေးတွေ ရှိတယ်။ ကျောင်းပြင်ပရောက်နေတဲ့ ကလေးတွေလည်း ရှိတယ်။ အစားအသောက် မစားရတဲ့ ကလေးတွေလည်း ရှိတယ်။ ဆေးဝါးကုသမှုမခံယူရတဲ့ ကလေးတွေလည်း ပါဝင်တယ်။ သူတို့တွေဟာ အကူအညီတွေကို အရေးတကြီး လိုအပ်နေပါတယ်**
- **အာဖဂန်နစ္စတန်မှာ ကမ္ဘာ့အဆိုးဆုံး စီးပွားရေး အဆင့်အတန်း ရှိနေပြီး လူတိုင်းကလည်း ဆင်းရဲမှုတွေကို ခံစားနေရပါတယ်။ အဆိုးဆုံးကတော့ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုကို ကိုယ့်ဘာသာကိုယ် ရင်ဆိုင်ဖြေရှင်းနေရတာပဲ**

✻ *ကျောဖုံးမှ*

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊
- လက်ကို မကြာခဏဆေးကြောခြင်း၊
- တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊
- မိမိတို့ နေအိမ်တွင် အသက် (၆၅)နှစ်နှင့်အထက် အသက်အရွယ်ကြီးရင့်သူ၊ ဆီးချို၊ သွေးတိုး၊ နှလုံးစသည့် နာတာရှည်ရောဂါတစ်ခုခုခံစားနေရသူရှိပါက ထိုသူအား ပါးစပ်နှင့်နှာခေါင်းစည်းကို တပ်ဆင်ထားစေခြင်း၊
- ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန် လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိရာ (၁၈–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၁၉–၉–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း **(၁၈,၈၃၆)ခု**အား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၁,၇၀၂)ဦး တွေ့ရှိရသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၄,၁၁၀,၃၅၂)ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၄၄၆,၅၇၃) ဦး ရှိပြီ ဖြစ်သည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၂,၃၆၅) ဦးဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၃၉၈,၂၂၀)ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅၇) ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၇,၀၇၃) ဦး ရှိသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၁၈–၉–၂၀၂၁) ရက်နေ့အထိ လူဦးရေစုစုပေါင်း (၅,၅၃၀,၃၆၅)ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၃,၄၇၁,၂၅၁) ဦးနှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၂,၀၅၉,၁၁၄) ဦးရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၁၈–၉–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၉,၀၀၁,၆၁၆) ကြိမ် ထိုးနှံပြီးဖြစ်သည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၁၉–၉–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၆၁၁)ခု | (၁၀၆)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၅၂)ခု | (၁၅)ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၄၇)ခု | (၁၂)ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၈၁)ခု | (၃)ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၁၆၇)ခု | (၄၁)ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၅၀၇)ခု | (၃)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၇၀၁)ခု | (၁၇၁)ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ် ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၆,၃၇၀)ခု | (၁,၃၅၁)ဦး |
| **စုစုပေါင်း** | **(၁၈,၈၃၆)ခု** | **(၁,၇၀၂)ဦး** |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၁၈–၉–၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၂,၀၅၉,၁၁၄) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၃,၄၇၁,၂၅၁) ဦး |
| ပထမအကြိမ်ထိုးနှံပြီးလူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၅,၅၃၀,၃၆၅) ဦး |
| စုစုပေါင်းထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း (Vaccine Doses) | (၉,၀၀၁,၆၁၆) ကြိမ် |

- ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် “ရုံးလုပ်ငန်းဌာနများတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်” နှင့် “တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်” အတိုင်း ကိုဗစ်–၁၉ ရောဂါ ကာကွယ်ရေးနည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ www.mohs.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်သည်။

ကျန်းမာရေးဝန်ကြီးဌာန

## ၁၉- ၉ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၄၂၈၆၆၈၀၅ | ၃၂၄၈၃၂၂၆ | ၆၉၁၅၆၂ |
| ၂။ | အိန္ဒိယ | ၃၃၄၄၈၁၆၃ | ၃၂၆၇၁၁၆၇ | ၄၄၄၈၆၉ |
| ၃။ | ဘရာဇီး | ၂၁၂၃၀၃၂၅ | ၂၀၂၈၀၂၉၄ | ၅၉၀၅၄၇ |
| ၄။ | ဗြိတိန် | ၇၄၀၀၇၃၉ | ၅၉၅၈၆၉၁ | ၁၃၅၁၄၇ |
| ၅။ | ရုရှား | ၇၂၇၄၉၂၈ | ၆၄၉၈၆၈၂ | ၁၉၈၂၁၈ |
| ၆။ | ပြင်သစ် | ၆၉၄၉၅၁၉ | ၆၆၂၆၄၈၆ | ၁၁၆၀၀၂ |
| ၇။ | တူရကီ | ၆၈၂၀၈၆၁ | ၆၃၀၉၉၁၀ | ၆၁၃၆၁ |
| ၈။ | အီရန် | ၅၄၂၄၈၃၅ | ၄၇၆၄၉၉၈ | ၁၁၇၁၈၂ |
| ၉။ | အာဂျင်တီးနား | ၅၂၃၈၆၁၀ | ၅၀၉၃၃၅၁ | ၁၁၄၃၆၇ |
| ၁၀။ | ကိုလံဘီယာ | ၄၉၃၉၂၅၁ | ၄၇၇၇၇၉၆ | ၁၂၅၈၆၀ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၁၉- ၉ - ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၁၉၀၇၆၃ | ၃၉၈၉၃၂၆ | ၁၄၀၄၆၈ |
| ဖိလစ်ပိုင် | ၂၃၆၆၇၄၉ | ၂၁၅၁၇၆၅ | ၃၆၇၈၈ |
| မလေးရှား | ၂၀၈၂၈၇၆ | ၁၈၄၀၄၅၀ | ၂၃၀၆၇ |
| ထိုင်း | ၁၄၇၆၄၇၇ | ၁၃၃၀၀၁၉ | ၁၅၃၆၃ |
| ဗီယက်နမ် | ၆၇၇၀၂၃ | ၄၄၈၃၆၈ | ၁၆၈၅၇ |
| မြန်မာ | ၄၄၆၅၇၃ | ၃၉၈၂၂၀ | ၁၇၀၇၃ |
| ကမ္ဘောဒီးယား | ၁၀၄၀၉၄ | ၉၇၂၂၇ | ၂၁၀၉ |
| စင်ကာပူ | ၇၆၇၉၂ | ၇၀၁၂၄ | ၆၀ |
| လာအို | ၁၉၁၈၅ | ၁၅၁၃၃ | ၁၆ |
| ဘရူနိုင်း | ၅၀၄၇ | ၃၄၅၇ | ၂၆ |

# ကချင်ပြည်နယ်၏ ရေတို/ရေရှည်စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေး စီးပွားရေးလုပ်ငန်းရှင်များနှင့် ဆွေးနွေး

**မြစ်ကြီးနား စက်တင်ဘာ ၁၉**

ကချင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတို/ရေရှည်စီးပွားရေးလုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ပြည်နယ်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များနှင့် ညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၇ ရက်က ပြည်နယ်အစိုးရအဖွဲ့ရုံး မလိခခန်းမ၌ ကျင်းပသည်။ **(ယာပုံ)**



ညှိနှိုင်းအစည်းအဝေးတွင် ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်က ကချင်ပြည်နယ်၏ စီးပွားရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရေတိုကာလနှင့် ရေရှည်ကာလအတွက် အကောင်အထည် ဖော်ဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ မိမိတို့အားလုံးက ညှိနှိုင်းတိုင်ပင် ဆွေးနွေးပြီး အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ လတ်တလော ရေတိုကာလအတွက် ထိရောက်အောင်မြင်နိုင်သည့် စီးပွားရေးလုပ်ငန်းများ ဖြစ်စေ ရေး၊ ပြည်နယ်၏ ရေရှည်စီးပွားရေးအတွက် ခိုင်မာတောင့်တင်းသည့် စီးပွားရေးလုပ်ငန်းများ ဖြစ်စေရေးကိုလည်း မိမိတို့အားလုံးက ညှိနှိုင်းဆွေးနွေး၍ အကောင်အထည်ဖော် ဆောင်ရွက်ရမည်ဖြစ်ကြောင်း တိုက်တွန်းမှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးများက ပြည်နယ်အတွင်း ဒေသနှင့်ကိုက်ညီသည့် စိုက်ပျိုးရေးထွက်ကုန်များနှင့် ရင်းနှီးမြှုပ်နှံနိုင်မည့် လုပ်ငန်းများ၊ ဒေသတွင်း ခရီးသွားဝန်ဆောင်မှုလုပ်ငန်း ဆောင်ရွက်နိုင်သည့်အခြေအနေများနှင့် ရေတို/ ရေရှည်အတွက် ဆောင်ရွက်သင့်သည့် စီးပွားရေးလုပ်ငန်းများနှင့် တက်ရောက်လာကြသည့် ပြည်နယ်အတွင်းမှ စီးပွားရေး လုပ်ငန်းရှင်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ ကုမ္ပဏီလုပ်ငန်းရှင်များက ပြည်နယ်၏ စီးပွားရေးအတွက် ရင်းနှီးမြှုပ်နှံထားရှိမှု အခြေအနေများ၊ ဘိလပ်မြေစက်ရုံနှင့် စီးပွားရေးဇုန်၊ နယ်စပ်ကုန်သွယ်ရေးလုပ်ငန်းများနှင့် ကျောက်မျက်လုပ်ငန်းများ အခြေအနေများနှင့် ပတ်သက်၍ ဖွံ့ဖြိုးတိုးတက်စေရေး ဆောင်ရွက်သွားနိုင်သည့် နည်းလမ်းများကို အကြံပြုဆွေးနွေးတင်ပြခဲ့ကြသည်။

ဆွေးနွေးတင်ပြမှုများအပေါ် ပြည်နယ်ဝန်ကြီးချုပ်က မိမိတို့အနေဖြင့် ရေတိုကာလနှင့် ရေရှည်ကာလ ရင်းနှီးမြှုပ်နှံသွားမည့် စီးပွားရေးလုပ်ငန်းများအပေါ် ကဏ္ဍအလိုက် ပေါက်မြောက်အောင်မြင်အောင် အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး စဉ်ဆက်မပြတ် ညှိနှိုင်းဆွေးနွေးတိုင်ပင်သွားရေး၊ ရေတိုကာလ စီးပွားရေးလုပ်ငန်းများ မြန်ဆန်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆွေးနွေးပေးသည်။

**ပြည်နယ်(ပြန်/ဆက်)**

# ကျန်းမာရေးနှင့်ကိုက်ညီသည့် သန့်ရှင်းလတ်ဆတ်သော အသားများကို ဈေးနှုန်းသက်သာစွာဖြင့် လုံလောက်စွာဝယ်ယူနိုင်ရေးသည် အရေးကြီး
# မွေးမြူရေးထုတ်ကုန်များကို တိုင်းဒေသကြီးအတွင်းသာမက ပြည်ပသို့တင်ပို့နိုင်ရေး ရည်မှန်းလုပ်ဆောင်

မုံရွာ စက်တင်ဘာ ၁၉

**စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော် သည် တိုင်းဒေသကြီး လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးဝင်းတင်စိုး၊ တာဝန်ရှိသူများနှင့်အတူ စက်တင်ဘာ ၁၈ ရက်က စစ်ကိုင်းမြို့နယ် မာလဲတော ကျေးရွာရှိ မိုးပျံနဂါးကုမ္ပဏီလီမိတက် ဘက်စုံမွေးမြူရေးခြံသို့ ရောက်ရှိရာ ခြံတာဝန်ခံ ဦးသက်ပိုင်ဖြိုးက ဘက်စုံမွေးမြူရေးခြံ မြေဧက ၃၀ တွင် ဧက ၂၀ အား စိုက်ပျိုးရေးအတွက် အသုံးပြုထားပြီး ကျန်မြေ ၁၀ ဧကကို မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။**



ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်က လူတိုင်းအတွက် ကျန်းမာရေးနှင့် ကိုက်ညီသည့် သန့်ရှင်းလတ်ဆတ်သော အသားများကို ဈေးနှုန်းသက်သာစွာဖြင့် လုံလောက်စွာ ဝယ်ယူနိုင်ရေးသည် အရေးကြီးပါကြောင်း၊ မွေးမြူရေးထုတ်ကုန်များကိုလည်း ဒေသခံများနှင့် တိုင်းဒေသကြီးအတွင်း သာမက ပြည်ပသို့ တင်ပို့ရောင်းချနိုင်ရေး အတွက်ပါ ရည်မှန်းလုပ်ဆောင်ရန် လိုအပ်ကြောင်း၊ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်း ပေါင်းစပ် ဆောင်ရွက်ပေးကာ ဘက်စုံမွေးမြူရေးခြံအတွင်းဒေသ နွားပြာစိမ်း အကောင်ရေ ၁၉၇ ကောင်၊ CP ဝက် အကောင်ရေ ၁၀၆၇ ကောင်၊ ဂျိတ်နီ ဆိတ် အကောင်ရေ ၇၈ ကောင်၊ တိုင်းရင်းကြက်အကောင်ရေ ၂၉၂ ကောင်၊ မွေးမြူထားရှိမှုနှင့် နေဗီယာမြက်ကိုးဧက စိုက်ပျိုးထားရှိမှုတို့အား လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြတ်ကျော်နှင့် တာဝန်ရှိသူများသည် စစ်ကိုင်း မြို့နယ် အုန်းတောကျေးရွာရှိ သဇင်ပန်း ကြက်မွေးမြူရေးခြံ ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ခြံတာဝန်ခံ ဦးဆန်းယု က အသားတိုးကြက် ကောင်ရေ ၃၈၀၀၀ မွေးမြူထားရှိမှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်ကျေးရွာရှိ ဝက်မွေးမြူရေးခြံ တည်ဆောက်ရေး ရှင်းလင်းဆောင်သို့ ရောက်ရှိရာ ခြံတာဝန်ခံ ဦးဆန်းယုက ဝက်မွေးမြူရေးခြံ တည်ဆောက်နေမှု လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးကာ ဝက်မွေးမြူရေးခြံ တည်ဆောက်နေမှုကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# ကိုဗစ်-၁၉ လူနာများအတွက် သီပေါ- နမ့်လန်၌ အာဟာရများလှူဒါန်း

**သီပေါ စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် နမ့်လန်ဒေသ ပြည်သူ့ဆေးရုံ၌ ဆေးကုသမှုခံယူနေသော လူနာများနှင့် ကိုဗစ်-၁၉ လူနာများအတွက် အာဟာရ ရှိစေရန်နှင့် စိတ်ခွန်အား တိုးစေရန် နမ့်လန်စက်ရုံရပ်ကွက်မှ ဒေါ်အုန်း၊ ဒေါ်လှကြိုင်၊ ဦးတာဘန်း၊ ကိုဌေးအောင်၊ နန်းစိန်ဦး၊ မခင်ချိုဦးနှင့် မောင်နှမများ၊ ကိုခုန်းတီ၊ မအားဆူနှင့် ကုန်းညောင်ကျေးရွာမှ ဦးမြင့်အောင်၊ စိုင်းလာဝ်ဆိုင်-နန်းနွမ်းယဉ် စသည့် အလှူရှင်များက ယနေ့နံနက်ပိုင်းတွင် နမ့်လန်ဖြူစင်နှလုံးသား ပရဟိတအသင်းမှတစ်ဆင့် လှူဒါန်းသည်။




အဆိုပါစားသောက်စရာ အာဟာရများမှ Brand ကြက်ပေါင်းရည် ငါးကတ်၊ သစ်တော်သီးနှစ်ဖာ၊ ပေါင်မုန့် အထုပ် ၂၀၊ PEP-နို့မှုန့်အထုပ် ၂၀၊ ကြက်ဥ အလုံး ၆၀၀၊ ရှောက်ချိုသီး ၃၀၀ နှင့် ရေသန့် ၃၅ ကတ်တို့ကို ဖြူစင်နှလုံးသားပရဟိတအသင်းဥက္ကဋ္ဌ ဦးရန်နိုင်စိုးနှင့်အဖွဲ့ထံ သွားရောက် လှူဒါန်းခဲ့ကြောင်း သိရသည်။ **စိုင်း(သီပေါ)**

# ငဖဲမြို့နယ်အတွင်းရှိ အသက်(၈၅)နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၃၂၈ ဦးအား လူမှုရေးပင်စင်ထောက်ပံ့ငွေများ ပေးအပ်

**ငဖဲ စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် ငဖဲမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာအုပ်စု ၃၃ အုပ်စုမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၃၂၈ ဦးအား လူမှုရေးပင်စင် ထောက်ပံ့ငွေများကို ယနေ့နံနက်ပိုင်းက ရပ်ကွက်/ကျေးရွာများ၌ အိမ်တိုင်ရာရောက် ထောက်ပံ့ပေးအပ်လျက်ရှိကြောင်း သိရသည်။

ထိုသို့ပေးအပ်ခြင်းကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာန၏ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာရေးနှစ် တတိယသုံးလပတ် (ဧပြီ၊ မေ၊ ဇွန်)လအတွက် သက်ကြီးဘိုးဘွားတစ်ဦးလျှင် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ ထောက်ပံ့ပေးခြင်းဖြစ်ပြီး အဆိုပါထောက်ပံ့ငွေများကို ငဖဲမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာ ၃၃ အုပ်စုမှ အသက် ၈၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၃၂၈ ဦး၏ နေအိမ်များသို့ သွားရောက်၍ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးအဖွဲ့များ၊ လူမှုရေးအဖွဲ့များနှင့် တာဝန်ရှိသူများက လက်ဝယ်အရောက် ထောက်ပံ့ပေးအပ်ကြရာ စုစုပေါင်းထောက်ပံ့ငွေကျပ် ၉၈၄၀၀၀၀ ရှိကြောင်း သိရသည်။

**မယု (ငဖဲ)**

# မြောက်ဦးမြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများမှ ပြည်သူများအား သတ်မှတ်စုရပ် ငါးနေရာ၌ ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံ

မြောက်ဦး စက်တင်ဘာ ၁၉

**ရခိုင်ပြည်နယ် မြောက်ဦးခရိုင် မြောက်ဦးမြို့နယ်အတွင်းရှိ မြို့ပေါ်ရပ်ကွက်များနှင့် ကျေးရွာအုပ်စုများရှိ ဘုန်းတော်ကြီးကျောင်းများတွင် ယာယီဖွင့်လှစ်ထားသော တိုက်ပွဲရှောင်စခန်းများမှ လာရောက်ခိုလှုံနေကြသော ကျေးလက်နေတိုက်ပွဲရှောင်ပြည်သူများအား ကိုဗစ်ကာကွယ်ဆေး (Sinopharm) ဆက်လက်ထိုးနှံခြင်းကို ယနေ့ နံနက် ၉ နာရီက သတ်မှတ်စုရပ် ငါးနေရာ၌ မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနဝန်ထမ်းများက အဆိုပါတိုက်ပွဲရှောင်စခန်းများသို့ သွားရောက်ကာ ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ သိရှိရသည်။**



ထိုသို့ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးရာတွင် တိုက်ပွဲရှောင်စခန်းများဖြစ်သည့် ငစွယ်ကန်ကျေးရွာ တိုက်ပွဲရှောင်စခန်း၊ ပြလုကျေးရွာ တိုက်ပွဲရှောင်စခန်း၊ ကုလားချောင်းကျေးရွာ တိုက်ပွဲရှောင်စခန်း၊ ဒိုင်းဂျီရွာသစ် တိုက်ပွဲရှောင်စခန်းနှင့် ရွာဟောင်းတိုက်ပွဲ ရှောင်စခန်းများမှ အသက်(၁၈) နှစ်မှ (၄၅)နှစ်အထိ ပြည်သူ ၁၅၂ ဦး၊ အသက်(၄၅) နှစ်မှ (၆၅)နှစ်အထိ ပြည်သူ ၆၁ ဦး၊ အသက် (၆၅) နှစ်နှင့်အထက် ပြည်သူ ၂၁ ဦးအား မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများက အဆိုပါ တိုက်ပွဲရှောင်စခန်းရှိ ပြည်သူများအား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိသည်။ ထိုသို့မြို့နယ်အတွင်းရှိ တိုက်ပွဲရှောင်စခန်းများ၌ ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးရာတွင် ရပ်ကွက်/ ကျေးရွာ အုပ်ချုပ်ရေးမှူးများ၊ ရပ်/ကျေး စာရေးများနှင့် တိုက်ပွဲရှောင်စခန်းတာဝန်ခံများ ပူးပေါင်းကာ ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်ထားသော ကိုဗစ်-၁၉ ရောဂါဆိုင်ရာ လမ်းညွှန်ချက်များနှင့်အညီ ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ သွေးပေါင်ချိန်တိုင်းတာပေးခြင်း၊ သွေးတိုးနှင့် ဆီးချို ရောဂါ ရှိ/မရှိ စစ်ဆေးပေးခြင်းများနှင့် ပုံမှန်အနေအထား ရောက်ရှိမှသာ ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးခြင်းဖြစ်ရာ ကာကွယ်ဆေးထိုးနှံပြီးသူများ မိနစ် ၃၀ ခန့် အနားယူစောင့်ကြည့်ခြင်းများ ဆောင်ရွက်လျက်ရှိပြီး ယနေ့နံနက်ပိုင်းအထိ တိုက်ပွဲရှောင်စခန်းငါးခုမှ တိုက်ပွဲရှောင် ပြည်သူ စုစုပေါင်း ၂၃၄ ဦးအား ကိုဗစ်ကာကွယ်ဆေးများ ဆက်လက်ထိုးနှံပေးလျက်ရှိကြောင်း သိရသည်။

ခင်မောင်ထွန်း(ပြန်/ဆက်)



လှည်းကူးမြို့နယ်တွင် အသက် ၅၅ နှစ် နှင့်အထက် ပြည်သူများနှင့် သတ်မှတ်ဦးတည် အုပ်စုတွင် ပါဝင်သူများအား စက်တင်ဘာ ၁၉ ရက်က အ-ထ-က(အင်းတိုင်)တွင် ပထမအကြိမ် ကာကွယ်ဆေး ထိုးနှံပေးစဉ်။ ကျော်ကျော်(ပြန်/ဆက်)



ရောဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ်အတွင်းရှိ အသက် (၅၅) နှစ်မှ (၆၄)နှစ်အထိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပေးခြင်းကို အမှတ်(၂)ရပ်ကွက် မိုးလုံလေလုံအားကစားခန်းမ၌ စက်တင်ဘာ ၁၉ ရက်က ထိုးနှံပေးစဉ်။ ဝင်းကြိုင်(ပြန်/ဆက်)



ပဲခူးတိုင်းဒေသကြီး နတ်တလင်းမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ဒုတိယအကြိမ်ကို ဦးစားပေးအစီအစဉ်အလိုက် စက်တင် ဘာ ၁၅ ရက်မှ စတင်ကာ ထိုးနှံပေးလျက်ရှိရာ ဆေးမထိုးရသေးသည့်သူများကို သတ်မှတ်စုရပ်များတွင် ထိုးနှံပေးစဉ်။ ဝေယံဖြိုး(ပြန်/ဆက်)



မိုးမိတ်မြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး မထိုးရသေးသော အသက်(၅၅) နှစ်နှင့်(၆၄)နှစ်ကြား ရဟန်းသံဃာများနှင့် ဒေသခံတိုင်းရင်းသားများအား ပထမနေ့ အဖြစ် စက်တင်ဘာ ၁၉ ရက်က စုရပ်၌ ထိုးနှံပေးစဉ်။ မိုးမိတ်သား(ပြန်/ဆက်)



ရခိုင်ပြည်နယ် ကျောက်ဖြူမြို့တွင် အသက် ၅၅ နှစ်နှင့်အထက်ရှိသူများနှင့် ဦးစားပေး အုပ်စုတွင် ပါဝင်သူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး တတိယအကြိမ်၊ ဒုတိယနေ့အဖြစ် စတင်ထိုးနှံခြင်းကို စက်တင်ဘာ ၁၉ ရက်က အထက(၃)၌ ရပ်ကွက်များအလိုက် ထိုးနှံပေးစဉ်။ တင်ထွန်းဦး(ပြန်/ဆက်)



တောင်ကြီးမြို့တွင် အသက် ၅၅ နှစ်နှင့်အထက် ဘိုး၊ ဘွားများနှင့်ပြည်သူများအား ပထမအကြိမ် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံပေးခြင်းကို စက်တင်ဘာ ၁၉ ရက်က မြို့တော်ခန်းမနှင့် မိုးလုံလေလုံလေ့ကျင့်ရေး အားကစားရုံ၌ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပေးစဉ်။ စိုင်းသန်းကျော်(တောင်ကြီး)

## တံတားဦးမြို့၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေး

**တံတားဦး စက်တင်ဘာ ၁၉**

တံတားဦးမြို့တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ် ထိန်းချုပ်နိုင်ရန်အတွက် ကျန်းမာရေးဝန်ကြီးဌာနက သတ်မှတ်ထားသည့် ဦးစားပေးအုပ်စုများနှင့်အညီ ဆေးထိုးစုရပ်များတွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးပေးသည်။

တံတားဦးမြို့တွင် ဒုတိယအကြိမ် ကာကွယ်ဆေးထိုးနှံ ပြီးစီးသူ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးဘိုးဘွား ၁၆၃၁ ဦး၊ သာသနာ့ဝန်ထမ်း ၁၄၄ ဦး၊အစိုးရ/ပုဂ္ဂလိက ကျန်းမာရေးဝန်ထမ်း ၁၃ ဦး၊ စေတနာ့ဝန်ထမ်း ၂၆၆ ဦး၊ နိုင်ငံ့ဝန်ထမ်း ၅၂၁ ဦး၊ နိုင်ငံ့ဝန်ထမ်း မိသားစုဝင် ၅၁ ဦး၊ ပုဂ္ဂလိကဘဏ် ဝန်ထမ်း ၃၂ ဦး၊ စက်ရုံ/အလုပ်ရုံ ဝန်ထမ်း ၁၄၇ ဦး၊ ပုဂ္ဂလိက ပို့ဆောင်ရေးဝန်ထမ်း ၄၀၂ ဦးနှင့် စူပါမားကတ် ဈေးရောင်းချသူ ၁၈၀ စုစုပေါင်း ၃၃၈၀ ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ် ဆေးထိုးနှံပြီးစီးကြောင်း သိရသည်။

အဆိုပါကာကွယ်ဆေးဒုတိယ အကြိမ် ထိုးနှံပေးခြင်းကို မြို့နယ် ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ်ရေးနှင့် အရေးပေါ်တုံ့ပြန်ရေး ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက သတ်မှတ်ဦးစားပေး အုပ်စုများနှင့်အညီ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီထိ ဆက်လက်ထိုးနှံပေးမည်ဖြစ်ကြောင်း၊ တံတားဦးမြို့နယ်တွင် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသူ ၇၁၈၆ ဦးရှိပြီး ဒုတိယအကြိမ်၌ ကာကွယ်ဆေးထိုးနှံပြီးစီးသူ ၃၃၈၇ ဦးကြောင်း သိရသည်။

**ရဲတင့်(တံတားဦး)**

# တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင်ပြည်သူများက ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ ၊ ဆေးဆွမ်းပဒေသာပင်အလှူငွေများ ပေးအပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေးစစ်ဆေးပေးခြင်းများဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၉**

တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများနှင့် စေတနာရှင် အလှူရှင်များက မြို့နယ်အသီးသီးရှိ ဘုန်းတော်ကြီးကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်း၊ နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခြင်းနှင့် ကျန်းမာရေး စစ်ဆေးပေးခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့ မွန်းလွဲပိုင်းတွင် နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့နယ်အတွင်းရှိ ပရိယတ္တိစာသင်တိုက်များ၊ သာသနာ့နွယ်ဝင်သီလရှင်စာသင်တိုက်များနှင့် တပ်ကုန်းမြို့ ဘိုးဘွားရိပ်သာသို့ တပ်မတော် (ကြည်း၊ ရေ၊ လေ)မိသားစုများနှင့် စေတနာရှင် ပြည်သူများက စုပေါင်းလှူဒါန်းသည့် အလှူငွေကျပ် ၁၃၀၅၄၅၀၀၊ ဆန် ၃၆၅ အိတ် ၁၆ ပြည်၊ ဆီ ပိဿာ ၁၀၉ ဒသမ ၇၀ ၊ ပဲ ၁၀၉၇ ပိဿာ၊ ဆား ၁၀၉၇ ပိဿာ၊ လက်သန့်ဆေးရည် ၁၀၉၇ ဘူးနှင့် ဆေးမျိုးစုံ ၁၅၂၄ ဘူးတို့ကို နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက ငွေတောင်တောရကျောင်းတိုက်သို့သွားရောက်၍ ဆရာတော် ဘဒ္ဒန္တဝိဇ္ဇောတက အမှူးပြုသော သံဃာတော်များထံ ဆက်ကပ်လှူဒါန်းသည်။ ထို့နောက် နယ်မြေခံတပ်မတော် သားများက သက်ဆိုင်ရာ ဘုန်းတော်ကြီးကျောင်းများ အသီးသီးသို့ လိုက်လံပို့ဆောင်၍ ဆက်ကပ်လှူဒါန်းပေးသည်။



နေပြည်တော်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း တပ်ကုန်းမြို့ ငွေတောင်တောရ ပရိယတ္တိစာသင်တိုက် ဆရာတော်ထံ အလှူငွေများ ဆက်ကပ်လှူဒါန်းစဉ်။

အလားတူ ယနေ့တွင် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့ရှိ အောင်မင်္ဂလာ ဘုန်းကြီးကျောင်းနှင့် ဇေယျာသုခဘုန်းတော်ကြီးကျောင်း၊ ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ် ရှမ်းချောင်းကျေးရွာရှိ ရှမ်းချောင်း ဇေတဝန်ကျောင်းတိုက်၊ မှော်ဘီမြို့နယ် ဆပ်သွားတောကျေးရွာရှိ မြိုင်သာယာ သာသနာ့ ဗိမာန်ကျောင်းတိုက်၊ ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့ရှိ မရမ်းကျောင်းတိုက်၊ ပေါ်တော်မူကျောင်းတိုက်၊ သာသနဝိသုဒ္ဓိစစ်ကွင်းကျောင်းတိုက်နှင့် တော်တန်းကျောင်းတိုက်၊ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် စလေဘုန်းတော်ကြီးသင် ပညာရေးကျောင်းတို့ရှိ ဆရာတော်၊ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များအတွက် ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုး၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး အထောက်အကူပြုပစ္စည်းများနှင့် လှူဖွယ်ပစ္စည်းများကို သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာတင်သွင်းနိုင်ရေး စီစဉ်ဆောင်ရွက်ပေးလျက်ရှိ



မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ ကိုဗစ်-၁၉ ရောဂါ ထိန်းချုပ် ကုသရေးဆိုင်ရာ ပစ္စည်းများ တင်သွင်းလာစဉ်။

**နေပြည်တော် စက်တင်ဘာ ၁၉**

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်နှင့် မြဝတီ၊ မူဆယ်၊ ချင်းရွှေဟော်၊ ကန်ပိုက်တီး နယ်စပ်စခန်းလေးခုတို့မှ တင်သွင်းရာ၌ ကုမ္ပဏီ ၁၀ ခုမှ ယာဉ်စီးရေ ၁၂ စီးဖြင့် အောက်ဆီဂျင် (အိုးခွံ) ၈၀၀၊ Oxygen Plant လေးခု၊ အိမ်သုံး Oxygen Concentrator ၄၁၂ ခု၊ PPE ဝတ်စုံ ၂၈၀၀ နှင့် နှာခေါင်းစည်း (Mask) ၁၇ တန် တင်သွင်းခဲ့သည်။ Oxygen Plant လေးခုမှာ မန္တလေးမြို့၊ အမရပူရမြို့၊ ပြင်ဦးလွင်မြို့နှင့် မိုးမိတ်မြို့သို့ တစ်ခုစီဖြစ်ကြောင်း သိရှိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဆိုင်ရာပစ္စည်းများကို ပြည်ပမှ တင်သွင်းရာတွင် နှောင့်နှေးကြန့်ကြာမှုမရှိစေရေးအတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့်သက်ဆိုင်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရှိရသည်။

**သတင်းစဉ်**

## ကာတွန်းဆရာကြီး ဦးဘဂျမ်း၏ ခေတ်အမြင် ကာတွန်း



## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၂၀-၉-၂၀၂၁ တနင်္လာနေ့

### MRTV HD

- **၀၆:၀၀** ဓမ္မစကြာ၊ ရတနသုတ်၊ မေတ္တာသုတ် အနတ္တလက္ခဏသုတ်၊ ပရိတ်တရားတော်
- **၀၇:၀၀** နံနက်ခင်းသတင်း
- **၀၇:၂၀** 'တော်သလင်းလပြည့်ဂရုဝ ဒွါဒဒေါက်နေ့' တရားတော်
- **၀၈:၃၅** ကိုဗစ်-၁၉ ရောဂါကာကွယ် ထိန်းချုပ်ရေးဆိုင်ရာဆောင်ရွက်ချက် များအကြောင်းသိကောင်းစရာ
- **၀၉:၁၀** နဝင်္ဂဥပေါ်သထသီလ
- **၀၉:၃၀** စိုက်ပျိုးရေးရာအဖြေရှာ
- **၁၀:၀၀** သတင်းထဲကသတင်း
- **၁၂:၃၀** 'မေတ္တာလွှမ်းခြုံဘေးရန်လုံ' တရားတော်
- **၁၃:၃၀** MRTV National News
- **၁၅:၀၀** Grade-11 ဘာသာရပ်ဆိုင်ရာ သင်ခန်းစာများ 'မြန်မာစာဘာသာရပ်'
- **၁၇:၀၅** This Week's Special Interest
- **၁၇:၂၀** ကျန်းမာရေးမဂ္ဂဇင်း 'အစာလည်းဆေး၊ ဆေးလည်းအစာ သဘောပေါက်ကိုသုံးစွဲပါ'
- **၁၈:၀၀** ပြည်တွင်းသတင်း
- **၁၈:၃၀** သံစဉ်ချိုမြ မြန်မာတေးအလှ
- **၁၉:၂၀** နိုင်ငံခြားဇာတ်လမ်းတွဲ 'ပြောင်းလဲနိုင်သော အချိန်စက်ဝန်း' (အပိုင်း-၁)
- **၂၀:၀၀** ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
- **၂၁:၀၀** သံစဉ်ဝေဖြာစတီရီယိုတေးတမ္ဘာ
- **၂၁:၂၅** နိုင်ငံခြားဇာတ်လမ်းတွဲ 'နှလုံးသားငေါ်ဆောင်ရာ' (အပိုင်း-၇၁)
- **၂၂:၀၀** ရုပ်မြင်သံကြားဇာတ်လမ်း 'ကံဆိုတာအလုပ်'

### mitv

- **07:01** News
- **07:27** Innovative Handiworks Based On The Art Of Line Drawing
- **07:46** The Iron Rider
- **08:01** Myanmar Masterclass: Impressionism
- **08:07** On the River
- **08:29** Manuha Temple Festivities
- **08:47** Local Tour Guide: Pho Khant
- **09:01** A Journey To Southern Shan State (Ep-1)
- **09:22** Talented Musicians
- **09:30** A Day Life Of Kayan Padaung Tribe
- **10:01** Dances of Myanmar: Mon Traditional Shwe Hintha Dance
- **10:07** The Art of Making Paper Toys
- **10:26** Pyin Oo Lwin Sweater
- **11:26** Maha Myatmuni Buddha Image In Rakhine

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ဗိတ်ငေါ်တယ်လေကယားတို့မြေရပ်ရှာအခြေပြု ခရီးသွားလုပ်ငန်းရှိရာဒေသဆီသို့

**ဝကေကာကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တော်သလင်းလပြည့်နေ့

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
မြန်မာ့လက်မှုပညာပုသိမ်ထီးလုပ်ငန်း

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဓါတ်ကျိုက်ဘုရား

**ချင်း (လိုင်ဇိုး) (၁၁:၀၀ မှ ၁၂:၀၀)**
တောင်ဇလပ်ရဲ့ရှိုးရာအလှ (အပိုင်း-၂)

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
နှိုင်းယှဉ်ဆုံးမစကား (စကားပုံများ)

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အပိုင်း-၁)

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
ဝါးထဲကပိုး

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ခမ်းနားထည်ဝါအင်းသားတို့ရဲ့ရှေးလက်ရာ

**ဝ (၁၉:၀၀ မှ ၂၁:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၄)

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၁၂)

### MRTV PARLIAMENT

- **၀၉:၀၀** အဖွင့်၊ အလံ
- **၁၀:၀၀** ပြည်ထောင်စုရွေးကောက်ပွဲ ကော်မရှင်၏ကြေညာချက် သတင်းများ
- **၁၀:၃၀** ဥပဒေဆိုင်ရာသိမှတ်ဖွယ်ရာ ဆွေးနွေးခန်း (အပိုင်း-၈)
- **၁၁:၀၀** ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'ဖြူစင်သောစိတ်ထား'
- **၁၁:၃၀** အတွေးအမြင် (အပိုင်း-၈)

### MRTV SPORTS

- **၀၆:၀၀** အဖွင့်
- **၀၆:၃၀** အခြေခံအားကစားနည်းစနစ်များ
- **၀၇:၀၀** Sports News
- **၀၇:၃၀** Soccer View/ Weekly Sports Info
- **၀၇:၄၅** အားကစားလောကထဲက သူတို့အကြောင်း
- **၀၈:၀၀** ပြန်လည်ခံစား မြန်မာနေရှင်နယ်လိဂ် ဘောလုံးပွဲစဉ်များ
- **၂၀:၀၀** ပြည်တွင်းသတင်း

MRTV Farmers' Channel ကို နေ့စဉ် နံနက် (၆:၀၀) နာရီမှ ည (၁၀:၀၀) နာရီထိ၊ Education Channel ကို စနေ၊ တနင်္ဂနွေ မှအပ နံနက် (၁၀:၀၀) နာရီမှ ညနေ (၆:၀၀) နာရီထိ ထုတ်လွှင့်ပြသပေးလျက်ရှိပါသည်။

SCAN ME

www.mrtv.gov.mm twitter.com/mrtvwebportal t.me/mrtvnews

# ကသာမြို့နယ်၌ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေး ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေး

**ကသာ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကသာမြို့ရှိ မြို့တော်ခန်းမ၌ မြို့နယ်အတွင်းရှိ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ပထမအကြိမ် ထိုးနှံပြီးသော ပြည်သူများအား စက်တင်ဘာ ၁၉ ရက်က ဒုတိယအကြိမ် ဆက်လက်ထိုးနှံပေးလျက်ရှိသည်။

ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးကို ဩဂုတ် ၂၀ ရက်မှ ၂၃ ရက်အတွင်း ပထမအကြိမ် ထိုးနှံပြီးခဲ့သော ကသာမြို့နယ် အတွင်းရှိ ရပ်ကွက်နှင့် ကျေးရွာများမှ ပြည်သူများအား ယနေ့တွင် ဒုတိယအကြိမ်အဖြစ် ဆက်လက်ထိုးနှံပေးလျက်ရှိရာ မြို့ပေါ်ရပ်ကွက်နှင့် ကျေးရွာများမှ ဆရာတော်၊ သံဃာတော်များ၊ သီလရှင်များ၊ အသက် ၆၅ နှစ်နှင့်အထက် ဘိုးဘွားများနှင့် အသက် ၁၈ နှစ်အထက်ရှိသည့်ပြည်သူများက ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများ လာရောက်ထိုးနှံကြပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရာတွင် ကသာခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထွန်းကျော်ကျော်နှင့်အဖွဲ့၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထက်ဝင်းနှင့် အဖွဲ့ဝင်များ၊ ကသာပြည်သူ့ဆေးရုံမှ ဆေးရုံအုပ်နှင့် တာဝန်ရှိသူများက ဆောင်ရွက်ပေးကြောင်း သိရသည်။

**လူအောင်(ကသာ)**

# သံတွဲမြို့နယ်အတွင်း ကျေးလက်ရေပေးဝေရေး လုပ်ငန်းများဆောင်ရွက်

**သံတွဲ စက်တင်ဘာ ၁၉**

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သံတွဲခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ခွင့်ပြုရန်ပုံငွေဖြင့် ဇီးကျွန်းသား ကုမ္ပဏီမှဆောင်ရွက်သည့် သံတွဲမြို့နယ် ကျောက်ကလပ်ကျေးရွာအုပ်စု ရေဖြူဆည်အိုင်ကျေးရွာနှင့် သစ်ကောက်ကျေးရွာသို့ ရေပေးဝေနိုင်ရန် ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို သံတွဲခရိုင်ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးအောင်သိန်းထွန်း၊ ဒုတိယညွှန်ကြားရေးမှူး(နည်းပညာ)နှင့် တာဝန်ရှိသူများက ယမန်နေ့က သွားရောက်ကြည့်ရှုစစ်ဆေးပြီး နွေရာသီအချိန်၌ ရေပိုက်လိုင်းတစ်လျှောက် သစ်ပင်များကို မခုတ်လှဲကြရန်၊ တောမီးများမရှို့ကြစေရန် သက်ဆိုင်ရာ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနနှင့် ကျေးရွာရေကော်မတီဝင်များအား မှာကြားကြောင်း သိရသည်။

**အောင်လှဖြူ**



## ယနေ့ဈေးကွက်ပေါက်ဈေးများ

၁၉ - ၉ - ၂၀၂၁

### ရွှေ

| | | | | |
|---|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၅၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၄၅၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၈၅၅၀၀၀ |
| မန္တလေး | ၁၅ ပဲရည် | ရောင်းဈေး | တစ်ကျပ်သား | ကျပ် ၁၇၄၅၉၀၀ |

(အောင်သမာဓိမှ ရယူပါသည်)

### စက်သုံးဆီ

| စက်သုံးဆီ | လက်လီဈေး(ရန်ကုန်) | လက်လီဈေး(မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၁၁၆၀/၁၁၇၀ ကျပ် | ၁၁၉၀/၁၂၂၀ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၁၁၆၅/၁၁၈၀ ကျပ် | ၁၂၀၅/၁၂၃၅ကျပ် |
| အောက်တိန်း ၉၂ | ၁၁၆၅/၁၁၇၅ ကျပ် | ၁၂၂၀/၁၂၅၀ကျပ် |
| အောက်တိန်း ၉၅ | ၁၁၉၀ /၁၂၁၅ ကျပ် | ၁၃၀၀/၁၃၂၅ကျပ် |

(၃၆၀ ဒီဂရီ စက်သုံးဆီအရောင်းဆိုင်)

### နိုင်ငံတကာ ငွေကြေးများ

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ကျပ် ၁၇၅၀ . ၀ |
| ဥရောပ | တစ်ယူရို | ကျပ် ၂၀၆၁ . ၄ |
| စင်ကာပူ | တစ်ဒေါ်လာ | ကျပ် ၁၃၀၀ . ၇ |
| ထိုင်း | တစ်ဘတ် | ကျပ် ၅၂ . ၆၃၉ |
| ဂျပန် | ယန်း ၁၀၀ | ကျပ် ၁၅၉၁ . ၁ |
| မလေးရှား | တစ်ရင်းဂစ် | ကျပ် ၄၁၉ . ၄၆ |
| တရုတ် | တစ်ယွမ် | ကျပ် ၂၇၁ . ၁၉ |
| အိန္ဒိယ | တစ်ရူပီး | ကျပ် ၂၃ . ၈၀၈ |

(ဗဟိုဘဏ်ပေါက်ဈေးဖြစ်ပါသည်)

### ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၂၉၀ | ၂၅၈၂၀၀၀ |
| MTSH | ၃၁၀၀ | ၃၁၀၀ | ၆၃၅၂ | ၁၉၆၉၁၂၀၀ |
| MCB | ၇၈၀၀ | ၇၈၀၀ | ၁၂၂၀ | ၉၅၁၆၀၀၀ |
| FPB | ၁၉၅၀၀ | ၂၀၀၀၀ | ၁၂၀ | ၂၃၈၃၀၀၀ |
| TMH | ၂၇၅၀ | ၂၇၅၀ | ၁၀ | ၂၇၅၀၀ |
| EFR | ၃၀၀၀ | ၂၉၀၀ | ၂၁၉ | ၆၃၇၀၀၀ |
| AHP | ၅၀၀၀ | ၅၀၀၀ | ၂၅ | ၁၂၅၀၀၀ |

ညီညီ - စုစည်းသည်

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်
အငယ်တန်းသတင်းထောက်များ - နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဇော်ဝိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ **စာတိုက်သေတ္တာအမှတ်**-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News Presented by NPE www.mdn.gov.mm

# ကျိုးကြောင်းဆင်ခြင်မှုနှင့် စိတ်ခံစားချက်

မျိုးငြိမ်းငယ်

**မိမိပတ်ဝန်းကျင်တွင် နေ့စဉ်လိုလို မြင်တွေ့ခံစားရသည့် အကြောင်းအရာများအနက် လူတစ်ဦးချင်းစီအနေဖြင့် ကိုယ်တိုင်တွေ့ကြုံလာသည့် ကိစ္စရပ်များကို မည်သို့ရှုမြင်ကြသည်၊ မည်သို့နားလည်လက်ခံကြသည်နှင့် မည်သည့်ပုံစံဖြင့် တုံ့ပြန်ကြသည်ဆိုသည်မှာ လွန်စွာစိတ်ဝင်စားဖွယ် ဖြစ်သည်။**

### လူ့သဘော

လူတစ်ယောက်သည် စိတ်ပျော်ရွှင်သည့်အချိန်တွင်ရယ်ရယ်မောမောဖြင့်ပြုမူဆက်ဆံပြောဆိုတတ်၍ စိတ်ဆိုးစိတ်ညစ်နေသည့်အချိန်တွင် အော်တတ်၊ ငေါက်တတ်၊ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုလုပ်ဆောင်တတ်ကြသည်ကို ကြုံဖူးကြပေလိမ့်မည်။ လူတိုင်း ဖြစ်တတ်လေ့ရှိသည်ဟုတော့ မဆိုလိုပါ။ အချို့သည် မိမိစိတ်ခံစားချက်အား သိမြင်နိုင်၊ ထိန်းသိမ်းနိုင်၊ နားလည်လက်ခံနိုင်၊ ဆင်ခြင်စဉ်းစားနိုင်ကြသူများစွာလည်း ရှိကြသည်။ စိတ်ခံစားချက်နောက် လိုက်သူများနှင့် စိတ်ခံစားချက်ကို ဆင်ခြင်ထိန်းသိမ်းနိုင်စွမ်းရှိသူများဟု ပိုင်းခြားဆိုရမည် ဖြစ်သည်။

စိတ်ခံစားချက်များဆိုသည်က လူတိုင်းတွင် ရှိတတ်ကြသည့် လူ့သဘောဖြစ်ရာ စိတ်ရှိနေသမျှ စိတ်ခံစားချက်ဆိုသည်ကလည်း ရှိနေပါမည်။ စိတ်ခံစားချက်ရှိခြင်းသည် သဘာဝဖြစ်ပြီး စိတ်ခံစားချက်ကို နားလည်နိုင်စွမ်းနှင့် တုံ့ပြန်မှုနည်းလမ်းသည် ကာယကံရှင်၏ အရည်အသွေးဖြစ်ပါသည်။

### စိတ်ခံစားမှုများ

စိတ်ခံစားမှုများသည် အတွေးများ၊ ခံစားချက်များ၊ အပြုအမူဆိုင်ရာ တုံ့ပြန်မှုများနှင့် ကျေနပ်မှု သို့မဟုတ် မကျေနပ်မှုတို့နှင့် များစွာဆက်စပ်နေသည့် ဇီဝဗေဒအခြေပြု စိတ်အခြေအနေများဟု ဆိုပါသည်။ ယင်းခံစားချက်များသည် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ တွေ့ကြုံခံစားရမှုများကြောင့် ဖြစ်ပေါ်လာတတ်ပြီး မိမိ၏ အတွင်းနှင့်အပြင် အဖြစ်အပျက်များအပေါ် တုံ့ပြန်တတ်လေ့ရှိပါသည်။

အရစ္စတိုတယ် (ဘီစီ ၃၈၄-၃၂၂) ကမူ စိတ်ခံစားမှုများသည် လူတို့၏ဆုံးဖြတ်ချက်များအပေါ် အကျိုးသက်ရောက်နေသဖြင့် လူတို့အား ပြောင်းလဲစေသည့် ခံစားမှုများဖြစ်သည်။ ယင်းစိတ်ခံစားချက်များတွင် နာကျင်မှု သို့မဟုတ် ကျေနပ်မှုများ၊ ဒေါသ၊ သနားကြင်နာမှု၊ နှစ်သက်မှုတို့နှင့် ယင်းတို့၏ ဆန့်ကျင်ဘက်များ ပါဝင်ကြောင်း ဆိုပါသည်။

ထို့အပြင် စိတ်ခံစားချက်များသည် အများအားဖြင့် ရှင်းလင်းစွာသိမြင်မှုနှင့် ဆုံးဖြတ်နိုင်စွမ်းတို့နှင့် ကွဲပြားခြားနားတတ်ကြသည်။ ကိုယ်ချင်းစာစိတ်၊ သနားကြင်နာစိတ်ကဲ့သို့သော အချို့သော အပြုသဘော စိတ်ခံစားချက်များသည် ဝေဖန်စဉ်းစားတွေးခေါ်နိုင်သည့် စွမ်းရည်တိုးတက်စေနိုင်သော်လည်း ကြောက်ရွံ့မှု၊ စိုးရိမ်မှု၊ ဒေါသစိတ်ကဲ့သို့သော စိတ်ခံစားချက်များသည် ဝေဖန်စဉ်းစားတွေးခေါ်ရာတွင် အဟန့်အတားများ ဖြစ်စေတတ်ပါသည်။ အပြုသဘောစိတ်ခံစားချက်နှင့် အပျက်သဘော စိတ်ခံစားချက်များအလိုက် ယင်းခံစားချက်များအပေါ် ထိန်းသိမ်းနိုင်မှုနှင့် တုံ့ပြန်မှု နည်းလမ်းများအပေါ်မူတည်၍ ကောင်းကျိုး၊ ဆိုးကျိုး အကျိုးဆက်များ ကွာခြားသွားမည်ဖြစ်သည်။

### ကျိုးကြောင်းဆင်ခြင်မှု

ကျိုးကြောင်းဆင်ခြင်မှုသည် အထောက်အထား၊ အချက်အလက်များအပေါ် အခြေခံသည့် ဆုံးဖြတ်ချက် သို့မဟုတ် ကောက်ချက်ချမှုကို အထောက်အပံ့ဖြစ်စေသည့် လုပ်ငန်းစဉ်ဖြစ်သည်။ ယင်းလုပ်ငန်းစဉ်တွင် ပြဿနာတစ်ရပ်ဖြေရှင်းသည့် နည်းလမ်းများ အသုံးပြုခြင်းနှင့် စုံစမ်းစစ်ဆေးခြင်းတို့ ပါဝင်ပါသည်။ အထောက်အထားအခြေပြု ယုတ္တိဗေဒအခြေပြုစဉ်းစားသည့် လုပ်ငန်းစဉ်ဖြစ်သည့်အတွက် ကောင်းမွန်သည့် ဘဝရွေးချယ်မှုဆုံးဖြတ်ချက်များ ချမှတ်ရာတွင်လည်းကောင်း၊ အခက်အခဲစိန်ခေါ်မှုများကို ရင်ဆိုင်ရာတွင်လည်းကောင်း၊ ပြဿနာများဖြေရှင်းရာတွင်လည်းကောင်း မရှိမဖြစ် လိုအပ်ချက်တစ်ရပ် ဖြစ်ပေသည်။

ကျိုးကြောင်းဆင်ခြင်မှုသည် စိတ်ခံစားချက်များအပေါ် အခြေခံလေ့မရှိဘဲ ဖြစ်ပွားနေသည့် ဖြစ်စဉ်ဖြစ်ရပ်၊ အရင်းခံအကြောင်းတရားများ၊ ကြောင်းကျိုးဆက်စပ်မှုနှင့် ဖြစ်လာနိုင်သည့် အကျိုးဆက်များအပေါ်တွင်သာ အခြေပြုဆင်ခြင်စဉ်းစားဆုံးဖြတ်ခြင်းဖြစ်သည်။

> ❒ **များစွာသော နည်းလမ်းများအနက် ကျိုးကြောင်းဆင်ခြင်မှုသည် စိတ်ခံစားမှုထက် ပိုမိုကောင်းမွန်ပါသည်။ မိမိအနေဖြင့် ဆုံးဖြတ်ချက်တစ်ခုမချမှတ်မီ ပိုမိုဝေဖန်သုံးသပ်စဉ်းစား၍ ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားနိုင်ပါက ဆုံးဖြတ်ချက်များသည် မိမိအတွက် အကောင်းဆုံး ဖြစ်နိုင်ခြေ များ**
>
> ❒ **စိတ်ခံစားချက်များနှင့် ဆင်ခြင်စဉ်းစားမှုတို့ကို ချိန်ဆအသုံးပြုမည်ဆိုပါက လူသားဆန်၍ မှန်ကန်သော အတွေးအခေါ်၊ အပြောအဆို၊ အပြုအမူနှင့် လုပ်ဆောင်ချက်များ ရရှိနိုင်**

### လွန်ဆွဲတတ်သည့်အရာ

ခံစားချက်တစ်ခုခုရှိသူတစ်ယောက်အနေဖြင့် မိမိခံစားချက်အတိုင်း အတွေး၊ အကြံ၊ အပြော၊ အပြုအမူတို့နှင့် လွန်ဆွဲတတ်သည်မှာ ကျိုးကြောင်းဆင်ခြင်မှု ဖြစ်ပါသည်။ ကျိုးကြောင်းဆင်ခြင်မှုနှင့် စိတ်ခံစားမှုသည် ဝေဖန်ပိုင်းခြားတွေးခေါ်မှုတွင် အရေးပါသော အစိတ်အပိုင်းများဖြစ်ကြပြီး ယင်းတို့အခန်းကဏ္ဍအား ခွဲခြား၍ဖြစ်စေ၊ ပူးတွဲလျက်ဖြစ်စေ နားလည်ခြင်းသည် ဝေဖန်ပိုင်းခြား စဉ်းစားရာတွင် အရေးပါသည့် ရှုမြင်မှုတစ်ခုဖြစ်သည်။ ယင်းအရာနှစ်ခုသည် တစ်ခါတစ်ရံ ရောယှက်သွားတတ်သော်လည်း မိမိ၏ကျိုးကြောင်းဆင်ခြင်မှု သို့မဟုတ် စိတ်ခံစားမှုများဖြင့် ရွေးချယ်ဆုံးဖြတ်ခြင်းသည် ကိုယ်တိုင်၏ လတ်တလောစိတ်ကျေနပ်မှုအတွက် ဖြစ်စေ၊ ရေရှည်စိတ်ကျေနပ်မှုအတွက်ဖြစ်စေ အရေးပါသော အစိတ်အပိုင်းတစ်ရပ်ဖြစ်သည်။

လူ့သဘာဝအရ စိတ်ခံစားချက်များသည် မိမိတို့၏ စဉ်းစားတွေးခေါ်မှုများအပေါ် လွှမ်းမိုးနိုင်သည့် စွမ်းအားများရှိကြသည်။ သဘောမှာ မိမိတို့သည် အများအားဖြင့် မိမိတို့၏ စိတ်ခံစားချက်များနှင့် သဘောထားများအပေါ်အခြေပြု စဉ်းစားတတ်လေ့ရှိကြခြင်းပင် ဖြစ်သည်။

Physchology Today အဆိုအရ လူအများစုသည် ကျိုးကြောင်းဆင်ခြင်မှုဖြင့် ဆုံးဖြတ်ချက် ချမှတ်ကြသည်ဆိုသည့်တိုင် ဆုံးဖြတ်ချက်အများစုသည် စိတ်ခံစားချက်များ၏ စေ့ဆော်တိုက်တွန်းချက်များမှလာသည်ဟု ဆိုပါသည်။ စိတ်ခံစားချက်များသည် အင်အားပြင်းထန်ကြပါသည်။ ထို့အပြင် တိကျခိုင်မာ၍ပိုင်းခြားဝေဖန်သည့် လုပ်ငန်းစဉ်အသုံးပြု၍ ဆုံးဖြတ်ချက်ချနိုင်သည့် ကျိုးကြောင်းဆင်ခြင်မှုသည် မိမိတို့ ဘဝတွင် တစ်ခါတစ်ရံ ပျောက်ဆုံးသွားတတ်ကြပြီး ဆုံးဖြတ်ချက်များကို ကြောင်းကျိုးဆင်ခြင်၍ ဆုံးဖြတ်တတ်လေ့ရှိသည့်တိုင် တစ်ခါတစ်ရံ စိတ်၏အလိုနောက် ပါသွားတတ်ကြပါသည်။

မည်သို့ပင်ဖြစ်စေ ကျိုးကြောင်းဆင်ခြင်ခြင်းနှင့် စိတ်ခံစားမှုတို့သည် ဆုံးဖြတ်ချက်များ ချမှတ်သည့် လုပ်ငန်းစဉ်တွင် ယင်းတို့နှစ်ခုလုံးမှာ အစွမ်းထက်ကြပါသည်။ ကျိုးကြောင်းဆင်ခြင်မှုသည် ပုံမှန်အားဖြင့် အကောင်းဆုံးသော ဆုံးဖြတ်ချက်များရရှိရန် ခိုင်မာသော ယုတ္တိဗေဒနည်းကိုအသုံးပြု၍ ဆုံးဖြတ်ချက်ချမှတ်ခြင်း လုပ်ငန်းစဉ်ဖြစ်သည်။ အခြားတစ်ဖက်တွင် စိတ်ခံစားမှုသည် မိမိ၏စိတ်အလိုဆန္ဒအစစ်အမှန်ဖြစ်သည်။ အကယ်၍ ကျိုးကြောင်းဆင်ခြင်မှုသည် ဦးနှောက်ဖြစ်သည်ဆိုပါက စိတ်ခံစားမှုများသည် နှလုံးသားဖြစ်၍ ပျော်ရွှင်မှုများ ဖော်ဆောင်ရာနေရာဟု ဆိုနိုင်ပါသည်။ သို့သော် ဆုံးဖြတ်ချက်ချမှတ်ရသည့်အခါ ယင်းတို့နှစ်ခုစလုံးတွင် အားနည်းချက်၊ အားသာချက်များ ရှိနေတတ်သည်ကို သတိပြုကြရမည်ဖြစ်သည်။

### စိတ်ခံစားမှုလိုအပ်ခြင်း

စိတ်ကျေနပ်ဖွယ် ဘဝတစ်ခုဖြစ်ရန်အတွက် စိတ်၏ခံစားမှုများမပါဘဲ ကျိုးကြောင်းဆင်ခြင်မှုဖြင့် အမြဲတစေ မပြည့်စုံနိုင်ကြချေ။ အထူးသဖြင့် ဘဝတစ်ခုလုံး စိတ်ကျေနပ်မှုအတွက်ဖြစ်စေ၊ လတ်တလောစိတ်ကျေနပ်မှုအတွက်ဖြစ်စေ စိတ်ခံစားမှုများ လိုအပ်ပါသည်။ လူမှုပေါင်းသင်းဆက်ဆံရေး၊ အလုပ်အကိုင်နှင့် အခြားသော အဓိကဆုံးဖြတ်ချက်များသည် အစဉ်သဖြင့် စာရွက်နှင့်ဘောပင် ဆုံးဖြတ်ချက်များ မဖြစ်နိုင်ချေ။ ဥပမာအားဖြင့် လက်တွဲဖော်တစ်ဦးသည် ယုတ္တိဗေဒသဘောအရ စာရွက်ပေါ်တွင် အဆင်ပြေနိုင်သော်လည်း လက်တွေ့တွင် မေတ္တာတရားနှင့် စိတ်လှုပ်ရှားမှု မပေးနိုင်သည်များလည်း ရှိတတ်ကြသဖြင့် ယင်းတို့သည် မှန်ကန်သော လက်တွဲဖော်အဖြစ် မဆိုနိုင်ချေ။

ထို့အတူ အချို့သော ကိစ္စရပ်များသည် ကျိုးကြောင်းဆင်ခြင်မှုအရဖြစ်စေ၊ အချက်အလက် အထောက်အထားအရဖြစ်စေ၊ ယုတ္တိဗေဒသဘောအရဖြစ်စေ မှန်ကောင်းမှန်နိုင်သော်လည်း လူသားဆန်မှုရှုထောင့်မှကြည့်လျှင် ပြီးပြည့်စုံသည်ဟု မဆိုလိုနိုင်ချေ။ ကျိုးကြောင်းဆင်ခြင်မှုနှင့် စိတ်ခံစားချက်ကို မျှတစွာချင့်ချိန်အသုံးချရန် လိုအပ်သည့်သဘောပင်ဖြစ်သည်။

### ဘယ်ဟာအကောင်းဆုံးလဲ

များစွာသောနည်းလမ်းများအနက် ကျိုးကြောင်းဆင်ခြင်မှုသည် စိတ်ခံစားမှုထက် ပိုမိုကောင်းမွန်ပါသည်။ မိမိအနေဖြင့် ဆုံးဖြတ်ချက်တစ်ခုမချမှတ်မီ ပိုမိုဝေဖန်သုံးသပ်စဉ်းစား၍ ဓမ္မဓိဋ္ဌာန်ကျကျ စဉ်းစားနိုင်ပါက ဆုံးဖြတ်ချက်များသည် မိမိအတွက် အကောင်းဆုံးဖြစ်နိုင်ခြေ များလေဖြစ်ပါသည်။

မိမိတို့၏ စိတ်ခံစားချက်များနှင့် အစွဲများအရ လုပ်ဆောင်မှုနည်းလေ စိတ်လိုက်မာန်ပါပြုလုပ်မှုနှင့် ကြောင်းကျိုးမဆီလျော်သည့် ဆုံးဖြတ်ချက်ချမှတ်မှု နည်းလေဖြစ်ပါသည်။ စိတ်ခံစားချက်သည် လူသားတစ်ဦးအနေဖြင့် လိုအပ်သည်ဖြစ်သော်လည်း အရာရာတိုင်းအား စိတ်ခံစားချက်ဖြင့် ချဉ်းကပ်ဆုံးဖြတ်လုပ်ကိုင်ရန် ခက်ခဲပါသည်။ အထူးသဖြင့် အများနှင့်စုစည်းလုပ်ကိုင်ကြရသည့် အခြေအနေများတွင် တစ်ဦးတစ်ယောက်၏အလိုဆန္ဒ၊ စိတ်ခံစားချက်ဖြင့် လုပ်ကိုင်မည်ဆိုပါက အများ၏ ဆန္ဒသဘောထား၊ ဘုံရည်မှန်းချက်တို့နှင့် ဆန့်ကျင်နိုင်ပါသည်။ ယင်းသို့သော အခြေအနေတွင် ဖြစ်ချင်သည်ထက် ဖြစ်သင့်သည်ကို ကျိုးကြောင်းဆင်ခြင်မှုဖြင့် ရွေးချယ်ခြင်းက အနီးစပ်ဆုံးအဖြေကို ရှာဖွေနိုင်မည်ဖြစ်သည်။

### အသုံးချခံဖြစ်တတ်

စိတ်ခံစားချက်များသည် လူတစ်ယောက်အတွက် စေ့ဆော်တိုက်တွန်းအား များစွာဖြစ်စေတတ်သည်ဖြစ်သဖြင့် ပျော်ရွှင်၍ စိတ်ဓာတ်တက်ကြွနေသူတစ်ဦးတွင် စိတ်စွမ်းအားများ ရှိနေသကဲ့သို့ အမုန်းတရား လွှမ်းမိုးနေသူတစ်ယောက်တွင်လည်း စိတ်စွမ်းအားများ ရှိနေပါသည်။ သို့သော် မတူညီသော ယင်းစွမ်းအားတို့၏ သဘော၊ လားရာနှင့် အကျိုးဆက်တို့တွင်တော့ တူညီမည်မဟုတ်ချေ။ စိတ်အခြေခံ၊ ပညာ၊ ရင့်ကျက်မှုနှင့် ကျိုးကြောင်းဆင်ခြင်စဉ်းစားနိုင်မှုတို့အပေါ်မူတည်၍ တစ်ဦးနှင့်တစ်ဦး ကွဲပြားမှုရှိနိုင်ပါသည်။

သို့ဖြစ်ရာ မိမိ၏စိတ်ခံစားမှုများအခြေအနေကို ကိုယ်တိုင်သိရှိနားလည်ထားမည်ဆိုပါက မိမိကိုယ်ကိုယ်ထိန်းသိမ်းခြင်း၊ ဆုံးဖြတ်ချက်များ ချမှတ်ခြင်း၊ အများနှင့် ပေါင်းသင်းဆက်ဆံခြင်း၊ ပြဿနာတစ်ရပ်အပေါ်ရှုမြင်ခြင်းနှင့် ဖြေရှင်းခြင်းတို့ကဲ့သို့သော အများနှင့်သက်ဆိုင်သည့် ကိစ္စရပ်များတွင် ကောင်းသောအကျိုးဆက်များကို ရရှိနိုင်မည်ဖြစ်ပါသည်။ ထို့အပြင် စိတ်ခံစားချက်များနှင့် ဆင်ခြင်စဉ်းစားမှုတို့ကို ချိန်ဆအသုံးပြုမည်ဆိုပါက လူသားဆန်၍ မှန်ကန်သော အတွေးအခေါ်၊ အပြောအဆို၊ အပြုအမူနှင့် လုပ်ဆောင်ချက်များ ရရှိနိုင်မည်ဖြစ်သည်။

သို့သော်လည်း ကျိုးကြောင်းဆင်ခြင်မှုနှင့် ဆင်ခြင်တုံတရားထက် စိတ်ခံစားချက်ကိုသာ ဦးစားပေး အလေးထားမည်ဆိုပါက အထူးသဖြင့် အပျက်သဘောခံစားချက်များ လွှမ်းမိုးနေပါက ကိုယ်တိုင်အတွက်လည်း အကျိုးမပြုနိုင်သကဲ့သို့ ပတ်ဝန်းကျင်ကိုလည်း ပျက်စီးစေနိုင်သည်ကို သတိချပ်ရမည်ဖြစ်သည်။ အထူးသတိပြုရမည်မှာ လူ့သဘောအရဖြစ်တတ်သည့် စိတ်ခံစားချက်များကို အခြားသူများက အသုံးချတတ်ကြခြင်းဖြစ်သည်။ ထိုသို့အသုံးချနိုင်ရန်အတွက် လူတို့၏ ဖြစ်တတ်သော စိတ်ခံစားချက်များကို လှုံ့ဆော်တတ်ကြပါသည်။ ထိုသို့လုပ်ဆောင်သူများထဲတွင် တွေ့ရလေ့ရှိသည်မှာ နိုင်ငံရေးသမားများ၊ စည်းရုံးရေးသမားများသည် လူတို့၏စိတ်ခံစားချက်ကိုလိုက်၍ ပြောဆိုစည်းရုံးအသုံးချကြလေ့ရှိကြခြင်း ဖြစ်သည်။

အထူးသဖြင့် လူအများအားစည်းရုံးလုပ်ဆောင်ရာတွင် စိတ်ခံစားချက်များကို လှုံ့ဆော်ပေးခြင်းအား အကောင်းဆုံးနည်းလမ်းတစ်ရပ်အဖြစ် အသုံးချတတ်သည်ကို နိုင်ငံရေးမဲဆွယ်ပွဲများ၊ နိုင်ငံရေးလှုပ်ရှားမှုနှင့် လူထုအုံကြွမှုများတွင် သိသာစွာတွေ့မြင်နိုင်ပါသည်။ မည်သို့ပင်ဆိုစေ မိမိ၏ စိတ်ခံစားချက်ကို သိရှိနားလည်၍ မှန်ကန်သော ဆုံးဖြတ်ချက်ရရှိရန်မှာ မိမိ၏ ကျိုးကြောင်းဆင်ခြင်နိုင်စွမ်းအားပင် ဖြစ်ပါသည်။ ။

## သကြားဈေးကွက်အပေါ် ချိန်ဆ၍ စိုက်ပျိုးနေရသည့်အတွက် ကြံစိုက်တောင်သူအများစု အဆင်မပြေ

**စက်တင်ဘာ ၁၉**
သကြားဈေးကွက် အတက်အကျအပေါ် ချိန်ဆ၍ စိုက်ပျိုးထုတ်လုပ်နေရသည့်အတွက် ကြံစိုက်တောင်သူအများစု အဆင်မပြေမှုများ ကြုံတွေ့နေရကြောင်း သိရသည်။

"ကျွန်တော်တို့ဆီက ကြံတွေကိုတော့ တောင်ကြီးမြို့နယ်တောင်လေးလုံးကျေးရွာမှာ ရှိတဲ့ သကြားချက်တဲ့စက်ရုံကို တင်ပို့ရောင်းချနေပါတယ်။ ကြံအချောင်းလိုက်ကို ခုတ်ပြီး စက်ရုံအရောက် တင်ပို့ရောင်းချတာပါ။ ဒီနှစ် ပေါက်ဈေးက မသိသေးပေမယ့် မနှစ်က ဈေးကတော့ ကြံတစ်တန်ကို ငွေကျပ် ၄၃၀၀၀ ရခဲ့ပါတယ်။ ဈေးကွက်အခက်အခဲတော့ ရှိနေပါတယ်။ ကြံဈေးကလည်း သကြားဈေးနဲ့ချိန်ပြီး သွားရတာဆိုတော့လေ။ ပြီးခဲ့တဲ့ သုံးနှစ်လုံးလည်း ကြံဈေးမကောင်းခဲ့လို့ တောင်သူတွေ အဆင်မပြေခဲ့ကြပါဘူး"ဟု ရှမ်းပြည်နယ်တောင်ပိုင်း ညောင်ရွှေမြို့နယ် တိလောကျေးရွာအုပ်စု တိလောရွာအကွက်(၁)မှ ကြံသီးနှံစိုက်ပျိုးထုတ်လုပ်သူ ကိုစိုးဝင်းက ပြောသည်။

ကြံတစ်ဧက စိုက်ပျိုးပါက စတင်စိုက်ပျိုးစဉ်မှ ရိတ်သိမ်းချိန်အထိ စုစုပေါင်းပျမ်းမျှ ကုန်ကျစရိတ်ငွေကျပ် ၁၀ သိန်းဝန်းကျင် ကုန်ကျပြီး ဒေသတစ်ခုနှင့်တစ်ခု ကုန်ကျစရိတ်များလည်း မတူကွဲပြားနိုင်ကြောင်း သိရသည်။

"ကြံမျိုးပင်ကျတော့ တောင်သူအချင်းချင်း ဝယ်မယ်ဆိုရင် တစ်ပင်ကို ငွေကျပ် ၅၀ ကနေ ၁၀၀ အတွင်း ဈေးနှုန်းရှိပါတယ်။ တချို့ဒေသတွေနဲ့လည်း ဈေးမတူတာမျိုး ရှိနိုင်ပါတယ်။ ကျွန်တော်တို့ဒေသမှာတော့ တစ်ဧကပျမ်းမျှကုန်ကျစရိတ်စုစုပေါင်းက ငွေကျပ်ကိုးသိန်းကျော်၊ ၁၀ သိန်းလောက် ကုန်ကျတယ်။ ကြံတစ်တန်ရောင်းတဲ့အခါမှ ငွေကျပ်လေးသောင်းကျော်ကျော်ပဲ ရတာဆိုတော့ စိုက်ပျိုးစရိတ် ကုန်ကျထားတာနဲ့ ပြန်ရတာနဲ့က တွက်ခြေမကိုက်ကြပါဘူး"ဟု ၎င်းက ဆက်လက်ပြောသည်။

ကြံပင်၏ စိုက်ပျိုးသက်တမ်းမှာ အချိန် ၁၁ လမှ တစ်နှစ်အတွင်း ကြာမြင့်ကြောင်း သိရသည်။ **နန်းထက်ထက်ချစ်**

## ဈေးပိုရသော ဒေသမျိုးရင်းနွယ် ကြက်များကို စီးပွားဖြစ်မွေးမြူလာကြ

**ခါမ်းပါတ် စက်တင်ဘာ ၁၉**
စစ်ကိုင်းတိုင်းဒေသကြီး ခါမ်းပါတ်မြို့တွင် ဒေသခံများအနေဖြင့် လယ်ယာစိုက်ပျိုးရေးကိုသာအဓိကထား လုပ်ကိုင်ကြသော်လည်း ဥယျာဉ်ခြံ စိုက်ပျိုးခြင်းနှင့် မွေးမြူရေးလုပ်ငန်းများကိုပါ တွဲဖက်လုပ်ကိုင်လာကြပြီဖြစ်သည်။

ကြက်မွေးမြူသူများအနေဖြင့် ယခင်က အသားတိုးကြက်များကိုသာ မွေးမြူခဲ့ကြသော်လည်း ယခုအခါ ဈေးကွက်ရရှိမှုအပေါ်မူတည်၍ ဒေသမျိုးရင်းနွယ်ကြက်များကိုပါ စမ်းသပ်မွေးမြူလျက်ရှိကြောင်း သိရသည်။




အဆိုပါ ကြက်များကို အကောင်ပေါက်တစ်ကောင်လျှင် ငွေကျပ် ၁၅၀၀ ဖြင့် ပေးဝယ်ရပြီး ခြောက်လဝန်းကျင်တွင် ဈေးကွက်သို့ တင်ပို့ရောင်းချနိုင်ပြီ ဖြစ်ကြောင်း သိရသည်။

အဆိုပါ ကြက်များကို မွေးမြူရာတွင်အသားတိုးကြက်များကဲ့သို့ ကရိကထမများဘဲ ဈေးနှုန်းပိုမိုရရှိကာ ဒေသတွင်း အသားလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရုံမျှမက မိသားစုဝင်ငွေအတွက် များစွာ အထောက်အပံ့ဖြစ်စေကြောင်း သိရသည်။
**သားငယ်(ခါမ်းပါတ်)**

## ပေါ်ဦးစ ထိုင်းနှံကောက် မိုးစပါးအစိုတင်း ၁၀၀ လျှင် ငွေကျပ် ၅၃၀၀၀၀ ဈေးဖြင့်ဝယ်ယူ

**ရေတာရှည် စက်တင်ဘာ ၁၉**
ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ်တွင် သက်ရင့်ထိုင်းနှံကောက်စပါးမျိုးများ စတင်ရိတ်သိမ်းကြပြီဖြစ်ရာ ရိတ်ခြွေစက်ကျ အစိုတင်း ၁၀၀ လျှင် ငွေကျပ် ၅၃၀၀၀၀ ဖြင့် ရောင်းချရကြောင်း ဆွာမင်းလမ်းကျေးရွာနေ တောင်သူ ဦးမြင့်ဦးထံမှ သိရသည်။

"ရွာက စပါးပွဲစားတွေက ငွေကျပ်ငါးသိန်းဈေးပဲပေးတယ်။ ငါးသိန်းဈေးဆိုရင်မကိုက်ဘူး။ ဓာတ်မြေဩဇာဈေးတွေက အလွန်ကြီးတော့ အကုန်အကျများတယ်။ ရိတ်ခြွေစက်သမားတွေက နေပြည်တော် သာဝတ္ထိမြို့ဘက်က ပွဲစားကိုချိတ်ပေးလို့ အခုဈေးနဲ့ ရောင်းလို့ရတာ"ဟု ၎င်းက ဆက်ပြောသည်။

နှစ်စဉ် မိုးစပါးရာသီချိန်တိုင်း ပေါ်ဦးစဥ် ဈေးကောင်းလေ့ရှိပြီး နေရာဒေသအနှံ့ စပါးဖြိုင်ဖြိုင်ပေါ်ချိန်ရောက်လာလျှင် ဝယ်လိုနိုင်အားထက် ရောင်းလိုအားပမာဏက များပြားသည်ဖြစ်ရာ စပါးအရောင်းအဝယ်လုပ်သူများက အကြွေးစနစ်ဖြင့် ဈေးနှိမ်ဝယ်ယူခြင်း၊ ၁၆ ပြည်ထက်ပိုသော တင်းတောင်းကြီးများဖြင့် ချိန်တွယ်ယူခြင်း၊ ဝယ်ယူပြီးသည့် စပါးများကို အခြောက်လှန်းစက်တွင် ကြိတ်ခွဲရောင်းချပြီးနောက် ငွေပေါ်မှသာ တောင်သူများကို စပါးဖိုးငွေပြန်လည်ပေးချေခြင်းတို့ကြောင့် တောင်သူများမှာ ရရှိသင့်သော အကျိုးခံစားခွင့်နည်းပါးနေကြရခြင်းများလည်း ရှိနေသည်။
**သန်းလွင်**

## ရေးမြို့နယ်ဒေသထွက် ကွမ်းသီးများ ပြည်ပမှ အဝယ်လိုက်သဖြင့် ဈေးကောင်း

**ရေး စက်တင်ဘာ ၁၉**
မွန်ပြည်နယ် ရေးမြို့နယ်ဒေသထွက် ကွမ်းသီးများကို ပြည်ပနိုင်ငံများမှ အဝယ်လိုက်နေခြင်းကြောင့် ကွမ်းသီးဈေးမှာ ယခင်နှစ်များထက် စံချိန်တင် မြင့်တက်လျက်ရှိကြောင်း သိရသည်။

ဒေသထွက် ကွမ်းသီးခြောက်များ နည်းပါးလာခြင်းနှင့် ပြည်ပနိုင်ငံများမှ မှာယူမှုများပြားနေခြင်းကြောင့် ယခင်နှစ်များက တစ်ပိဿာလျှင် အနိမ့်ဆုံးဈေး ငွေကျပ် ၄၀၀၀ မှ အမြင့်ဆုံးဈေး ငွေကျပ် ၅၀၀၀ အထိသာရရှိခဲ့သည့် ကွမ်းသီးဈေးသည် ယခုနှစ်တွင် တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀၀ အထိ စံချိန်တင်ရရှိလျက်ရှိသည်။

"ကျွန်တော်တို့အနေနဲ့ ယခုလိုကွမ်းသီးဈေးငွေကျပ် ၁၀၀၀၀ အထိ တစ်နှစ်မှ မရဖူးပါဘူး။ ဒီနှစ်မှ အခုလိုဈေးရတဲ့အတွက် အတိုင်းမသိဝမ်းသာရတယ်။ လာမယ့်နှစ်တွေမှာ အခုလိုဈေးကောင်းရပါစေလို့ပဲ ဆုတောင်းနေရတယ်" ဟု ကွမ်းသီးခြံပိုင်ရှင်တစ်ဦးက ပြောသည်။

ရေးမြို့နယ်ဒေသထွက် ကွမ်းသီးများကို ပြည်တွင်းသာမက ပြည်ပနိုင်ငံများဖြစ်သည့် အိန္ဒိယနှင့် ဘင်္ဂလားဒေ့ရှ်နိုင်ငံများသို့ အဓိကထားပြီး နှစ်စဉ်တန်ချိန် သောင်းချီပေးပို့နိုင်ခဲ့ကြောင်း သိရသည်။
**မြို့နယ်( ပြန်/ဆက်)**

## နွားထိုးကြီးနွားပွဲဈေး အရောင်းအဝယ်ပါးပြီး နွားဈေးကျနေ

**နွားထိုးကြီး စက်တင်ဘာ ၁၉**
မန္တလေးတိုင်းဒေသကြီး နွားထိုးကြီးနွားပွဲဈေးတွင် နွားကြီးများ မရောင်းနိုင်၍ နွားငယ်ဝယ်လက်များနှင့်သာ ရောင်းဝယ်နေ၍ အရှုံးပေါ်နေရကြောင်း နွားပွဲဈေးလိုင်စင်စီထံမှ သိရသည်။

ကိုဗစ်-၁၉ ကာလတွင် အချိန်ကန့်သတ်ရခြင်း၊ နွားအရောင်းအဝယ်ပါးနေခြင်းကြောင့် နွားဈေးမှာ အရှုံးပေါ်ရခြင်းဖြစ်သည်။

နွားငယ်နွားလတ် အကောင် ၁၀၀ ခန့် လာရောက်ရောင်းကြပြီး ယခင်က ၁၀ သိန်း နွားငယ်များမှာ ယခုအခါ ခုနစ်သိန်း၊ ရှစ်သိန်းဖြင့် ဈေးကျရောင်းရကြောင်းဖြင့် မလှိုင်မြို့နယ် သက္ကယ်ကျင်းကျေးရွာမှ နွားပွဲစားက ပြောသည်။

နွားထိုးကြီး နွားပွဲဈေးမှာ မြင်းခြံနွားဈေး၊ မြို့သာနွားဈေး၊ ကူမဲနွားဈေးများနှင့်အပြိုင် ငါးရက်တစ်ဈေးဖွင့်သော နွားဈေးဖြစ်သည်။ ကိုဗစ်ကာလနွားဈေးမပိတ်သော်လည်း အရောင်းအဝယ်ပါးနေကြောင်း သိရသည်။ **ဒွေးမြင့်မောင်**

## ကျောက်ပန်းတောင်းမြို့နယ်တွင် သုံးလပဲခေါ် ပင်ထောင်ပဲများ နုတ်သိမ်းလျက်ရှိ မိုးနှင့်အပြိုင် လုပ်ကိုင်နေရသဖြင့် လက်ခစားတောင်သူများ နေ့စဉ်ဝင်ငွေရရှိ

**ကျောက်ပန်းတောင်း စက်တင်ဘာ ၁၉**
မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် ကဆုန်လပြည့်ကျော်(ဖွန်လဆန်း)တွင် ရွာသွန်းခဲ့သည့် မိုးဦးမိုးဖြင့် စတင်စိုက်ပျိုးခဲ့ကြသည့် သုံးလပဲခေါ် ပင်ထောင်မြေပဲများ အောင်မြင်ဖြစ်ထွန်းခဲ့ကြပြီး ယခုအခါ မိုးနှင့်အပြိုင် နုတ်သိမ်းလျက်ရှိရာ လက်ခစားလိုက်တောင်သူများ နေ့စဉ်ဝင်ငွေရရှိကြောင်း သိရသည်။

"ဒီနှစ်က ကျွန်တော်တို့ဘက်မှာ မိုးကောင်းတာဗျ။ ပဲ/နှမ်းလည်း အဆင်ပြေကြတယ်။ နှမ်းတုန်းကတော့ ဒီလောက် အပူတပြင်း မလုပ်လိုက်ရဘူး။ ထောင်ချိန်/ခါချိန်လေး ရလိုက်သေးတယ်။ ဒါပေမယ့် မအေးဆေးပါဘူး။ အခုမြေပဲကတော့ ခတ်သွက်သွက်ကို လုပ်နေရတာပါ။ ပဲဖော်တဲ့အချိန်လည်းမိုးမိ။ ပဲစွတ်တဲ့အချိန်ရော၊ လှန်းရမယ့် အချိန်ရော မိုးကမပြတ်တော့ တော်တော်ကို ခက်ခဲပါတယ်။ တောင်သူကြီးတွေ ခက်ခဲလေ လက်ခစားလိုက်တဲ့ အလုပ်သမားတွေက ငွေရှင်လေပေါ့ဗျာ။ မိုးကြောက်တော့ သူတို့တောင်းတဲ့ဈေးနဲ့ပေးပြီး ခိုင်းနေရတယ်။ အလုပ်သမားက မရှားပါဘူး။ ကိုယ်တွေဆီက အလုပ်သမားကော အခြားနယ်ကလာလုပ်ကြတဲ့ အလုပ်သမားပါ ပေါပါတယ်။ မိုးနဲ့အပြိုင် လုပ်ရတာက တစ်ပိုင်း၊ နောက်ဆောင်းပဲလေးပါ တစ်ခါတည်း ကြဲချင်ကြတာနဲ့ အချိန်လုပြီး လုပ်ရတာဆိုတော့ ဈေးတင်းကြတာပေါ့ဗျာ" ဟု ချောင်းခြားစုကျေးရွာမှ ပဲစိုက်တောင်သူ ဦးအောင်ခိုင်က ပြောသည်။

အဆိုပါ မြေပဲဖော်သည့်လုပ်ငန်း၊ စွတ်သည့်လုပ်ငန်းများကို လုပ်ငန်းအလိုက် ငှားရမ်းလုပ်ကိုင်ကြရခြင်းဖြစ်ပြီး လုပ်အားများသည့် တောင်သူမိသားစုများအတွက် မိမိတို့လုပ်အားနှင့် အချိန်ယူလုပ်ကိုင်နိုင်ကြသော်လည်း၊ လုပ်အားနည်းသည့် မိသားစုများအတွက်မူ မိုးလွတ်အောင် အချိန်လု၍ ဆောင်ရွက်ရသည့် လုပ်ငန်းဖြစ်သဖြင့် လူငှားလုပ်ကိုင်ကြရခြင်းဖြစ်ကြောင်း သိရသည်။



သုံးလ ပင်ထောင်ပဲများ နုတ်သိမ်းရာတွင် အနီးဝန်းကျင်ကျေးရွာများမှ ဒေသတွင်းလုပ်သားများသာမက၊ ညောင်ဦး၊ ရေနံချောင်း၊ ချောက် အစရှိသည့် နယ်များမှလည်း ၎င်းတို့ကျေးရွာမှ ကားကို အပြတ်ငှား၍ အဖွဲ့လိုက်လာရောက် လုပ်ကိုင်ကြသည်များရှိကြောင်းနှင့် လုပ်အားခအနေဖြင့် ထွန်ကြောင်းရေအလိုက် နုတ်ခပေး ငှားရမ်းရသည်များ ရှိသလို၊ အချို့မှာ အဖွဲ့အလိုက် ပုတ်ပြတ်အဖြစ် သုံးတင်းကျ၊ လေးတင်းကျ၊ ငါးတင်းကျစသည်ဖြင့် တင်းကျအပေါ်တွင် တွက်ချက်၍ လုပ်အားခငွေကျပ် ၈၀၀၀၀၊ တစ်သိန်း၊ ငွေကျပ် ၁၅၀၀၀၀ အပြတ်ပေး ငှားရမ်းကြရကြောင်းနှင့် ပဲစွတ်သည့် လုပ်ငန်းများတွင်လည်း နေ့တွက်ငှားရမ်းဆောင်ရွက်ကြရသဖြင့် လက်စား လိုက်သည့် တောင်သူများမှာ ဝင်ငွေအခွင့်အလမ်း ကောင်းလျက်ရှိကြကြောင်း သိရသည်။ **နေအောင်(ပြန်/ဆက်)**

# မြဝတီမြို့ အောက်ဆီဂျင်စက်ရုံမှ ဆေးရုံ၊ ဆေးခန်းများအတွက် အောက်ဆီဂျင် ဖြည့်ဆည်းပေးနိုင်မည်

**မြဝတီ စက်တင်ဘာ ၁၉**

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦး၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ် ဦးသိန်းကိုကိုနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် ယမန်နေ့က မြဝတီမြို့ အောက်ဆီဂျင်စက်ရုံအား ဖွင့်လှစ်ပေးပြီး ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ဆောင်ရွက်မှုများကို ကွင်းဆင်းစစ်ဆေးသည်။

အဆိုပါ အောက်ဆီဂျင်စက်ရုံသည် တစ်ရက်လျှင် ၄၀ လီတာဆံ့ ဆလင်ဒါအိုး ၈၀ မှ ၁၀၀ ကြား ထုတ်ပေးနိုင်သည့် စက်အမျိုးအစားဖြစ်ပြီး ဆလင်ဒါအိုးများထားရန် အဆောက်အအုံတစ်လုံး အပါအဝင် ပင်မအဆောက်အအုံတစ်လုံး၊ ၂၅၀ ကေဗွီအေ ထရန်စဖော်မာတစ်လုံးနှင့် အခြားလိုအပ်သည်များ တပ်ဆင်၍ စေတနာရှင်များ၏ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်း ငွေကျပ်သိန်း ၂၃၀၀ ဖြင့် တည်ဆောက်ခဲ့ကာ မြဝတီမြို့နယ်အတွင်းရှိ အောက်ဆီဂျင် အမှန်တကယ် လိုအပ်နေသော ဆေးရုံ၊ ဆေးခန်းများ၊ ကိုဗစ်-၁၉ ကုသရေးစင်တာများ၏ အောက်ဆီဂျင်လိုအပ်ချက်များကို ဖြည့်ဆည်းဖြန့်ဖြူးပေးနိုင်မည်ဖြစ်သည်။



ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများက မြဝတီမြို့ အောက်ဆီဂျင်စက်ရုံအား ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့် အဖွဲ့သည် သောင်ရင်းခန်းမ၌ ကျင်းပသည့် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြဝတီမြို့နယ်ဦးစီးမှူးရုံးနှင့် ရပ်ကွက်/ကျေးရွာအုပ်စုများရှိ ပြည်သူများအား အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ပြုလုပ်ပေးအပ်ပွဲသို့ တက်ရောက်ပြီး မြို့နယ်အတွင်းရှိ စက်ရုံ/အလုပ်ရုံများ၊ ရပ်ကွက်/ ကျေးရွာအုပ်စုများမှ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ၁၈၇၅ ကတ်ကို ပေးအပ်ကြသည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အဆိုပါခန်းမ၌ မြဝတီမြို့နယ်အတွင်း ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော ဖလူး၊ မဲ့ထော်သလေး၊ မဲကနယ်ကျေးရွာများမှ မိုးအစေ့ထုတ်ပြောင်း ၈၈ ကေအတွက် အစားထိုးပြန်လည်စိုက်ပျိုးနိုင်ရန် အစေ့ထုတ်ပြောင်း ၅ ကီလိုထုပ် ၃၅ ထုပ်၊ ပဲတီစိမ်းမျိုးစေ့ ၁၂ ကီလို ၅၃ အိတ်၊ သီးနှံတစ်ကေလျှင် ဓာတ်မြေဩဇာတစ်အိတ်နှုန်းဖြင့် ၈၈ အိတ်၊ ပိုးသတ်ဆေး ၇၁ ထုပ်နှင့် ရေဘေးသင့်ခဲ့သော ဖလူး၊ မင်းလက်ပံ၊ အင်ကြင်းမြိုင်၊ ဝေါလေမြိုင်၊ ဆုံဆည်းမြိုင်ကျေးရွာများသို့ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ပံ့ပိုးသည့် တိရစ္ဆာန်အစာအိတ် စုစုပေါင်း အိတ် ၁၀၀ ကို ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် အမှတ်(၂) ချစ်ကြည်ရေးတံတားမှတစ်ဆင့် ထိုင်းနိုင်ငံမှ ပြန်လည်ဝင်ရောက်လာသော နေရပ်ပြန်များအား ပြန်လည်ကြိုဆိုလက်ခံခြင်း၊ နေရပ်သို့ ပြန်လည်ပို့ဆောင်ပေးခြင်းများအား ကြည့်ရှုစစ်ဆေးကြပြီး အမှတ်(၂) ချစ်ကြည်ရေးတံတားအနီး သောင်ရင်းမြစ်ကမ်းထိန်းနံရံ တည်ဆောက်နိုင်ရေး ကြည့်ရှုစစ်ဆေးသည်။ ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် စိမ်းလဲ့မြိုင်အဝေးပြေးယာဉ်ရပ်နားစခန်းကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကော့ကရိတ်မြို့ အောက်ဆီဂျင်စက်ရုံတည်ဆောက်မည့် မြေနေရာအား ကြည့်ရှုစစ်ဆေးပြီးနောက် ကော့ကရိတ်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ မြို့နယ်အတွင်းရှိ ကျေးရွာအုပ်စု ၂၀ မှ ရေကြီးနစ်မြုပ်မှုကြောင့် ပျက်စီးသွားသော မိုးစပါးစိုက်ကေ ၈၃၅ ကေအတွက် ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေးနှင့် တိရစ္ဆာန်အစာအိတ်များ ထောက်ပံ့ပေးအပ်သည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## ပွင့်ဖြူမြို့နယ်၌ မြစိမ်းရောင်စီမံကိန်း ရန်ပုံငွေကျပ် ၄၆၃ သိန်း ထုတ်ချေး

**ပွင့်ဖြူ စက်တင်ဘာ ၁၉**

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ် ချောင်းဆုံကျေးရွာနှင့် လက်ယက်ကျေးရွာတို့တွင် နှစ်ရှာတစ်ယူနစ် အကောင်အထည်ဖော်ဆောင်ရွက်သည့် မြစိမ်းရောင်စီမံကိန်းလုပ်ငန်းများ ဆက်လက်လုပ်ကိုင်နိုင်ရန် ဆဋ္ဌမနှစ်စက်ဝန်း မြစိမ်းရောင်စီမံကိန်းချေးငွေများကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စက်တင်ဘာ ၁၈ ရက်တွင် ကွင်းဆင်းထုတ်ချေးသည်။

ချေးငွေထုတ်ပေးရာတွင် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှူး ဦးလှငွေးမောင်က စီမံကိန်းစည်းကမ်းချက်များနှင့် ချေးငွေများ လေလွင့်ဆုံးရှုံးမှုမရှိအောင် အကျိုးရှိရှိ သုံးစွဲလုပ်ကိုင်ကြရန် ဆွေးနွေးပြီးနောက် ချောင်းဆုံကျေးရွာနှင့် လက်ယက်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်း လုပ်ကိုင်သူ စီမံကိန်းအသင်းသား ၁၅၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ စီမံကိန်းအသင်းသား ၁၃ ဦး စုစုပေါင်း ၁၆၄ ဦးအတွက် စီမံကိန်းရန်ပုံငွေကျပ် ၄၆၃ သိန်းကို စနစ်တကျထုတ်ချေးပေးသည်။

ပွင့်ဖြူမြို့နယ်တွင် ကျေးလက်နေပြည်သူများ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချနိုင်ရေးအတွက် ၂၀၁၄- ၂၀၁၅ ဘဏ္ဍာနှစ်မှ စတင်၍ မြစိမ်းရောင်စီမံကိန်းကို ဆောင်ရွက်ကာ ကျေးရွာတစ်ရွာလျှင် အရင်းမပျောက်လည်ပတ်မတည်ရန်ပုံငွေကျပ်သိန်း ၃၀၀ စီ ထုတ်ချေးပေးခဲ့ရာ ယခု ၂၀၂၀- ၂၀၂၁ ဘဏ္ဍာနှစ်တွင် မြို့နယ်အတွင်း မြစိမ်းရောင်စီမံကိန်းဝင်ကျေးရွာပေါင်း ၃၉ ရွာအထိ တိုးချဲ့လုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

## မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာအုပ်စု နေစွမ်းအင်ဖြင့် မီးလင်းပြီ



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်း နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားပေးစက်ရုံကို ကြည့်ရှုစစ်ဆေးစဉ်။

**မြန်အောင် စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အဖွဲ့သည် ယမန်နေ့နံနက်ပိုင်းက မြန်အောင်မြို့နယ် မျှင်ဝါးတောင်ကျေးရွာ ကွင်းအမှတ် (၃၅၄) တောင်သူ ဦးသောင်းငွေး၏ မျိုးစေ့ထုတ်ကေ ငါးကေတွင် ဓာတ်မြေဩဇာ ကြဲပက်ပွဲကို တက်ရောက်အားပေးပြီး စပါးမျိုးစေ့ထုတ် တောင်သူ ၂၀ တို့ကို ဓာတ်မြေဩဇာများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် ဝန်ကြီးချုပ်နှင့် အဖွဲ့သည် ဘန့်ဘွေးကုန်းကျေးရွာအုပ်စုတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန Mega Global Green Company က တာဝန်ယူဆောင်ရွက်သည့် အသေးစား နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်စီမံကိန်းသို့ ရောက်ရှိရာ တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန တိုင်းဦးစီးမှူး ဦးနေထက်ရှိန်နှင့် ကုမ္ပဏီမှ တာဝန်ရှိသူများက လျှပ်စစ်ဓာတ်အား ထုတ်လုပ်မှုအခြေအနေတို့ကို ရှင်းလင်းတင်ပြကြပြီး ကျေးရွာအတွင်း လျှပ်စစ်မီးသုံးစွဲနေမှုကို လှည့်လည်ကြည့်ရှု၍ ဒေသခံပြည်သူများနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံသည်။

ဆက်လက်၍ ဘန့်ဘွေးကုန်းကျေးရွာအုပ်စု တပ်ကုန်းကျေးရွာ၊ ရွာသစ်ကျေးရွာ၊ ဂျိတ်တောကျေးရွာတို့တွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန Mega Smart Measurement & Control Co.,Ltd. မှ တာဝန်ယူဆောင်ရွက်သည့် Solar Mini-Grid မီးလင်းရေး ဆောင်ရွက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဆောင်ရွက်သော နေရောင်ခြည်စွမ်းအင်သုံး အသေးစား လျှပ်စစ်စီမံကိန်းကြောင့် မြန်အောင်မြို့နယ် ဘန့်ဘွေးကုန်းကျေးရွာနှင့်ရေတာကျေးရွာတို့ရှိ အိမ်ခြေ ၂၉၄ အိမ်၊ ဘုန်းကြီးကျောင်း နှစ်ကျောင်း၊ စာသင်ကျောင်း နှစ်ကျောင်း၊ ဆေးခန်းတစ်တို့ကို ခန်းမီးသွယ်တန်းပြီး ဧပြီ ၂၁ ရက်မှစ၍ မီးစတင် အသုံးပြုလျက်ရှိကြောင်းနှင့် နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်မီးလင်းရေး ဆောင်ရွက်မှုကြောင့် တပ်ကုန်း၊ ရွာသစ်၊ ဂျိတ်တောကျေးရွာတို့ရှိ အိမ်ခြေ ၁၃၄ အိမ်၊ ဘုန်းကြီးကျောင်းတစ်ကျောင်းနှင့် စာသင်ကျောင်း တစ်ကျောင်းတို့တွင် မီးသွယ်တန်းပြီး ဖေဖော်ဝါရီလမှစ၍ မီးစတင်အသုံးပြုလျက်ရှိကြောင်း မြန်အောင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ဝင်းဗိုလ် (ပြန်/ဆက်)**

## မင်းပြားမြို့၌ တစ်ရက်လျှင်လီတာ ၄၀ ဆံ့အောက်ဆီဂျင်အိုး ၆၀ ထွက်ရှိသည့် အောက်ဆီဂျင်စက် လွှဲပြောင်းပေးအပ်

**မင်းပြား စက်တင်ဘာ ၁၉**

ရခိုင်ပြည်နယ် မင်းပြားမြို့ ပြည်တော်သာရပ်ကွက်ရှိ ကျိန်းရိပ်ကရုဏာလူမှုကူညီရေးအသင်းရုံး၌ အောက်ဆီဂျင်စက် လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ယမန်နေ့က ကျင်းပသည်။

အခမ်းအနားတွင် တက်ရောက်လာသည့် ဧည့်ပရိသတ်များက မင်းပြားမြို့နယ် သံဃနာယက ဆရာတော်ကြီးများထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြပြီးနောက် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပြည်နယ် သယံဇာတရေးရာဝန်ကြီး ဦးသန်းထွန်းက အောက်ဆီဂျင်စက် ဖြစ်မြောက်ရေးကော်မတီဥက္ကဋ္ဌဦးသခင်ချိုထံသို့ ငွေကျပ်သိန်း ၁၀၀ လှူဒါန်းသည်။

ယင်းနောက် မြို့နယ် ကိုဗစ်-၁၉ ရောဂါ ကြိုတင်ကာကွယ်ထိန်းချုပ်ပံ့ပိုးရေး မြို့နယ်အဆင့် အရပ်ဘက်အထောက်အကူပြုကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရွှေက ကျိန်းရိပ်ကရုဏာလူမှုကူညီရေး အသင်းဥက္ကဋ္ဌ ဦးသန်းထွန်းထံသို့ အောက်ဆီဂျင်စက်ကို လွှဲပြောင်းပေးအပ်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးနှင့်အဖွဲ့သည် မင်းပြားမြို့ပြည်သူ့ဆေးရုံသို့ရောက်ရှိ၍ ကျန်းမာရေးဝန်ထမ်းများအား တွေ့ဆုံပြီး ရခိုင်ပြည်နယ်အစိုးရအဖွဲ့မှ ဂုဏ်ပြုချီးမြှင့်သည့် ငွေကျပ်သိန်း ၂၀ ကို မြို့နယ်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာနေဝင်းထွန်းထံ ပေးအပ်သည်။

ဆက်လက်၍ ဖားပြို(အထက်)ကျေးရွာသို့ ရောက်ရှိပြီး သာသနပါလ ဘုန်းတော်ကြီးကျောင်းတွင် ကျေးရွာသူ ကျေးရွာသားများနှင့် တွေ့ဆုံ၍ အားပေးစကားပြောကြားသည်။ ထို့နောက် မင်းပြားမြို့နယ်စည်ပင်သာရေးအဖွဲ့ပိုင် မြို့မဈေးသို့ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သိရသည်။

**သိန်းနုအောင်(ပြန်/ဆက်)**

# အင်းတော်မြို့နယ်၌ လူကူးတံတားတစ်စင်း ကျိုးပျက်ပြီး ရွှေဘို–မြစ်ကြီးနားကားလမ်းတွင် ရေကျော်

**အင်းတော် စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး အင်းတော်မြို့နယ်၌ စက်တင်ဘာ ၁၆ ရက်နှင့် ၁၇ ရက်တို့က မိုးအဆက်မပြတ် သည်းထန်စွာရွာသွန်းမှုကြောင့် လူကူးတံတားတစ်စင်း ကျိုးပျက်ပြီး ရွှေဘို–မြစ်ကြီးနားကားလမ်းပေါ်တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခဲ့သည်။

စက်တင်ဘာ ၁၇ ရက်က မိုးဆက်တိုက်ရွာသွန်းခဲ့သဖြင့် အင်းတော်မြို့နယ် ကူးဆိပ်ကျေးရွာရှိ ကျေးရွာချင်းဆက် လူကူးတံတားအရှည်ပေ ၅၀၊ အကျယ်ငါးပေမှာ မိုးသည်းထန်စွာရွာသွန်းခဲ့သဖြင့် ကျိုးကျပြီး ရေထဲမျောပါခဲ့သည်။

အလားတူ နန့်သဲကျေးရွာအနီးနှင့် နားခေါင်ကျေးရွာအနီး ရွှေဘို– မြစ်ကြီးနား ကားလမ်းပေါ်သို့ တောင်ကျချောင်းရေများ စီးဆင်းပြီး ရေကြီးရေလျှံမှုဖြစ်ကာ အတက်အဆင်း မော်တော်ယာဉ်များ ရေကျသည်အထိ စောင့်ဆိုင်းနေခဲ့ရကြောင်း သိရသည်။

အဆိုပါ ရေကြီးရေလျှံသည့်နေရာသို့ အင်းတော်မြို့နယ်ရှိ ဌာနဆိုင်ရာများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များက လိုအပ်သည်များ သွားရောက်ကူညီဆောင်ရွက်ပေးကြောင်းသိရသည်။

**ခင်မောင်ဆွေ (မော်လူး)**



မိုးရွာသွန်းမှုကြောင့် ရွှေဘို– မြစ်ကြီးနားကားလမ်းပေါ် ရေကျော်နေမှုကို တွေ့ရစဉ်။

# ကန့်ဘလူမြို့နယ်တွင် မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ကားလမ်းမပေါ်ရေကျော်

**ကန့်ဘလူ စက်တင်ဘာ ၁၉**


စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူခရိုင် ကန့်ဘလူမြို့နယ်တွင် စက်တင်ဘာ ၁၈ ရက် ည ၁၁ နာရီခန့်မှ စတင်၍ မိုးများသည်းထန်းစွာ ရွာသွန်းခဲ့မှုကြောင့် မြောက်ချောင်း ရေပြည့်ရေလျှံကာ ကန့်ဘလူ–ကျွန်းလှ လမ်းပိုင်း ကန့်ဘလူမြို့နယ် လိတ္တူကျေးရွာ မြောက်ဘက် မိုင်တိုင်အမှတ် (၁၉ /၄ နှင့် ၁၉ /၆) ကြား ကားလမ်းမပေါ်ရေကျော်ကြောင်း သိရသည်။

“ရေက မနက် ၆ နာရီလောက်ကတည်းက ကားလမ်းမပေါ် ရေကျော်နေတာပါ။ ၁၁ နာရီခွဲလောက်ဆိုရင် ကားကြီးတွေနဲ့ ဆိုင်ကယ်တွေ ဖြတ်ကူးလို့ ရပါတယ်။ ညနေပိုင်းလောက်ဆိုရင် ခြေချင်းဝတ်မြုပ်ရုံပဲ ရှိတော့တာပါ။ မြေနိမ့်ပိုင်းမှာရှိတဲ့ လူနေအိမ်အချို့ ရေဝင်ရောက်မှုရှိပေမယ့် ထိခိုက်မှု မရှိပါဘူး။ စိုက်ပျိုးထားတဲ့ လယ်နဲ့မြေပဲခင်းအချို့ ထိခိုက်ပျက်စီးနိုင်ပါတယ်။ ရေထွက်ပေါက်ကျဉ်းတဲ့အတွက် ရေကျော်မှုဖြစ်ရတာပါ။ ဩဂုတ်လက တစ်ကြိမ်၊ ယခုလမှာ နှစ်ကြိမ် ရှိသွားပြီ။ မိုးများရင် ဒီနေရာက အမြဲရေကျော်နေတာပါ”ဟု လိတ္တူကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးအောင်မြင့်က ပြောသည်။

အဆိုပါ ရေကျော်နေမှုကြောင့် ခရီးသွားပြည်သူများ၏ ကားများ၊ ဆိုင်ကယ်များ ဖြတ်သန် သွားလာနိုင်ရေး ဒေသခံပြည်သူများက ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြောင်းနှင့် ခရိုင်နှင့်မြို့နယ် ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ရေကျော်မှုကင်းဝေးစေရန် တံတားတည်ဆောက်နိုင်ရေး မြေနေရာများ ကွင်းဆင်းစစ်ဆေးလျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**





# ပွင့်ဖြူမြို့နယ် ကြီးအုံကြီးဝတမံ ရေပိုလွှဲမှ ၃ ပေခွဲခန့် ဆက်လက်ရေကျော်ကျလျက်ရှိ

ပွင့်ဖြူ စက်တင်ဘာ ၁၉

**မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုရက်ပိုင်း နေ့စဉ်မိုးများ ရွာသွန်းနေသဖြင့် ဒေသခံတောင်သူများ စိုက်ပျိုးရေအတွက် မှီခိုအားထားရသည့် ကြီးအုံကြီးဝတမံတွင် မိုးရေဝင်ရောက်မှုရှိနေပြီး ယနေ့နံနက် ၆ နာရီ တိုင်းထွာချက်အရ တမံရေပြည့်မှတ်ဖြစ်သည့် ပေ ၃၄၀ အထက် တမံရေပိုလွှဲမှ ၃ ပေခွဲခန့် ဆက်လက်ရေကျော်ကျလျက်ရှိကြောင်း အဆိုပါကြီးအုံကြီးဝတမံမှ တာဝန်ခံ(AE) ဦးစိုးတင့်ထံမှ သိရသည်။**

“ယခုရက်ပိုင်း မိုးရွာသွန်းမှုတွေစိပ်နေတဲ့အတွက် ကြီးအုံကြီးဝတမံမှာ မိုးရေဝင်ရောက်မှုတိုးကာ တမံရေပိုလွှဲမှ ဆက်လက်ရေကျော်ကျမှု ရှိနေပါတယ်။ ယနေ့ နံနက် ၆ နာရီ တိုင်းထွာရာမှာ တမံရေပြည့်မှတ် ဖြစ်တဲ့ ပေ ၃၄၀ အထက် ရေပိုလွှဲကနေ ၃ ဒသမ ၅ ပေခန့် ရေကျော်ကျမှု ရှိပါတယ်။ တမံရေ ဝင်ရောက်အခြေအနေနဲ့ တမံရဲ့ ကြံ့ခိုင်မှုတွေကို နေ့စဉ်မပြတ် စောင့်ကြည့်နေပါတယ်။ ယခုလက်ရှိ တမံရေပိုလွှဲမှ ရေကျော်ကျမှုဟာ စိုးရိမ်ဖွယ်ရာအခြေအနေ မရှိပါဘူး။ ဒေသခံပြည်သူတွေကိုလည်း တမံရေဝင်ရောက်မှုအခြေအနေနဲ့ရေပိုလွှဲကနေ ရေကျော်ကျမှုတွေကို နေ့စဉ် အသိပေးနှိုးဆော်ထားပါတယ်” ဟု အဆိုပါ ကြီးအုံကြီးဝတမံမှ တာဝန်ခံက ဆက်လက် ပြောသည်။

**ရဲဝင်းနိုင်(ညောင်ဦး)**

# ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့သည့် ရေနောက်အိုင်ကျေးရွာ အဝင်လမ်းတံတား ပြန်လည်ပြုပြင်

**ဟိုင်းကြီးကျွန်း စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့ ပုသိမ်–မော်တင် ကားလမ်း၊ မော်တင်စွန်းနှင့် ဟိုင်းကြီးကျွန်းလမ်းခွဲအနီးရှိ ရေနောက်အိုင်ကျေးရွာအဝင် လမ်းတံတားသည် ဩဂုတ် ၂၅ ရက်က ရေတိုက်စားမှုကြောင့် ပြိုကျပျက်စီးခဲ့သည်။



အဆိုပါရေတိုက်စားမှုကြောင့် ပျက်စီးသွားသည့် တံတားကို ယမန်နေ့က ပမ္မဝတီရေတပ်စခန်းဌာနချုပ်မှ အရာရှိ၊ စစ်သည်များနှင့် ကျေးရွာပြည်သူများ ပူးပေါင်း၍ ယာဉ်ငယ်များဝင်ရောက်နိုင်သည်အထိ ပြန်လည်ပြုပြင်ပေးခဲ့သည်။

ယင်းတံတားကို မူလအတိုင်း ကွန်ကရစ်တိုင် ဇလီဖားတုံး၊ သစ်သားတံတား ပြန်လည်ဆောက်လုပ်နိုင်ရေး သက်ဆိုင်ရာသို့ တင်ပြထားပြီးဖြစ်ကြောင်း သိရသည်။ **နွေးနွေးအောင်**

# ဝါးခယ်မမြို့နယ်၌ ရွှေလောင်းမြစ်ရေတိုက်စား မြစ်ကမ်းပါးပြိုကျ

**ဝါးခယ်မ စက်တင်ဘာ ၁၉**

ဧရာဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ကမ်းပြိုကျေးရွာတွင် ယမန်နေ့က ရွှေလောင်းမြစ်ရေ တိုက်စားသဖြင့် မြစ်ကမ်းပါးပြိုကျမှု ဖြစ်ပွားခဲ့သည်။

အဆိုပါ ရွှေလောင်းမြစ်ရေတိုက်စားမှုကြောင့် ဟသ်ာဒုံးကျေးရွာတွင် မြစ်ကမ်းပါးအလျား ပေ ၅၀၊ အနံ ပေ ၃၀ ခန့် ပြိုကျခဲ့သည်။ အလားတူ အထက်ပေကုန်းကျေးရွာတွင် မြစ်ကမ်းပါး အလျား ပေ ၄၀၊ အနံပေ ၂၀ ခန့် ပြိုကျခဲ့ရာ ဟသ်ာဒုံးကျေးရွာရှိ မြစ်ကမ်းပါးအနီးတွင် နေထိုင်သော နေအိမ်လေးလုံးနှင့် အထက်ပေကုန်းကျေးရွာတွင် နေထိုင်သော နေအိမ်လေးလုံး စုစုပေါင်းနေအိမ်ရှစ်လုံးမှ မိသားစုဝင် အမျိုးသား ၁၉ ဦး၊ အမျိုးသမီး ၂၀ စုစုပေါင်း ၃၉ ဦးတို့ကို ရွှေလောင်းနယ်မြေမှ ရဲတပ်ဖွဲ့ဝင်များ၊ ကျေးရွာအုပ်ချုပ်ရေးမှူးနှင့် ရွာသားများက ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးခဲ့သည်။

အဆိုပါမြစ်ကမ်းပါးပြိုကျမှုကိုမြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့အနေဖြင့် မြစ်ကမ်းထိန်းသိမ်းရေးလုပ်ငန်းများ စနစ်တကျဆောင်ရွက်နိုင်ရေးအတွက် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသို့တင်ပြရန် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သာကေတမိကျောင်းမွေးမြူထိန်းသိမ်းရေးစခန်းတွင် မျိုးသုဉ်းလုနီးပါးရှိနေသော ရေငန်မိကျောင်းများကို ထိန်းသိမ်းကာကွယ်ထား

ရန်ကုန် စက်တင်ဘာ ၁၉

**ကမ္ဘာပေါ်တွင် မိကျောင်းမျိုးစိတ် ၂၄ မျိုးရှိပြီး ရန်ကုန်မြို့ သာကေတမြို့နယ် စက်မှုလက်မှုရပ်ကွက် မြခွာညို လမ်းတွင်ရှိသော မိကျောင်းထိန်းသိမ်းရေးနှင့် အပန်းဖြေစခန်းတွင်ရှိသည့် ရေငန်မိကျောင်း (ငမိုးရိပ် မိကျောင်း) လည်း အပါအဝင်ဖြစ်ရာ ထိုစခန်း၌ မျိုးသုဉ်းလုနီးပါးရှိနေသော ရေငန်မိကျောင်းများကို မွေးမြူ ထိန်းသိမ်းထားကြောင်း သိရသည်။ (အောက်ပုံ)**

ကိုဗစ်-၁၉ ရောဂါကြောင့် ပြည်တွင်း၊ ပြည်ပ ခရီးသွားများ လာရောက်ကြည့်ရှုလေ့လာရာ မိကျောင်းမွေးမြူထိန်းသိမ်းရေးနှင့် အပန်းဖြေစခန်းကို ယာယီပိတ်ထားပြီး မျိုးသုဉ်းပျောက်ကွယ်လု မိကျောင်းမျိုးစိတ်တွင်ပါဝင်သော မြန်မာ့ရေငန် မိကျောင်းများကို ဧရာဝတီတိုင်းဒေသကြီး မိန်းမလှ ကျွန်းနှင့် ရန်ကုန်တိုင်းဒေသကြီးရှိ သာကေတ မိကျောင်းမွေးမြူထိန်းသိမ်းရေးစခန်းတို့တွင် မွေးမြူ ထိန်းသိမ်းထားခြင်းဖြစ်သည်။ ဧက ၄၀ ကျယ်ဝန်းသော အဆိုပါစခန်းတွင် တစ်ပေအရွယ်မှ ၁၀ ပေ အထက် မိကျောင်းကောင်ရေ ၅၉၂ ကောင် မွေးမြူထားပြီး ရေငန်မိကျောင်း( ငမိုးရိပ်မိကျောင်း) တစ်မျိုးတည်းကို မွေးမြူထိန်းသိမ်းထားသော စခန်းဖြစ်သည်။



"လက်ရှိ မိကျောင်းအစာကျွေးတာနဲ့ သန့်ရှင်းရေး လုပ်ဆောင်နေပါတယ်။ အပန်းဖြေလေ့လာမှုလည်း ပိတ်ထားတယ်။ မိကျောင်းတွေ အစာအတွက် အလှူရှင်တွေတချို့လည်း လာကြပါတယ်။ ဒီမှာ အကောင်ပေါက်ကစပြီး အကောင်ကြီးအထိ ၅၉၂ ကောင် ရှိတယ်။ သူတို့ရဲ့ကျန်းမာရေးနဲ့ အစာကိုတော့ ဒီကာလမှာ ပိုပြီးဂရုတစိုက်လုပ်ရပါတယ်။ ရေငန်မိကျောင်းရှားပါးမျိုးစိတ်ဖြစ်တဲ့အတွက် ကျွန်တော်တို့နိုင်ငံအတွက် ဂုဏ်ယူစရာပါ" ဟု သာကေတ မိကျောင်းမွေးမြူထိန်းသိမ်းရေး စခန်းတာဝန်ခံ လက်ထောက်ညွှန်ကြားရေးမှူး ဦးမင်းမင်းက ပြောသည်။

မိကျောင်းမျိုးစိတ် ၂၄ မျိုးတွင် Crocodile မျိုးစိတ် ၁၄ မျိုး၊ Alligator မျိုးစိတ် ရှစ်မျိုးနှင့် Gavial မျိုးစိတ် နှစ်မျိုးတို့ပါဝင်ပြီး မြန်မာနိုင်ငံတွင် မိကျောင်းမျိုးစိတ်လေးခု ရှင်သန်လျက်ရှိသည်။ ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်တွင်ရှိသော ရေငန်မိကျောင်း(ငမိုးရိပ်မိကျောင်း)၊ တနင်္သာရီတိုင်းဒေသကြီး ဒီရေရောက်တောများတွင် တွေ့ရှိရသော ထိုင်းမိကျောင်း၊ ကုန်းတွင်းပိုင်းရေချိုဒေသ အင်း၊ အိုင်၊ မြစ်၊ ချောင်းများတွင် တွေ့ရှိရသော အင်းမိကျောင်းနှင့် ရခိုင်ကမ်းရိုးတန်း ဒီရေရောက်တောတို့တွင် တွေ့ရှိရသော ငါးထောင်ညှင်းဟုခေါ်ဆိုသည့် နှာခေါင်းရှည် မိကျောင်းမျိုးစိတ်လေးမျိုးတွင် ရေငန်မိကျောင်း တစ်မျိုးတည်းသာ ကျန်ရှိပြီး ဘိုကလေးမြို့နယ် မိန်းမလှကျွန်းနှင့် သာကေတမိကျောင်းမွေးမြူ ထိန်းသိမ်းရေးစခန်းတို့တွင် တွေ့ရှိရကာ မိန်းမလှ ကျွန်း သဘာဝထိန်းသိမ်းရေးနယ်မြေ၌ မိကျောင်း ကောင်ရေ ၁၀၀ ခန့် နေထိုင်ကျက်စားလျက်ရှိသည်။

မြန်မာနိုင်ငံတွင် တစ်မျိုးတည်းကျန်ရှိသော ရေငန်မိကျောင်း(Crocodylus porosus)မျိုးသုဉ်း ပျောက်ကွယ်ခြင်းမှ ကာကွယ်ထိန်းသိမ်းနိုင်ရန်၊ ပြည်ပသို့ မိကျောင်းများ တင်ပို့ရောင်းချခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရန်နှင့် အများပြည်သူ အပန်းဖြေ ဗဟုသုတရှာမှီးနိုင်စေရန်ရည်ရွယ်၍ ၁၉၇၈ ခုနှစ် မေ ၂ ရက်တွင် မိကျောင်းမွေးမြူရေးဌာနစုအဖြစ် စတင်ဖွင့်လှစ်ခဲ့ပြီး သာကေတ မိကျောင်းမွေးမြူ ထိန်းသိမ်းရေးနှင့် အပန်းဖြေစခန်းအဖြစ် ၁၉၉၇ ခုနှစ် နိုဝင်ဘာ ၆ ရက်တွင် ပြောင်းလဲဖွင့်လှစ်ခဲ့ခြင်း ဖြစ်သည်။

ရေငန်မိကျောင်းများ သက်တမ်းအားဖြင့် နှစ် ၇၀ မှ ၈၀ အထိနေထိုင်နိုင်ပြီး အမထက် အထီးများက အရွယ်အစားကြီးမားလေ့ရှိကာ ပျမ်းမျှအားဖြင့် အထီးသည် ၁၅ ပေခန့်၊ အမသည် ၁၀ ပေခန့်အထိ ရှည်လျား၍ ဥအလုံးရေ ၂၀ မှ ၇၀ ခန့်အထိ ဥချလေ့ရှိသည်။ ကမ္ဘာပေါ်တွင် မျိုးသုဉ်းပျောက်ကွယ်လုနီးပါး ရှိနေသော ရေငန်မိကျောင်းများကို ရန်ကုန်မြို့ သာကေတမိကျောင်းမွေးမြူရေးစခန်းတွင် ဥအရွယ်မှ ၁၅ ပေခန့်အရွယ်အထိ ရေငန်မိကျောင်း (ငမိုးရိပ် မိကျောင်း) များကို ဆက်လက်မွေးမြူထိန်းသိမ်း စောင့်ရှောက်လျက်ရှိကြောင်း သိရသည်။

**ညိမ်းသူ (သတင်းစဉ်)၊ ဓာတ်ပုံ – ကနူး**

## တောင်ငူမြို့နှင့် ဖြူးမြို့တို့၌ ငါးများ ဈေးနှုန်းချိုသာစွာ ရောင်းချပေး

**နေပြည်တော် စက်တင်ဘာ ၁၉**

တောင်ငူခရိုင် ငါးလုပ်ငန်းဦးစီးဌာနမှ တောင်ငူခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့နှင့် ညှိနှိုင်းပေါင်းစပ်၍ စက်တင်ဘာ ၁၆ ရက်က တောင်ငူမြို့နယ်နှင့် ဖြူးမြို့နယ်အတွင်း ကိုဗစ်-၁၉ Stay at Home ကာလ တောင်ငူမြို့ အမှတ် (၂) ရပ်ကွက်နှင့် အုတ်ကျွတ်တန်းရပ်ကွက်အတွင်းရှိ ပြည်သူများအား ငါးများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူ စားသုံးနိုင်ရေးအတွက် လတ်ဆတ်သော ငါးမြစ်ချင်းငါးများ (ပိဿာချိန် ၅၀၊ ကောင်ရေ ၁၅၀)ကို သက်သာသောဈေးနှုန်းဖြင့် (ဒုတိယအကြိမ်) လှည့်လည်ရောင်းချပေးသည်။

အလားတူ တောင်ငူခရိုင် ဖြူးမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှ စက်တင်ဘာ ၁၇ ရက်က ငါးမြစ်ချင်း ပိဿာချိန် ၆၀ (ကောင်ရေ ၁၂၀) ကို ဈေးနှုန်းချိုသာစွာဖြင့် မြို့မအရှေ့ရပ်ကွက်တွင် လှည့်လည်ဖြန့်ဖြူး ရောင်းချပေးကြောင်း သိရသည်။

**သတင်းစဉ်**

## ရွှေဘိုမြို့၌ အခြေခံငါးမွေးမြူရေး နည်းပညာပေးသင်တန်းဖွင့်

**ရွှေဘို စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုငါးလုပ်ငန်းစခန်းတွင် အခြေခံငါးမွေးမြူရေးနှင့် ရေချိုငါးများ ဆေးထိုးသားဖောက်နည်းပညာပေးသင်တန်းကို စက်တင်ဘာ ၁၇ ရက်မှ ၁၉ ရက်အထိ ရွှေဘိုငါးလုပ်ငန်းစခန်း၌ ဖွင့်လှစ်သည်။

ဖွင့်ပွဲတွင် ရွှေဘိုခရိုင် ငါးလုပ်ငန်းဦးစီးမှူး ဦးအောင်သန်းဦးက ငါးလုပ်ငန်းဦးစီးဌာနမှ ဆောင်ရွက်နေသည့် သယံဇာတ ထိန်းသိမ်းရေးလုပ်ငန်းများ၊ နည်းပညာပေးလုပ်ငန်းများ ဆောင်ရွက်နေမှုများနှင့် ပတ်သက်၍ အမှာစကားပြောကြားသည်။ သင်တန်းသို့ ရွှေဘိုမြို့နယ်မှ ငါးမွေးကန်လုပ်ငန်းဆောင်ရွက်နေသူများ တက်ရောက်ပြီး သင်တန်းကာလ သုံးရက်အတွင်း စာတွေ့လက်တွေ့ကို စခန်းတာဝန်ခံ ဦးဇော်ဝင်းအောင်နှင့် ဝန်ထမ်းများက ပို့ချပေးကြောင်း သိရသည်။

**သတင်းစဉ်**



ငါးဆေးထိုးခြင်းကို လက်တွေ့ဆောင်ရွက်နေစဉ်။



## မိုးရွာသွန်းမှုကြောင့် ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ စူဠာမဏိဘုရားပရိဝုဏ်အတွင်း မိုးရေဝင်ရောက်နေမှုကို ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့များက ရေစုပ်စက်များဖြင့် စုပေါင်းရှင်းလင်းဆောင်ရွက်

**ညောင်ဦး စက်တင်ဘာ ၁၉**

မန္တလေးတိုင်းဒေသကြီး ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေတွင် စက်တင်ဘာ ၁၇ ရက်က မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူဖြစ်သည့် စူဠာမဏိ ဘုရားပရိဝုဏ်အတွင်း မိုးရေဝင်ရောက်မှုများ ဖြစ်ပေါ်ခဲ့သည့်အတွက် ဘုရားကြီးနှင့် မဟာရန်အုတ်တံတိုင်းများ ထိခိုက်ပျက်စီးမှုကင်းဝေးစေရန်ရည်ရွယ်၍ ယနေ့နံနက်ပိုင်းက ခရိုင်နှင့် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရေစုပ်စက်များဖြင့် စုပေါင်းရှင်းလင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ ပုဂံ-ညောင်ဦးမှာ စက်တင်ဘာ ၁၇ ရက် ညနေပိုင်းက မိုးသည်းထန်စွာ ရွာသွန်းခဲ့တဲ့အတွက် ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူဖြစ်တဲ့ စူဠာမဏိဘုရား ပရိဝုဏ်အတွင်း မိုးရေဝင်ရောက်မှုတွေ ဖြစ်ပေါ်ခဲ့ပါတယ်။ မိုးရေဝင်ရောက်မှုက ဘယ်လောက်များသလဲဆိုရင် အနက် လေးပေလောက်အထိ ရှိပါတယ်။ ဒါ့ကြောင့် ဘုရားကြီးနဲ့ မဟာရန်အုတ်တံတိုင်း ထိခိုက်ပျက်စီးမှုမရှိစေရေးအတွက် စုပေါင်းပြီးတော့ မနေ့ကတည်းက ရေစုပ်စက်တွေနဲ့ ရှင်းလင်းဆောင်ရွက်နေတာ ဖြစ်ပါတယ်။ ဒီနေ့မနက်လည်း ကျန်ရှိတဲ့ မိုးရေတွေကို ဆက်လက်ရှင်းလင်းဆောင်ရွက်နေကြပါတယ်။ မိုးရေဝင်ရောက်မှုကြောင့် ဘုရားကြီးနဲ့ မဟာရန်အုတ်တံတိုင်း ထိခိုက်ပျက်စီးမှုတော့ မရှိခဲ့ပါဘူး" ဟု ညောင်ဦးမြို့မှ ဒေသခံတစ်ဦးက ပြောသည်။

ပုဂံ-ညောင်ဦး ရှေးဟောင်းယဉ်ကျေးမှုနယ်မြေရှိ ဘုရားအမှတ် (၇၄၈) စူဠာမဏိဘုရားကြီးသည် တောင်ဘီကျေးရွာအုပ်စု တောင်ဘီကျေးရွာအနီးတွင် တည်ရှိကာ အေဒီ ၁၁၈၃ ခုနှစ်တွင် နရပတိစည်သူ မင်းတရားကြီး တည်ထား ကိုးကွယ်တော်မူခဲ့သည့် ရှေးဟောင်းသမိုင်းဝင် ဘုရားတစ်ဆူဖြစ်ပြီး ပြည်တွင်း၊ ပြည်ပ ဘုရားဖူးဧည့်သည်များက စိတ်ဝင်တစား လာရောက်ဖူးမြော်ကြကြောင်း သိရသည်။

**ရဲဝင်းနိုင် (ညောင်ဦး)**

# မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစီမံကိန်းဆိုင်ရာ ဆင့်ပွားအလုပ်ရုံဆွေးနွေး

ထားဝယ် စက်တင်ဘာ ၁၉

**မြန်မာနိုင်ငံလယ်ယာသန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းစီမံကိန်းဆိုင်ရာ ဆင့်ပွားအလုပ်ရုံဆွေးနွေးပွဲကို ယနေ့နံနက်ပိုင်းက ထားဝယ်မြို့ တနင်္သာရီတိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီး ဌာနရုံးအစည်းအဝေးခန်းမ၌ ကျင်းပသည်။** (ယာပုံ)



ဆွေးနွေးပွဲတွင် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး သက်စိုးက အမှာစကားပြောကြားပြီး တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးမှူးဦး ဆန်းလင်းဦးက မြန်မာနိုင်ငံ လယ်ယာသန်းခေါင် စာရင်းကောက်ယူရေးလုပ်ငန်းဆိုင်ရာ ကိစ္စရပ်များ နှင့် ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ တိုင်းဒေသကြီး လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းညီညီလတ်က မြန်မာ့လယ်ယာသန်းခေါင်စာရင်း စီမံကိန်း အကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် မြိတ်မြို့နယ်လယ်ယာမြေစီမံခန့်ခွဲ ရေးနှင့်စာရင်းအင်းဦးစီးဌာန လက်ထောက်ဦးစီးမှူး ဦးဇော်မင်းက CS Pro Application နှင့် ပတ်သက်၍ ရှင်းလင်းတင်ပြပြီး တက်ရောက်လာသော တိုင်း ဒေသကြီး/ခရိုင်/မြို့နယ် လယ်ယာမြေ စီမံခန့်ခွဲရေး နှင့်စာရင်းအင်းဦးစီးဌာနမှတာဝန်ရှိသူများက မြန်မာ နိုင်ငံ လယ်ယာသန်းခေါင်စာရင်းကောက်ယူရေး လုပ်ငန်း စီမံကိန်းဆိုင်ရာလုပ်ငန်းများကို အုပ်စု များခွဲ၍ ရှင်းလင်းဆွေးနွေးသည်။ **ခရိုင်(ပြန်/ဆက်)**



လေညှာ-ရတနာပုံလမ်းကွန်ကရစ်ခင်းထားမှုကို တွေ့ရစဉ်။

# ထိုင်းနယ်စပ်အထိ ဆက်သွယ်ထားသော လေညှာ- ရတနာပုံလမ်း အဆင့်မြှင့်တင်

**ရန်ကုန် စက်တင်ဘာ ၁၉**

လေညှာ-ရတနာပုံ လမ်းသည် ဘုရားကြီး-မော်လမြိုင်-ထားဝယ်-မြိတ်- ဘုတ်ပြင်း-ကော့သောင်း (တုံခါ-ဘုတ်ပြင်းအပိုင်း) ၅၇၈ မိုင် ၇ ဒသမ ၁ ဖာလုံ ခွဲထွက်၍ ပြည်ကြီးမဏ္ဍိုင်မြို့နှင့် ထိုင်းနိုင်ငံ နယ်စပ်အထိ ဆက်သွယ်သော လမ်းဖြစ်ပြီး ပြည်ကြီးမဏ္ဍိုင်မြို့ ၀/၀ မိုင်မှ ထိုင်း- မြန်မာ နယ်စပ် ကျောက်တိုင်အထိ ၃၈ မိုင် ၇ ဖာလုံ ရှိသည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ် ကုန်တွင် ယခင်ကအတိုင်းမြေသား လမ်းအကျယ်ပေ ၄၀ သာ ရှိခဲ့ရာမှ တနင်္သာရီတိုင်းဒေသကြီး လမ်း ဦးစီးဌာနက အဆင့်မြှင့်တင် ဆောင်ရွက်ပေးခဲ့ရာ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်အကုန်တွင် အကျယ် ၁၂ ပေ ကွန်ကရစ်လမ်း ၁၆ မိုင် ၁ ဒသမ ၆ ဖာလုံ ဆောင်ရွက်ပေး သည်။

ဆက်လက်၍ နှစ်အလိုက် လျာထားရေးဆွဲထားသော ရန်ပုံ ငွေရရှိမည်ဆိုပါက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်ကုန်တွင် ၁၂ ပေ အကျယ် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်ရန် ကျန်ရှိနေသည့် ၂၂ မိုင် ၅ ဒသမ ၃၈ ဖာလုံ ကို အပြီးသတ် အဆင့်မြှင့်တင် ဆောင်ရွက်ပေးမည်ဟု သိရ သည်။

**ခရမ်းစိုးမြင့်**


“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

**အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ**

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေး အဖွဲ့နှင့် စုံစမ်းစစ်ဆေးရေး အဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက် များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကဒ်ပြား မိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓါတ်ပုံ၊ အသံဖိုင်၊ ဗွီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ် တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ် တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည် ကိုလည်း သတိပြုရမည်။

**လိပ်မူတိုင်ကြားရန် လိပ်စာ**

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ် (၁၄၄)၊
ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊ ၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm ၊
Website Address – http://www.accm.gov.mm


# တာချီလိတ်မြို့နယ်၌ တောင်ပေါ်တိုင်းရင်းသားကျေးရွာ ၂၄ ရွာရှိ အိမ်ထောင်စုများအတွက် အခြေခံစားသောက်ကုန်များ ဒုတိယအကြိမ် ထောက်ပံ့

**တာချီလိတ် စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်မြို့နယ် မိုင်းဟဲကျေးရွာအုပ်စုတွင် ဒုတိယအကြိမ်အဖြစ် တောင်ပေါ်တိုင်းရင်းသားကျေးရွာ ၂၄ ရွာရှိ အိမ်ထောင်စုပေါင်း ၁၂၀၂ စုအတွက် အခြေခံ စားသောက်ကုန်များကို မိုးမိသားစုကုမ္ပဏီနှင့် ရွှေမိုင်းဟဲမိသားစုတို့မှ ယနေ့နံနက်ပိုင်းက ထောက်ပံ့ လှူဒါန်းသည်။

ထိုသို့ လှူဒါန်းရာ၌ ကိုဗစ်-၁၉ ရောဂါ တတိယ အကျော့အတွင်း စားဝတ်နေရေးအခက်အခဲများနှင့် ရင်ဆိုင်ကြုံတွေ့နေရသော တောင်ပေါ်နေ တိုင်းရင်း သား လားဟူ၊ အာခါ၊ ပလောင်နှင့် ရှမ်းလူမျိုး အများစု နေထိုင်သည့် ရွာများကို ဒုတိယအကြိမ်အဖြစ် တစ်အိမ်ထောင်လျှင် ထိုင်းဘတ်ငွေ ၂၀၀ တန်ဖိုးရှိ ဆန်၊ ဆီ၊ဆား၊ ကြက်သွန်နှင့် အခြားအခြေခံစား သောက်ကုန်ပစ္စည်းများကို အိမ်ထောင်စု ၁၂၀၂ စုအတွက် အလှူရှင်မိသားစုများက ပေးအပ်လှူဒါန်းရာ သက်ဆိုင်ရာ ဒေသခံတိုင်းရင်းသားများက လက်ခံယူ ကြောင်း သိရသည်။

**ယာဆေး(ပြန်/ဆက်)**

# ဝေါမြို့နယ်တွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်ပြားများ နေ့ချင်းပြီးဆောင်ရွက်ပေး

**ဝေါ စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးမှူးရုံးက ပန်းခင်း စီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေး ကတ်ပြားများကို ကျေးရွာများ အရောက် ကွင်းဆင်း၍ နေ့ချင်း ပြီး ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၁၇ ရက်က မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဝင်းမော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ် လူဝင်မှုကြီးကြပ်ရေး နှင့် ပြည်သူ့အင်အားဦးစီးမှူးရုံး ဦးစီးအရာရှိ ဦးရဲထွန်းမြင့်နှင့် ဝန်ထမ်းများက သပြေကန် ကျေးရွာ အုပ်ချုပ်ရေးမှူးရုံး၌ သပြေကန်ကျေးရွာ အတွင်းရှိ အသက် ၁၆ နှစ်နှင့်အထက် နိုင်ငံသား စိစစ်ရေးကတ်ပြား မရှိသူ ၁၂၀ ကို နေ့ချင်းပြီး ဆောင်ရွက်ပေးကြကြောင်း သိရ သည်။




**စိုးမိုး (ပြန်/ဆက်)**

# မကွေးတိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၃၅၁ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်မှု ရာနှုန်းပြည့်ပြီးစီး

မကွေး စက်တင်ဘာ ၁၉

**မကွေးတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၀-၂၀၂၁ ခု ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် တိုင်းဒေသကြီးအတွင်း ကျေးရွာပေါင်း ၃၅၁ ရွာ၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်း ၄၁၉ ခုကို ငွေကျပ် ၄၅၉၂ ဒသမ ၉၂၇၅ သန်းဖြင့် အကောင်အထည်ဖော် ဆောင်ရွက်ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း အဆိုပါဦးစီးဌာနမှ သိရသည်။**



ရေစကြိုမြို့နယ် ရွာသာကျေးရွာ ကွန်ကရစ်ခင်းခြင်း ဆောင်ရွက်ပြီးမှုပုံ။

မကွေးတိုင်းဒေသကြီးအတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် မကွေး၊ မင်းဘူး၊ သရက်၊ ပခုက္ကူ၊ ဂန့်ဂေါ ခရိုင်ငါးခုအတွင်းရှိ ကျေးရွာပေါင်း ၄၁၉ ရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း ထောက်ပံ့ရန်ပုံငွေ ကျပ်သန်း ၃၅၁၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၁၀၈၂ ဒသမ ၉၂၇၅ သန်းဖြင့် ကျေးရွာအဝင်နှင့် ကျေးရွာတွင်းလမ်းများ အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ၁၉၉ ခု၊ တံတားပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း ရှစ်ခု၊ ကျေးလက်ရေပေးရေးလုပ်ငန်း ၉၈ ခု၊ ကျေးလက် မီးလင်းရေးလုပ်ငန်း ၇၂ ခု၊ စာသင်ကျောင်းဆောင် ဆောက်လုပ်ခြင်းလုပ်ငန်း ခြောက်ခု၊ ဘက်စုံသုံး ခန်းမတည်ဆောက်ခြင်းလုပ်ငန်း ၁၈ ခု၊ အခြားဖွံ့ဖြိုးရေးလုပ်ငန်း ၁၈ ခု အကောင်အထည်ဖော်ဆောင်ရွက်ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ အဆိုပါလုပ်ငန်းများကို ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာပံ့ပိုးမှုတို့ဖြင့် ကျေးရွာသူကျေးရွာသားများကိုယ်တိုင် အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း တိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်ထံမှ သိရသည်။

**သန်းလွင်(မကွေး)**

---

● *ကျောဖုံးမှ*

ကစားသမားစာရင်းကို လေးဦးအပြောင်းအလဲပြုလုပ်ပြီး ဖော်နေးလ် ဘင်ရာမာ၊ ဗလာဆစ်၊ ဘိုဝင်တို့ဖြင့် မန်ယူအသင်းကို ရင်ဆိုင်လာခဲ့သည်။ ပွဲအစပိုင်းတွင် မန်ယူအသင်း၏ ကစားကွက်တည်ငြိမ်မှုမရှိဘဲ အမှားအယွင်းများနေခဲ့သည်။ အထူးသဖြင့် ခံစစ်မှ မက်ဂွိုင်းယား၏ အမှားမှတစ်ဆင့် ဝက်စ်ဟမ်းအသင်း ဂိုးရလုနီး ဖြစ်ခဲ့သော်လည်း အဆုံးသတ်သေချာမှုမရှိခဲ့သောကြောင့် နစ်နာခဲ့ရသည်။ စီရော်နယ်ဒို၊ ဖာနန်ဒက်စ်၊ လုခ်ရှောတို့၏ ကန်သွင်းချက်များကို ဝက်စ်ဟမ်းခံစစ်နှင့် ဂိုးသမား ဖေဘီယန်စကီးတို့ အကောင်းဆုံးဖျက်ထုတ် ကာကွယ်ထားနိုင်မှုတို့ကြောင့် မန်ယူအသင်း ဦးဆောင်ဂိုးနှင့် ဝေးကွာခဲ့ရသည်။ ပွဲချိန်အများစုကို မန်ယူအသင်းက ထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း ဦးဆောင်ဂိုးကို ဝက်စ်ဟမ်းအသင်းက ပွဲချိန် မိနစ် ၃၀ တွင် ရရှိခဲ့ပြီး ဘင်ရာမာက သွင်းယူပေးနိုင်ခဲ့သည်။

ပွဲချိန် ၃၅ မိနစ်တွင် မန်ယူအသင်းချေပဂိုးရရှိခဲ့ပြီး ဖာနန်ဒက်စ်၏ ဖန်တီးမှုမှတစ်ဆင့် စီရော်နယ်ဒိုက သွင်းယူပေးခဲ့သည်။ ပထမပိုင်းတွင် အပြန်အလှန် သွင်းဂိုးများနှင့်အတူ အကြိတ်အနယ်ရှိခဲ့ပြီး တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။

ဒုတိယပိုင်းပြန်လည်စတင်ချိန်တွင် မန်ယူအသင်းမှ စီရော်နယ်ဒို အပိုင်ကန်သွင်းခွင့်ရရှိခဲ့သော်လည်း ဂိုးသမား ဖေဘီယန်စကီး ကာကွယ်နိုင်မှုကြောင့် နစ်နာခဲ့ရသည်။ ဝက်စ်ဟမ်းအသင်း၏ တုံ့ပြန်ကစားပုံ ကောင်းမွန်မှုကြောင့် မန်ယူအသင်းဂိုးရရှိရန် ရုန်းကန်ခဲ့ရသည်။ ယနေ့ပွဲစဉ်တွင် ခံစစ်ကစားသမား မက်ဂွိုင်းယား ဒုတိယပိုင်းတွင် အမှားအချို့ ထပ်မံပြုလုပ်ခဲ့သော်လည်း စီရော်နယ်ဒို၊ ဖာနန်ဒက်စ်၊ ဒီဂီယာ၊ ဖရက်၊ ပေါ့ဂ်ဘာ၊ လုပ်ခ်ရှောတို့ ခြေစွမ်းပြ ကစားနိုင်ခဲ့သည်။ မိနစ် ၈၀ ကျော်သည်အထိ သွင်းဂိုးများ မြင်တွေ့ရခြင်းမရှိသော်လည်း ပွဲချိန် ၈၉ မိနစ်တွင် လူစားဝင်ကစားသမား မာတစ်၏ ဖန်တီးမှုမှတစ်ဆင့် လင်ဂတ်၏ လှလှပပ သွင်းယူပေးနိုင်ခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဒိုင်လူကြီး မာတင်အက်ကင်ဆန်သည် မန်ယူအသင်း၏ ပယ်နယ်တီရရှိနိုင်လောက်သည့် အခွင့်အရေးနှစ်ကြိမ်နီးပါးကို ငြင်းပယ်ခဲ့သည်ကို တွေ့ရသည်။ ပွဲချိန်ပြီးခါနီးတွင် ဝက်စ်ဟမ်းအသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့ပြီး လူစားဝင်ကစားသမား နိုဘယ် ကန်သွင်းရာ ဂိုးသမား ဒီဂီယာ ပုတ်ထုတ်ကာကွယ်နိုင်မှုကြောင့် ဝက်စ်ဟမ်းအသင်း နစ်နာခဲ့ရ သည်။

ယနေ့ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော စီရော်နယ်ဒိုသည် ဝက်စ်ဟမ်းအသင်းနှင့် ရှစ်ကြိမ်တွေ့ဆုံရာ ခြောက်ဂိုးအထိ သွင်းယူလာနိုင်ခဲ့သည်။ မန်ယူအသင်းသည် ပရီမီယာလိဂ် ငါးပွဲကစားပြီးချိန် လေးပွဲနိုင်ပြီး တစ်ပွဲသရေကျထားသောကြောင့် ၁၃ မှတ်အထိ ရရှိထားသည်။ လာမည့်ပွဲစဉ်အဖြစ် မန်ယူအသင်းသည် ကာရာဘောင်ဖလားပြိုင်ပွဲတွင် ဝက်စ်ဟမ်းအသင်းနှင့်ပင် စက်တင်ဘာ ၂၃ ရက်၌ ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။ အခြားသောပွဲစဉ်တွင် ဘရိုက်တန်အသင်းက လက်စတာအသင်းကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**

---

## တောင်ငူမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေနှင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

**တောင်ငူ စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့နယ်၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ပြုလုပ်ဆောင်ရွက်ပေးခြင်းကို စက်တင်ဘာ ၁၈ ရက်က နယ်မြေခံတပ်ရင်း၌ ကွင်းဆင်းပြုလုပ်ပေးသည်။

ထိုသို့ပြုလုပ်ပေးရာတွင် လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးဘရွှေနှင့် ဝန်ထမ်းများက အသက် ၁၈ နှစ်ပြည့်ပြီး နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသည့် လူဦးရေ ၄၆ ဦးအား ကိုဗစ်-၁၉ စည်းကမ်းချက်များနှင့်အညီ ပြုလုပ်ပေးသည်။ တောင်ငူမြို့နယ်အတွင်း ပန်းခင်းစီမံချက်ဖြင့် မေ ၃ ရက်မှ ၂၀၂၂ ခုနှစ် အောက်တိုဘာ ၃ ရက်အထိ ဆောင်ရွက်ပေးမည်ဖြစ်ပြီး အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ် ပြုလုပ်ရမည့် လူဦးရေလျာထားချက်အရ ၇၀၄၆ ဦးရှိကြောင်း မြို့နယ်ဦးစီးမှူးရုံးမှ သိရသည်။

**ကိုလွင်(ဆွာ)**



တနင်္သာရီတိုင်းဒေသကြီး ထားဝယ်မြို့၌ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ကျော်နိုင်နှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များပူးပေါင်း၍ ပန်းခင်းစီမံချက်ဖြင့် အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသား စိစစ်ရေးကတ်ပြားများ ထုတ်ပေးနိုင်ရေးအတွက် စက်တင်ဘာ ၁၈ ရက်က ထားဝယ်မြို့ အိမ်ရှေ့ပြင်ရပ်ကွက် အခြေခံပညာမူလတန်းကျောင်း၌ ကွင်းဆင်း ဆောင်ရွက်ပေးစဉ်။

ဖိုးရွှေသွန်း-ထားဝယ်

---

# မြစ်ကြီးနား၊ လားရှိုးနှင့် တောင်ကြီးမြို့နယ်တို့တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၁၉**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် မြစ်ကြီးနား



အိုက်ပွင့် အားသိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

မြို့ စီတာပူရပ်ကွက် ဂျပန်လမ်းမကြီးအနီးတွင် အေးနိုင်လင်း မောင်းနှင်ပြီး မရူထု(ခ)အဘွတ် လိုက်ပါလာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၁၈ ကီလိုကို လည်းကောင်း၊ အလားတူ ယင်းနေ့ည ၇ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် လားရှိုးမြို့နယ် လားရှိုး-မိုင်းယော်သွားကားလမ်း တာပုံကျေးရွာအုပ်စု တာပုံကျေးရွာနီးတွင် အိုက်ပွင့် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ ဘိန်းဖြူ ၀ ဒသမ ၂၂ ကီလိုကို လည်းကောင်း၊ ထို့အတူ စက်တင်ဘာ ၁၇ ရက် မွန်းလွဲ ၁ နာရီခွဲ တွင် တောင်ကြီးနယ်မြေရဲစခန်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် တောင်ကြီးမြို့နယ် တောင်ကြီး - မိုင်းပျဉ်းသွားကားလမ်း နန်းဟောင်းကျေးရွာအုပ်စု နောင်ပယ်ကျေးရွာအနီးတွင် ဖြိုးဝေကျော် (ခ) အောင်ဖြိုးဝင်း မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၁၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသောဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**ရဲပြန်ကြား**

---

# သီပေါမြို့နယ်၌ မိုးသီးနှံချေးငွေများ တောင်သူများအား အပြီးသတ်ထုတ်ချေး

**သီပေါ စက်တင်ဘာ ၁၉**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် မြို့နယ်ဘဏ်ခွဲမှ မြို့နယ်အတွင်းရှိ တောင်သူလယ်သမားများအား မိုးရာသီ စိုက်ပျိုးစရိတ် ချေးငွေများကို ကျန်းမာရေးဝန်ကြီးဌာန ကိုဗစ်-၁၉ ကာကွယ်ရေးဆိုင်ရာ စည်းကမ်းချက်များနှင့်အညီ မေလကစတင်ပြီး ထုတ်ချေးပေးရာ ယနေ့ထုတ်ချေးမှုများ ပြီးစီးကြောင်း သိရသည်။

ထိုသို့ထုတ်ချေးရာတွင် ၂၀၂၁ ခုနှစ်အတွက် စိုက်ပျိုးစရိတ်များကို ကျေးရွာအုပ်စု ၃၅ အုပ်စုမှ တောင်သူလယ်သမား ၃၆၃၉ ဦးကို ငွေကျပ်သိန်းပေါင်း ၂၅၈၉၁ ကို ထုတ်ချေးပေးပြီးဖြစ်သည်။ သီပေါမြို့နယ်၌ ကျေးရွာအုပ်စု ၇၆ အုပ်စုမှ မိုးရာသီစိုက်ပျိုးမည့် တောင်သူများအား မိုးသီးနှံချေးငွေများအဖြစ် စပါးတစ်ဧကလျှင် ငွေကျပ် ၁၅၀၀၀၀ နှင့် အခြားသီးနှံ တစ်ဧကလျှင် ငွေကျပ်တစ်သိန်းနှုန်းဖြင့် မြို့နယ်လယ်ယာဖွံ့ဖြိုးရေးဘဏ်ခွဲ မန်နေဂျာ ဒေါ်စမ်းစမ်းအေးနှင့် ဝန်ထမ်းများက အပြီးထုတ်ချေးပေးပြီးဖြစ်ကြောင်း သိရသည်။

**စိုင်း(သီပေါ)**

# ခရီးသွားများလာရောက်လျက်ရှိသော မန်လည်နှင့် တံခွန်တိုင် ကျေးရွာချင်းဆက်လမ်းပေါ်၌ ထန်းသီးစေ့ ၁၅၀၀ ခန့် မျိုးစေ့ချစိုက်ပျိုး

**အင်းတော် စက်တင်ဘာ ၁၉**

သားငှက်မျိုးစိတ်ကွဲငှက်မျိုးစုံများကို လေ့လာသူ ခရီးသွားများ လာရောက်လျက်ရှိသော မန်လည်နှင့် တံခွန်တိုင်ကျေးရွာချင်းဆက် လမ်းဘေးဝဲယာတစ်လျှောက် ထန်းသီးအစေ့ ၁၅၀၀ ခန့်ကို စက်တင်ဘာ ၁၉ ရက်မှစ၍ တံခွန်တိုင်ကျေးရွာ ဆရာတော် အရှင်ဝိလာသဂ္ဂ ဦးစီး၍ ဒေသခံ ပရဟိတလူငယ်များဖြင့် စိုက်ပျိုးကြသည်။ **(အောက်ပုံ)**

"မဲဇာမြစ်ကမ်းရိုးတစ်လျှောက် ယခင်က သားငှက်တိရစ္ဆာန်မျိုးစုံ ပေါများခဲ့ပါတယ်။ သစ်ပင်ကြီးတွေလည်းများတော့ မနက်မိုးလင်းတာနဲ့ ကျောင်းနားပတ်ဝန်းကျင်မှာ ငှက်အသံမျိုးစုံ ကြားရ မြင်ရတယ်။ ကျောင်းရှေ့ ဆွမ်းထမင်းအကျန်များ ချကျွေးတော့ လာရောက်စားကြတော့ ဆွမ်းဒါယကာ ပို၍ကုသိုလ်ရကြတယ်။ ဆွမ်းစားချိန် ကြေးစည်ထုလိုက်ပါက အသံပေးကြတယ်။ ထန်းပင်များ ပေါက်လာအောင်၊ ကျေးရွာသာယာစည်ကားလာအောင် ရည်ရွယ်ပြီး ထန်းပင်တွေ၊ အုန်းပင်တွေမှာ ငှက်တွေစုပြီး ညနေ အိပ်တန်းဝင်ချိန်ဆို ပျော်ရွှင်မြူးထူးနေတာ နောင်လာ နောက်သားများ မြင်တွေ့ရအောင် စိုက်ပျိုးပေးနေခြင်းဖြစ်တယ်။ အရိပ်ရ သစ်ပင်တွေလည်း စိုက်ပျိုးထားရှိတယ်" ဟု တံခွန်တိုင်ကျောင်း ဆရာတော်က မိန့်ကြားသည်။



ထို့နောက် အင်းတော်မြို့နယ် မန်လည်ကျေးရွာနှင့် တံခွန်တိုင် ကျေးရွာလမ်းဘေးဝဲယာ တစ်မိုင်ခန့် မန္တလေး- မြစ်ကြီးနား သွား ကားလမ်းအထွက်ထိ လမ်းဘေးချုံမြက်များ ရှင်းလင်းဖယ်ရှား၍ တံခွန်တိုင်ကျေးရွာရှိ ပရဟိတလူငယ်များ၊ ဟိတရေခမ္မ စကူးလ်သင်တန်း နည်းပြဆရာများ စုပေါင်းကာ ထန်းသီးစေ့ချ စိုက်ပျိုးခြင်း ပြုလုပ်ခဲ့ကြောင်းနှင့် ယခင်လက သစ်တော ဦးစီးဌာနမှ လှူဒါန်းခဲ့သော ကျွန်းပင်ပေါက်များ ၁၅၀ ခန့်ကို ကျောင်းဝင်းအတွင်း စိုက်ပျိုးထားရှိကြောင်း သိရသည်။

**ငွေအိုး (ကသာ)**

# အာဆီယံ ဆူဇူကီးဖလားပြိုင်ပွဲ အုပ်စုပွဲစဉ်များကျင်းပမည့်ရက် ထုတ်ပြန်

**ရန်ကုန် စက်တင်ဘာ ၁၉**

အာဆီယံဘောလုံးအဖွဲ့ချုပ်သည် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ရွှေ့ဆိုင်းထားရပြီး ပြန်လည်ပြုလုပ်မည့် ၂၀၂၀ အာဆီယံ ဆူဇူကီးဖလား ပြိုင်ပွဲ အုပ်စုပွဲစဉ်များ ကျင်းပမည့်ရက် ထုတ်ပြန်လိုက်ပြီဖြစ်သည်။

အာဆီယံဆူဇူကီးဖလားပြိုင်ပွဲကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၅ ရက်မှ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁ ရက်အထိ ပြုလုပ်သွားမည်ဖြစ်ပြီး အုပ်စုပွဲစဉ်များကို ဒီဇင်ဘာ ၅ ရက်မှ ၁၉ ရက်၊ ဆီမီးဖိုင်နယ် ပထမအကျော့ကို ဒီဇင်ဘာ ၂၂၊ ၂၃ ရက်၊ ဒုတိယအကျော့ကို ဒီဇင်ဘာ ၂၅၊ ၂၆ ရက်၊ ဗိုလ်လုပွဲ ပထမအကျော့ကို ဒီဇင်ဘာ ၂၉ ရက်နှင့် ဒုတိယအကျော့ကို ဇန်နဝါရီ ၁ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အာဆီယံဘောလုံးအဖွဲ့ချုပ်၏ ထုတ်ပြန်ချက်အရ မြန်မာအသင်း အပါအဝင် လက်ရှိချန်ပီယံ ဗီယက်နမ်၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှား၊ စင်ကာပူ၊ ဖိလစ်ပိုင်၊ ကမ္ဘောဒီးယားနှင့် လာအိုအသင်းတို့မှာ အုပ်စုအဆင့်မှ စတင်ယှဉ်ပြိုင်ရမည်ဖြစ်ပြီး အဆင့်သတ်မှတ်ချက် အနိမ့်ဆုံးဖြစ်သည့် တီမောနှင့် ဘရူနိုင်းမှာမူ ခြေစစ်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ယင်းပြိုင်ပွဲအတွက် အုပ်စုမဲခွဲပွဲကို စက်တင်ဘာ ၂၁ ရက်တွင် အွန်လိုင်းမှတစ်ဆင့် ပြုလုပ်သွားမည်ဖြစ်ပြီး ခြေစစ်ပွဲကစားမည့်ရက်ကိုပါ တစ်ပေါင်းတည်း ထုတ်ပြန်သွားမည်ဖြစ်သည်။ ပြိုင်ပွဲကို ငါးသင်းနှစ်အုပ်စုခွဲ၍ ကျင်းပမည်ဖြစ်ပြီး ဆီမီးဖိုင်နယ်နှင့် ဗိုလ်လုပွဲကိုမူ နှစ်ကျော့စနစ်ဖြင့် ကျင်းပမည်ဖြစ်သည်။ ကိုဗစ်-၁၉ ကပ်ရောဂါ အခြေအနေကြောင့် ယင်းပြိုင်ပွဲကို အိမ်ရှင်နိုင်ငံရွေးချယ်၍ ပြုလုပ်သွားမည်ဖြစ်သည်။



၂၀၁၈ ကျင်းပခဲ့သည့် ဆူဇူကီးပြိုင်ပွဲတွင် မြန်မာနှင့် လာအိုအသင်း ယှဉ်ပြိုင်နေစဉ်။

ယင်းပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၀ နှစ်ကုန်ပိုင်းတွင် ကျင်းပရမည်ဖြစ်သော်လည်း ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းထားရခြင်းဖြစ်သည်။ သို့သော် ၂၀၂၀ အာဆီယံဆူဇူကီးဖလားပြိုင်ပွဲအမည်ဖြင့်သာ ကျင်းပသွားမည်ဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-affsuzukicup.com**



# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုကြိုဆို လမ်းလျှောက်ပြိုင်ပွဲကျင်းပ

**နေပြည်တော် စက်တင်ဘာ ၁၉**

၂၀၂၁ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၇)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လောက်ကိုင်မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ငြိမ်းချမ်းအေး ဦးစီးတပ်ဖွဲ့ဝင်များ၊ ရဲစခန်းမှူးများ၊ အမှတ် (၂၁) လုံခြုံရေးရဲတပ်ဖွဲ့ခွဲ၊ အမှတ်(၁၇)မှုခင်းရဲတပ်ဖွဲ့စိတ်၊ အမှတ်(၁၆)သတင်းရဲတပ်ဖွဲ့စု၊ အမှတ် (၁)လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်၊ အမှတ်(၂၁) မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စု၊ အမှတ်(၁၂၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စုများမှ ရဲအုပ်အဆင့်နှင့် အထက်အရာရှိများအားစုစည်း၍ စက်တင်ဘာ ၁၈ ရက် နံနက် ၅ နာရီခွဲက လောက်ကိုင်မြို့ ရင်ဖုန်းဝိုင်းမှ တောင်ညီနောင် အသွား-အပြန် အကွာအဝေး ငါးမိုင် လမ်းလျှောက်ပြိုင်ပွဲ ကျင်းပပြီး ပထမ၊ ဒုတိယ၊ တတိယဆုရရှိသူများကို မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အခမ်းအနားၾ ဆုများချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**ကိုကိုဇော်**

# ညောင်လေးပင်မြို့၌ အောက်ဆီဂျင်စက်ရုံ တည်ဆောက်ရန်အတွက် ပန္နက်တင်မင်္ဂလာပြုလုပ်

**ညောင်လေးပင် စက်တင်ဘာ ၁၉**

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီစဉ်ထောက်ပံ့မှုဖြင့် ညောင်လေးပင်မြို့နယ်အတွင်း အောက်ဆီဂျင်စက်ရုံ တည်ဆောက်မည့်မြေနေရာတွင် ပန္နက်တင်မင်္ဂလာအခမ်းအနားကို စက်တင်ဘာ ၁၉ ရက်က မြို့နယ်ပြည်သူ့ဆေးရုံဝင်းအတွင်းရှိ စက်ရုံမြေနေရာ၌ ပြုလုပ်သည်။

ရှေးဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြို့နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာစောကလျာနှင့် စက်ရုံတည်ဆောက်ရေးကော်မတီဝင်များက ပန္နက်တင်ပေးကြသည်။ ယခုဆောက်လုပ်မည့် အောက်ဆီဂျင်စက်ရုံသည် တစ်နေ့လျှင် လီတာ ၄၀ ဆံ့အိုး ၁၅၀ ခန့် ထွက်ရှိမည့် အောက်ဆီဂျင်စက်ရုံဖြစ်ကြောင်း သိရသည်။

**နေလင်း(ညောင်လေးပင်)**


# ဒေါ့မွန်တိုက်စစ်ကစားသမား ဟာလန်းကို ခေါ်ယူရန် ပြင်ဆင်နေသည့် မန်ယူ

ပရီမီယာလိဂ်ကလပ် မန်ယူအသင်းသည် အသက် ၃၆ နှစ်အရွယ် စီရော်နယ်ဒိုအနေဖြင့် အိုးထရက်ဖို့ဒ် သို့ ပြန်လည်ရောက်ရှိလာသော်လည်း ဒေါ့မွန်အသင်းမှ အသက် ၂၁ နှစ်အရွယ် နော်ဝေတိုက်စစ်ကစားသမား ဟာလန်းကို ခေါ်ယူရန် ဆန္ဒရှိနေသေးကြောင်း သတင်းများတွင် ဖော်ပြထားသည်။ စီရော်နယ်ဒိုအနေဖြင့် ပရီမီယာလိဂ်ဖလားကို ဆွတ်ခူးရန် စိတ်အားထက်သန်သော်လည်း မန်ယူအသင်းအနေဖြင့် လာမည့် နွေရာသီအပြောင်းအရွှေ့ကာလတွင် ဟာလန်းကို ခေါ်ယူရန် ပြင်ဆင်နေခြင်း ဖြစ်သည်။

ဟာလန်းသည် ဘွန်ဒက်စ်လီဂါကလပ် ဒေါ့မွန်အသင်းတွင် ခြေစွမ်းပြသထားနိုင်သည့် ကစားသမား တစ်ဦးဖြစ်သည်။ ၎င်းသည် ယခုနှစ်ရာသီတွင် အသင်းအတွက် ပြိုင်ပွဲစုံ ခုနစ်ပွဲကစားပြီး ကိုးဂိုးအထိ သွင်းယူပေးထားနိုင်သူ ဖြစ်သည်။ ထို့အပြင် ၎င်းသည် မိခင်နိုင်ငံ နော်ဝေအသင်းအတွက်လည်း ၂၀၂၁ ခုနှစ် တွင် ရှစ်ပွဲ ပါဝင်ကစားခွင့်ရရှိထားပြီး ခြောက်ဂိုးသွင်းယူပေးထားသူ ဖြစ်သည်။

ဟာလန်းသည် ဒေါ့မွန်အသင်းသို့ မပြောင်းရွှေ့မီ ဆောလ်ဘတ်အသင်းတွင် ကစားခဲ့သူဖြစ်ပြီး ပြိုင်ပွဲ စုံ ၂၇ ပွဲတွင် ၂၉ ဂိုးအထိ သွင်းယူပေးထားသည်။ ၎င်းသည် ဒေါ့မွန်အသင်းသို့ ၂၀၁၉ ခုနှစ်တွင် ပြောင်းရွှေ့ရောက်ရှိလာပြီးနောက် အသင်းအတွက် ပြိုင်ပွဲအရပ်ရပ် ၆၆ ပွဲ ပါဝင်ကစားထားပြီး ၆၆ ဂိုးအထိ သွင်းယူပေးထားနိုင်သူလည်းဖြစ်သည်။ ထို့ကြောင့် ဂိုးသွင်းစွမ်းရည်ထက်မြက်သည့် ဟာလန်းကို မန်ယူအသင်းအနေဖြင့် ခေါ်ယူရန် ကြိုးပမ်းလုပ်ဆောင်နေခြင်း ဖြစ်သည်။

ဟာလန်းနှင့်ပတ်သက်ပြီး ဂျူဗင်တပ်စ်နှင့် ရီးရဲမက်ဒရစ်ကစားသမားဟောင်း စီရော်နယ်ဒိုက ဟာလန်းရဲ့ အရည်အချင်းကို ကြိုက်နှစ်သက်သူဖြစ်ကြောင်း ယခုနှစ်အစောပိုင်းတွင် ထုတ်ဖော်ပြောကြားထားသည်။ အနာဂတ်မှာ ထွန်းတောက်လာမယ့် ကစားသမားတစ်ယောက်ကို ရွေးထုတ်ရမယ်ဆိုရင်တော့ အလွန်ခက်ခဲပါတယ်။ ဘာလို့လဲဆိုတော့ ဟာလန်းတို့၊ အမ်ဘတ်ပီတို့လို လူငယ်မျိုးဆက်သစ်တွေရဲ့ ခြေစွမ်းက ထက်မြက်နေတဲ့အတွက်ကြောင့်ပါဟု ပြောကြားသည်။



ဒေါ့မွန်တိုက်စစ်ကစားသမား ဟာလန်း။

ဂိုးသွင်းခြေထက်မြက်နေသည့် ဟာလန်းကို ရီးရဲမက်ဒရစ်၊ ဘာစီလိုနာစသည့် အသင်းကြီးအများအပြားက ခေါ်ယူရန် စိတ်ဝင်စားနေသည့်အတွက် မန်ယူအသင်းအနေဖြင့် ဟာလန်းကို လက်ဦးမှုရယူကာ လာမည့်နှစ်တွင် အိုးထရက်ဖို့ဒ်၌ စီရော်နယ်ဒို၊ ဟာလန်းတိုက်စစ်အတွဲကို မြင်တွေ့ရမလား စိတ်ဝင်စားဖွယ်ရာပင်။

**အောင်ဇော်**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း







ဓမ္မာရုံ(၂၁၃×၉၀)ပေ ၁ လုံး-၈၇၃၀ သိန်း



မုစလိန္ဒအိုင်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများလာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် | လှူဒါန်းပြီး အရေအတွက် | လှူဒါန်းရန်ကျန်ရှိ အရေအတွက် |
|---|---|---|---|---|---|
| ၁။ | ဓမ္မာရုံ(၂၁၃×၉၀×၄၆)ပေ | ၈၇၃၀. ၂၁ | ၁ လုံး | - | ၁ လုံး |
| ၂။ | ရေပန်းအကြီး (အချင်း ၇၅ ပေ၊ အမြင့် ၁၈ ပေ) | ၄၃၂၁ | ၁ ခု | - | ၁ ခု |
| ၃။ | ရေပန်းအသေး(အချင်း ၁၅ ပေ၊ အမြင့် ၉ ပေ) | ၈၀၅ | ၁၈ ခု | - | ၁၈ ခု |
| ၄။ | မြန်မာမှုတစ်ဖက်လှ ခြံစည်းရိုး ၂၇ ပေခန်း | ၃၁ | ၄၅၅ ခန်း | ၁၂ ခန်း | ၄၄၃ ခန်း |
| ၅။ | မဟာရံတံတိုင်းရှိ ထောင့်တိုင်(စကျင်မြန်မာမှုပါ) | ၁၅ | ၅၀ တိုင် | ၈ တိုင် | ၄၂ တိုင် |
| ၆။ | မဟာရံတံတိုင်း စိန်တောင်စကျင်ကနုတ်ပန်း (စကျင်မြန်မာမှုပါ) | ၇ | ၆၅၂ ခု | ၄၆ ခု | ၆၀၆ ခု |
| ၇။ | လမ်းမီးတိုင်(၉ မီတာ (၁) တိုင်) | ၁၀ | ၁၈၀ တိုင် | ၁၃ တိုင် | ၁၆၇ တိုင် |
| ၈။ | Garden Light (၁ မီတာ(၁)တိုင်) | ၁. ၂ | ၉၀ တိုင် | ၁၅ တိုင် | ၇၅ တိုင် |

| စဉ် | လှူဒါန်းနိုင်သည့်အမျိုးအစား | တန်ဖိုး (ကျပ်သိန်း) | လှူဒါန်းနိုင်သည့် အရေအတွက် |
|---|---|---|---|
| ၉။ | မုစလိန္ဒအိုင်(၁ ကန်) | | |
| | (က) အဝင်မုခ်အဆောက်အဦ (၄၆ ပေ×၃၄ ပေ×၂၂. ၈ ပေ) | ၁၄၉၈ | ၁ ခု |
| | (ခ) အဝင်မုခ်အဆောက်အဦ စကျင်မြန်မာမှုလုပ်ငန်း(အတွင်းမီးအပါ) | ၃၅၃၆ | ၁ ခု |
| | (ဂ) အဝင်မုခ်အဆောက်အဦ ပင်မလှေကား(၃၅ ပေ×၃၂ ပေ) | ၅၆၂ | ၁ စင်း |
| | (ဃ) ရေကန်ဆောက်လုပ်ခြင်း(၃၁၅ ပေ× ၂၃၄ ပေ) | ၁၆၂၄ | ၁ ကန် |
| | (င) ရေကန်အတွင်းပတ်လမ်းနှင့် လက်ရန်းလုပ်ငန်း | ၉၁၇ | ၁ ခု |
| | (စ) ရေကန်အပြင်ပတ်လမ်း၊ ဘေးလှေကား ၂ စင်းနှင့်လက်ရန်းလုပ်ငန်း | ၁၀၀၈ | ၁ ခု |
| | (ဆ) ရေကန်ပတ်လမ်း မီးတိုင်များထွန်းညှိပေးခြင်းလုပ်ငန်း(၁ တိုင် ၉. ၅ သိန်း) | ၇၀၃ | ၇၄ တိုင် |
| | (ဇ) ရေကန်ပတ်လည်မြေယာရှုခင်း | ၅၁ | ၁ ခု |
| ၁၀။ | ရင်ပြင်တော်ပင်မတံတား(၁၀ ပေခန်း(၁)ခန်း) | ၁၃၂၂ | ၉ ခန်း |
| ၁၁။ | High Mast မီးတိုင်(၂၀ မီတာ (၁)တိုင်) | ၄၉၄ | ၉ တိုင် |
| ၁၂။ | ချောင်းဖြောင့်မြေထိန်းနံရံ(၁၂ ပေ× ၁၇၆ ပေ) | ၁၉၃ | ၈၂ ခု |
| ၁၃။ | မဟာရံတံတိုင်း၏ မြေထိန်းနံရံ(၁၀ ပေ ၁ ခန်း) | ၇၂ | ၂၀၀ ခန်း |
| ၁၄။ | မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု) | ၄.၁ | ၂၁၈ ကျင်း |

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

**(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅**

**(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၇၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# မြန်မာနိုင်ငံတော်ဗဟိုဘဏ်
# အလုပ်လျှောက်လွှာခေါ်ယူခြင်း

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တွင် လစ်လပ်လျက်ရှိသော အောက်ဖော်ပြပါ အမှုထမ်းရာထူးများအတွက် သတ်မှတ်ထားသောအရည်အချင်းပြည့်မီသူများ လျှောက်ထားနိုင်ပါသည်–

| စဉ် | ခန့်ထားမည့်ရာထူး/ လစာနှုန်း(ကျပ်) | လစ်လပ် နေရာ | ပညာအရည်အချင်း |
|---|---|---|---|
| (က) | ဒုတိယဦးစီးမှူး (၂၁၆၀၀၀–၂၀၀၀–၂၂၆၀၀၀) | ၂၅ နေရာ | – စီးပွားရေးတက္ကသိုလ်မှ ဘွဲ့တစ်ခုခုရရှိသူ<br>– အဝေးသင်တက္ကသိုလ်များမှ စီးပွားရေးဆိုင်ရာ ဘွဲ့တစ်ခုခုရရှိသူ<br>– သမဝါယမတက္ကသိုလ်နှင့် သမဝါယမ ဒီဂရီ ကောလိပ်များမှ စီးပွားရေးဆိုင်ရာ ဘွဲ့တစ်ခုခု ရရှိသူ<br>– B.C.Sc(Bachelor of Computer Science)<br>– B.C.Tech(Bachelor of Computer Technology)<br>– B.Sc (Computer Science)<br>– B.E(IT) {Bachelor of Engineering (Information Technology)}<br>– B.E(CE){Bachelor of Engineering (Computer Engineer)}<br>– B.A(English)<br>– LL.B (Bachelor of Law) |
| (ခ) | အငယ်တန်းစာရေး (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) | ၄၀ နေရာ | တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရရှိသူ |
| (ဂ) | စစ်ဆေးရေးမှူး–၄(ငွေ) (၁၈၀၀၀၀–၂၀၀၀–၁၉၀၀၀၀) | ၄၀ နေရာ | တက္ကသိုလ်ဝင်တန်းအောင်မြင်သူ |
| (ဃ) | ယာဉ်မောင်း–၅ (၁၆၂၀၀၀–၂၀၀၀–၁၇၂၀၀၀) | ၇ နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်သူ၊ ယာဉ်မောင်း (ခ)လိုင်စင် သက်တမ်း အနည်းဆုံး (၃) နှစ်ရှိရမည်။ |
| (င) | စာပို့စာလက်ခံ (၁၆၂၀၀၀–၂၀၀၀–၁၇၂၀၀၀) | ၂ နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်သူ |
| (စ) | ရုံးအကူ (၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀) | ၉ နေရာ | အခြေခံပညာအလယ်တန်းအောင်မြင်သူ |
| (ဆ) | သန့်ရှင်းရေးအကူ (၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀) | ၃ နေရာ | မြန်မာစာ ရေးတတ်၊ ဖတ်တတ်သူ |
| (ဇ) | လုပ်သား(လုပ်သား–၄) (၁၄၄၀၀၀–၂၀၀၀–၁၅၄၀၀၀) | ၅ နေရာ | မြန်မာစာ ရေးတတ်၊ ဖတ်တတ်သူ |

၂။ လျှောက်ထားသူများသည်–
- (က) ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံသားဖြစ်ရမည်။
- (ခ) (၃၁–၁၀–၂၀၂၂) ရက်နေ့တွင် အသက်(၂၇)နှစ်၊ နိုင်ငံ့ဝန်ထမ်းများဖြစ်ပါက အသက်(၃၅)နှစ်ထက် မကျော်လွန်သူဖြစ်ရမည်။
- (ဂ) ကွန်ပျူတာကျွမ်းကျင်စွာ အသုံးပြုနိုင်သူ ဦးစားပေးမည်။ (ဒုတိယဦးစီးမှူးရာထူးနှင့် အငယ်တန်းစာရေးရာထူးအတွက်သာ)
- (ဃ) ကျန်းမာရေးကောင်းမွန်သူဖြစ်ရမည်။
- (င) အကျင့်စာရိတ္တကောင်းမွန်သူဖြစ်ရမည်။
- (စ) အနည်းဆုံးလုပ်သက်(၃)နှစ် တာဝန်ထမ်းဆောင်နိုင်ရမည်။

၃။ လျှောက်လွှာတွင် အောက်ပါအချက်များကို ပြည့်စုံစွာ ဖော်ပြပြီး လျှောက်ထားသူကိုယ်တိုင် လက်မှတ်ရေးထိုးပေးပို့ရမည်–
- (က) လျှောက်ထားသည့်ရာထူးအမည်၊
- (ခ) အမည်နှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်၊
- (ဂ) မွေးနေ့သက္ကရာဇ်နှင့် အသက်၊
- (ဃ) လူမျိုးနှင့် ကိုးကွယ်သည့်ဘာသာ၊
- (င) ပညာအရည်အချင်းနှင့် အောင်မြင်သည့်ခုနှစ်၊ အောင်မြင်ခဲ့သည့်ကျောင်း၊ တက္ကသိုလ်၊
- (စ) မိဘအမည် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ်နှင့် ၎င်းတို့၏ အလုပ်အကိုင်၊
- (ဆ) အလုပ်သမား မှတ်ပုံတင်အမှတ်၊ နေ့စွဲနှင့် အလုပ်သမားရုံးအမည်၊
- (ဇ) ဝန်ထမ်းဖြစ်လျှင် လက်ရှိရာထူး၊ လစာနှုန်းနှင့် ဌာနအမည်၊
- (ဈ) ဆက်သွယ်ရန် နေရပ်လိပ်စာ၊ တယ်လီဖုန်းနံပါတ်၊
- (ည) အမြဲတမ်းနေရပ်လိပ်စာ၊ အပြည့်အစုံ။

၄။ လျှောက်လွှာနှင့်အတူ အောက်ပါတို့ကို ပူးတွဲပေးပို့ရမည်–
- (က) တစ်လအတွင်း ရိုက်ကူးထားသော ပတ်စ်ပို့ ဓါတ်ပုံ (၁ လက်မ x ၁ လက်မ)(၃)ပုံ
- (ခ) နိုင်ငံသားစိစစ်ရေးကတ်ပြား(မိတ္တူ)
- (ဂ) ဘွဲ့လက်မှတ် (မိတ္တူမှန်ဖြစ်ကြောင်း လက်မှတ်ရေးထိုးရန်)
- (ဃ) အသက်အထောက်အထားအတွက် တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်(မိတ္တူ) သို့မဟုတ် နောက်ဆုံးပညာသင်ကြားခဲ့သည့် ကျောင်းထောက်ခံချက်
- (င) သက်ဆိုင်ရာ ရပ်ကွက်နှင့် ရဲစခန်းတို့မှ (တစ်လအတွင်း ရရှိသည့်) ထောက်ခံချက်(မူရင်း)
- (စ) အိမ်ထောင်စုစာရင်းမိတ္တူ
- (ဆ) ဝန်ထမ်းဖြစ်ပါက ကိုယ်တိုင်ဝန်ခံချက်
- (ဇ) ဝန်ထမ်းမဟုတ်လျှင် (၆)လအတွင်း ပြုလုပ်ထားသော အလုပ်သမား မှတ်ပုံတင်ကတ်ပြား(မူရင်း)

၅။ ဝန်ထမ်းမဟုတ်သူများသည် လျှောက်လွှာများကို စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ဝန်ထမ်းရေးရာဌာနစိတ်(နေပြည်တော်)သို့ လိပ်မူ၍ လူကိုယ်တိုင်သော်လည်းကောင်း၊ စာတိုက်မှ မှတ်ပုံတင်၍လည်းကောင်း (၁၅–၁၀–၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ လျှောက်ထားရမည်။

၆။ ဝန်ထမ်းဖြစ်ပါက သက်ဆိုင်ရာ ဌာနအကြီးအကဲ ခွင့်ပြုလက်မှတ်ပါရှိသည့် လျှောက်လွှာကို မိမိတာဝန်ထမ်းဆောင်သည့် ဌာနမှတစ်ဆင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်သို့ (၂၉–၁၀–၂၀၂၂)ရက်နေ့ နောက်ဆုံးထား၍ ပေးပို့ရမည်။

၇။ သတ်မှတ်ရက်ထက် နောက်ကျပေးပို့လာသော လျှောက်လွှာများ၊ အချက်အလက်၊ စာရွက်စာတမ်း မပြည့်စုံသည့် လျှောက်လွှာများနှင့် သတ်မှတ်ချက်နှင့် မကိုက်ညီသည့် လျှောက်လွှာများကို (လုံးဝ) ထည့်သွင်းစဉ်းစားမည်မဟုတ်ပါ။

၈။ သတ်မှတ်ချက်နှင့် ပြည့်စုံသူများသည် အမှတ်စဉ်(က)၊ (ခ)နှင့်(ဂ)ရာထူးများအတွက် မြန်မာစာ၊ အင်္ဂလိပ်စာနှင့် အထွေထွေဗဟုသုတ ဘာသာရပ်များကို ရေးဖြေစာမေးပွဲနှင့် လူတွေ့စစ်ဆေးခြင်း၊ အမှတ်စဉ်(ဃ) ရာထူးအတွက် လူတွေ့နှင့် ယာဉ်မောင်းကျွမ်းကျင်မှုစစ်ဆေးခြင်း၊ ကျန်အမှတ်စဉ်(င)၊ (စ)၊ (ဆ)နှင့်(ဇ) ရာထူးများအတွက် သတ်မှတ်ချက်နှင့်ပြည့်စုံသူများအား လူတွေ့စစ်ဆေးခြင်း ဆောင်ရွက် သွားမည်ဖြစ်ပါသည်။

၉။ ဖြေဆိုခွင့်ရရှိသူစာရင်းနှင့် ရေးဖြေစာမေးပွဲ၊ လူတွေ့နှင့် အရည်အချင်းစစ် ကျင်းပမည့် နေ့ရက်၊ အချိန်နှင့် နေရာတို့ကို မြန်မာနိုင်ငံတော်ဗဟိုဘဏ် Website www.cbm.gov.mm တွင် ကြေညာမည်ဖြစ်ပြီး အမှတ်စဉ်(က)၊ (ခ)နှင့်(ဂ)ရာထူးများအတွက် ရေးဖြေစာမေးပွဲ အောင်မြင်သူများကိုသာ လူတွေ့ စစ်ဆေးပြုလုပ်မည်ဖြစ်ပါသည်။

၁၀။ အသေးစိတ်အချက်အလက်များကို မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ စီမံခန့်ခွဲမှုနှင့်လူသားအရင်းအမြစ်ဖွံ့ဖြိုးရေးဌာန၊ ဝန်ထမ်းရေးရာဌာနစိတ်(နေပြည်တော်)သို့ လူကိုယ်တိုင်ဖြစ်စေ၊ တယ်လီဖုန်း အမှတ်– ၀၆၇ ၃၄၁၈၅၉၃ သို့ဖြစ်စေ ဆက်သွယ်စုံစမ်းမေးမြန်းနိုင်ပါသည်။

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ (၆)ရပ်ကွက်၊ ရန်ကြီးအောင်လမ်း၊ မြေကွက်အမှတ်(၇၄) ဟုခေါ်တွင်သော မြေအလျားxအနံ(၄၀'x၆၀') ရှိ နှစ်(၆၀)မြေငှားဂရန်မြေကွက်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အား ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၏ မြို့မြေစာရင်းတွင် အမည်ပေါက်ပိုင်ဆိုင်သူ ဦးကျော်ဝင်း(ခ)လောဆန် ၁၃/လရန(နိုင်)၀၉၈၇၂၇ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးမျိုးဇော်ဦး ၁၂/ကမန(နိုင်)၀၇၉၃၈၀ က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးဗိုလ်ဗိုလ်ဇော် စဉ်–၁၄၆၉၈ LL.B,D.B.L,D.M.L(တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း–၀၉–၄၅၀၀၃၅၀၇၀**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာရပ်ကွက်၊ ယင်းမာ(၂) လမ်း၊ အမှတ်(၁၃၉/၁)၊ အခန်းအမှတ်(၂/B)၊ ပေ(၁၃ ၁/၂ x၅၀) အကျယ်အဝန်းရှိသည့် တိုက်ခန်းအင်္ဂါရပ်နှင့် ပြည့်စုံသော ပထမထပ်၊ ရေမီးစုံအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်ကို ပိုင်ရှင်ဖြစ်သူ ဒေါ်ညွန့်အေး (KPU–005622)ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းလှစိန် ၁၂/ဒဂတ(နိုင်)၀၁၁၃၅၁ မှ ၁၈–၉–၂၀၂၂ရက်တွင် အပြီးအပိုင် နှစ်ဦးသဘောတူ တိုက်ခန်းအရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ပြီးသည်မှာ မှန်ကန်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးရဲဝင်းလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ**
**စဉ်–၈၄၀၉/၂၀၁၂**
**ဖုန်း–၀၉–၂၅၃၀၇၉၈၃၅**

## အများသိစေရန် ကြေညာခြင်း

မော်လမြိုင်မြို့၊ ရွှေတောင်ရပ်၊ အောက်လမ်းမကြီး၊ အိမ်အမှတ်(၁၈၄)နေ ဒေါ်မြတ်သီဂီဦး ၁၀/မလမ(နိုင်)၂၇၇၇၃၈ မှ အောက်ပါအတိုင်း ကြေညာအပ်ပါသည်။

မော်လမြိုင်မြို့၊ ဖက်တန်းရပ်၊ အကွက်အမှတ် (၁၉/ဖက်တန်း)၊ ဦးပိုင်အမှတ်(၇၇က)၊ မြေချိန်ဧရိယာ ၀ ဒသမ ၀၄၉ ဧကရှိ ဘိုးဘပိုင်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်ရှိ နေအိမ်အဆောက်အအုံနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို မော်လမြိုင်မြို့နယ် စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အရောင်းအဝယ်စာချုပ်အမှတ် ၁၁၃/၂၀၂၂ အရ ကျွန်မမှ ဝယ်ယူပိုင်ဆိုင်ထားခဲ့ပြီး မော်လမြိုင်မြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်း ဦးစီးဌာနရုံးတွင် ဘိုးဘပိုင်အမှုတွဲအမှတ်–၀၈၉/ဘိုးဘ/၂၀၂၀– ၂၀၂၁ အရ အမည်ပြောင်း အမှုတွဲဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ ဆောင်ရွက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ ရက်အတွင်း ကျွန်မထံသို့ ခိုင်လုံသောအထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ ၎င်းရက်ကျော်လွန်ပါက ကျွန်မမှ အမည်ပြောင်းအမှုတွဲအား ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**ဒေါ်မြတ်သီဂီဦး**
**အမှတ်(၁၈၄)၊ အောက်လမ်းမကြီး**
**ရွှေတောင်ရပ်ကွက်၊ မော်လမြိုင်မြို့၊**
**ဖုန်း–၀၉–၉၆၂၆၉၉၄၄၅**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၈)၊ အကွက်အမှတ်(၅)၊ ပဒေသာရပ်၊ ဦးပိုင်အမှတ် (၂၉၆)၊ မြေယာအမှတ်(296)၊ မြေဧရိယာ ၀ ဒသမ ၀၅၅ ဧကရှိ မြေ/မြေပေါ်ရှိနေအိမ်၊ သွယ်တန်းထားသော ရေ/မီးအစုံနှင့် အကျိုးခံစားခွင့်များအားလုံးကို ဗိုလ်ကြီးဒေါ်စန်းမြင့်(ခ)ဗိုလ်ကြီး ဒေါ်ခင်စန်းမြင့်(ငြိမ်း)က ဂရန်အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ဗိုလ်ကြီးဒေါ်စန်းမြင့် (ခ) ဗိုလ်ကြီးဒေါ်ခင်စန်းမြင့်(ငြိမ်း)ထံမှ ဒေါ်နန်းပွင့်လှသည်လည်းကောင်း၊ ဒေါ်နန်းပွင့်လှထံမှ ဦးမောင်မောင်နိုင်သည်လည်းကောင်း၊ ဦးမောင်မောင်နိုင်ထံမှ ဒေါ်စန်းစန်းရီသည်လည်းကောင်း အရပ်စာချုပ်များဖြင့် ဝယ်ယူခဲ့ပါသည်။ လက်ရှိပိုင်ရှင်ဒေါ်စန်းစန်းရီ ကိုယ်တိုင်က တာဝန်ခံ ရောင်းချသောကြောင့် ကျွန်ုပ်မိတ်ဆွေမှ စရန်ငွေအချို့ ပေးချေ၍ ဝယ်ယူထားပါသည်။ ကျွန်ုပ်မိတ်ဆွေမှ အရောင်းအဝယ်ကိစ္စအား ဆက်လက်ငွေပေးချေမည် ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်မိတ်ဆွေက ငွေအပြီးပေးချေကာ အရောင်းအဝယ်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဒေါ်ခင်သာ(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်–၄၅၅၀)**
**အမှတ်(၁၂၈)၊ (၈)လမ်း၊ (၇)ကွက်၊ ပြင်ဦးလွင်မြို့**
**ဖုန်း–၀၉–၂၀၄၅၈၇၅၊ ၀၉–၇၉၂၀၄၅၈၇၅၊ ၀၉–၇၈၂၀၄၅၈၇၅**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ (၁၃)ရပ်ကွက်၊ အိမ်အမှတ်(၄၅၀)၊ ဦးမှန်းလမ်းနေ ဦးရာဂျာဂိုပေါလ်–လီလီဒေဗီ(ခ)ဒေါ်လီလီတို့၏သား ဦးမြင့်ဆွေ ၇/တငန (နိုင်)၁၀၅၃၆၂ သည် မိဘများ၏ဆိုဆုံးမမှုကိုမနာခံဘဲ သူ၏သဘောအလျောက်ပြုမူသွားပါသည်။ ထို့အပြင် မိဘအသိုင်းအဝိုင်း၏ စကားကို ဆန့်ကျင်ပြီး သူ၏စိတ်သဘော ဆန္ဒအလျောက် ပြုမူဆောင်ရွက်သွားပါသဖြင့် အမွေစားအမွေခံသားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သည့်ကိစ္စအဝဝကို မိဘ/ညီအစ်ကိုမောင်နှမ အသိုင်းအဝိုင်းမှ လုံးဝတာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**လီလီဒေဗီ(ခ)ဒေါ်လီလီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရေငယ်ကျေးရွာအုပ်စု၊ ရေငယ်ကျေးရွာ၊ ကွင်းအမှတ်–၆၈၁/ခ၊ ဦးပိုင်အမှတ်–၇၆၊ ဧရိယာ ၁ ဒသမ ၅၅ ဧကအကျယ်ရှိ မြေကွက်ထဲမှ မြေကွက်အမှတ်–B–2 မြေကွက်အား ၆–၇–၂၀၁၉ ရက်တွင် ဦးနန်းအောင် ၅/ဒပယ(နိုင်)၀၈၇၇၇၁ထံမှ မိခင်ဒေါ်သန်းသန်းမြင့် အမည်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါစာချုပ်မူရင်းမှာ လွန်ခဲ့သည့် တစ်လခန့်က အထားမှားကာ ပျောက်ဆုံးလျက်ရှိပါသဖြင့် မူလပိုင်ရှင်နှင့် စာချုပ်ပြန်လည်ချုပ်ဆိုမည်ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇) ရက်အတွင်း ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ကျွန်ုပ်မှ မြေကွက်နှင့်ပတ်သက်၍ ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးရာဇာလင်း ၁၂/ဥကတ(နိုင်)၁၃၉၉၈၁**
**ဖုန်း–၀၉–၅၅၀၀၆၃၉**

## ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၇)၊ အကွက်အမှတ်(၁၇)၊ ပုဏ္ဏားစုရပ်၊ ဦးပိုင်အမှတ်(၉၂–ည)၊ မြေဧရိယာ ၀ ဒသမ ၀၆၈ ဧကရှိ မြေကွက်နှင့် အကျိုးခံစားခွင့်များ အားလုံးကို ဦးခင်မောင်က မြေဂရန်အမည်ပေါက် ပိုင်ဆိုင်ခဲ့ပါသည်။ ဦးခင်မောင်ထံက ဦးမင်းသိန်းမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူလက်ရှိပိုင်ဆိုင်ပါသည်။ အထက်ပါမြေနှင့် နေအိမ်အား ဦးမင်းသိန်းမှ မြေငှားဂရန် အမည်ပြောင်းပေးပါရန် ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လျှောက်ထားပြီးဖြစ်ပါသည်။ ဦးမင်းသိန်းမှ ဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားခြင်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိလျှင် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ပိုင်ဆိုင်သော စာရွက်စာတမ်းမူရင်းများနှင့်တကွ ပြင်ဦးလွင်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် ပြင်ဦးလွင်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက ဦးမင်းသိန်းမှ ဂရန်အမည်ပြောင်းပေးပါရန် လျှောက်ထားသည့်ကိစ္စအား ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ပြင်ဦးလွင်ခရိုင်/မြို့နယ်**
**အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**ပြင်ဦးလွင်မြို့**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၄)ရပ်ကွက်၊ ရွှေစင်(၃)လမ်း၊ မြေကွက်အမှတ်(၄၀၃)၊ ဧရိယာပေ (၄၀x ၆၂ ၁/၂) ရှိ ဂရန်မြေအတွင်းမှ တရားဝင် မခွဲစိတ်ရသေးသော ဧရိယာပေ (၂၀x၆၂ ၁/၂)ခြေရင်းဘက်ခြမ်းမြေနှင့် ယင်းမြေပေါ်ရှိ နေအိမ်အပါအဝင် အကျိုးခံစားခွင့်အားလုံးကို ဝယ်ယူပိုင်ဆိုင်၍ ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးမြင့်စိုး ၁၀/မလမ(နိုင်)၁၂၃၈၆၅ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးကျော်ကျော်စိုး ၉/မရန(နိုင်)၀၂၁၄၈၅ က အပြီးအပိုင် ဝယ်ယူရန်ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

ဤအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို ခိုင်လုံသောအထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ–**
**ဦးကျော်ကျော်မိုး(LL.B)**
**အထက်တန်းရှေ့နေ(စဉ်–၂၆၆၁၈/၀၇)**
**ဖုန်း–၀၉–၈၉၂၀၉၀၁၇၂**

## ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ မင်းသိန်း(ငြိမ်း)

အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်နေ ဒေါ်ခင်သန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း ဒုတိယဗိုလ်ချုပ်ကြီး သီရိပျံချီ မင်းသိန်း(ငြိမ်း) သည် ၁၉-၉-၂၀၂၂ ရက် (တနင်္ဂနွေနေ့) နံနက် ၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း၊ တန်ဆောင်း ဒါယကာကြီး

# ဒုတိယ ဗိုလ်ချုပ်ကြီး(ငြိမ်း)

# သီရိပျံချီ ဦးမင်းသိန်း

## အသက်(၉၀)

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ ရွှေဂုံတိုင်ရပ်နေ (ဦးလှဒင်-ဒေါ်သိန်း)တို့၏သားကြီး၊ (ဦးကံညွန့်-ဒေါ်ခင်ပု)တို့၏သားသမက်၊ ဒေါ်ခင်သန်းမြင့်၏ ချစ်လှစွာသောခင်ပွန်း၊ (ဦးနိုင်မင်းဦး)-ဒေါ်မီမီသန်းဌေး၊ ဦးကျော်စွာ(နိုင်ငံခြားရေးဝန်ကြီးဌာန)-ဒေါ်မေစီမင်း၊ ဒေါ်ကေသီမင်း၊ ဗိုလ်မှူး ဇော်လွင်ထွန်း-ဒေါ်သီတာမင်း၊ ဦးဝေမင်းဦးတို့၏ ချစ်လှစွာသောဖခင်၊ မြေးငါးယောက်တို့၏ အဘိုးသည် ၁၉-၉-၂၀၂၂ရက် နံနက် ၅နာရီတွင် နေအိမ်၌ နှလုံးရောဂါဖြင့် ကွယ်လွန်သွားပါသဖြင့် ၂၁-၉-၂၀၂၂ရက် မွန်းတည့် ၁၂နာရီတွင် အမှတ်(၁) တပ်မတော်ဆေးရုံ ခုတင်-၁၀၀၀ ငြိမ်းအေး ဇရပ်မှ မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်ဂူသွင်းသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဘုရင့်နောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂၈/မင်းကြီးရန်အောင်၊ ဦးပိုင်အမှတ်(၂၈)၊ ဧရိယာ(၀ဒသမ၀၇၃)ကေအား ဒေါ်ဟန်နီမိုး (ဘ)ဦးလေးမောင် ၉/တကန(နိုင်)၁၇၈၉၇၀မှပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်(၉၁၉/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက်မြေပုံ/ မြေရာဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့်အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာ ရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက် သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

## အထူးဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး

ကျုံမငေးအသင်းနာယကကြီး

ဗိုလ်မှူးကြီးအောင်ဖုန်း(ငြိမ်း) (ကြည်း- ၈၇၂၇)

ကျုံမငေးမြို့

အသက်(၈၃)နှစ်

ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်နေ ဒေါ်ခင်စစ်အေး၏ ချစ်လှစွာသောခင်ပွန်း ဗိုလ်မှူးကြီးအောင်ဖုန်း(ငြိမ်း)သည် ၁၅-၉-၂၀၂၂ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၂:၅၀နာရီတွင် အာယုဆေးရုံကြီး၌ ကွယ်လွန်သွားပါကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့် အလုပ်အမှုဆောင်များ
ကျုံမငေးအသင်း

## ချင်ပိန်းလန်(ခ)ဦးအောင်ခင်(ခ)ဦးပိန်းလင်း

(ရန်ကုန်မြို့)

အသက်(၈၉)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ လက်ဝဲမင်းဒင်လမ်း၊ အမှတ်(၈၆၈/၈၆၉) (၀၀၁)နေ (ဒေါ်ထွေးကျင်)၏ ခင်ပွန်း၊ ဦးခင်မောင်ညွန့်-ဒေါ်အေးအေးချို၊ ဦးကျော်ကျော်စိုး-ဒေါ်မိမိချို၊ ဦးစိန်သန်း-ဒေါ်သင်းသင်းချို၊ ဦးလှဌေး-ဒေါ်အိအိချို၊ ဒေါ်နှင်းနှင်းချို၊ ဦးဝင်းစိန်-ဒေါ်မွန်မွန်ချို၊ ဦးသန့်ဇင်-ဒေါ်ခင်ချောစုတို့၏ဖခင်၊ မြေး ၁၃ယောက်တို့၏အဘိုးသည် ၁၉-၉-၂၀၂၂ရက် (တနင်္ဂနွေနေ့) နံနက် ၇:၅၅နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားပါ၍ ၂၀-၉-၂၀၂၂ရက် (တနင်္လာနေ့) နံနက် ၁၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## ဝမ်းနည်းကြေကွဲခြင်း

ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း)

အသက်(၆၂)နှစ်

မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ ဖက်စပ်လုပ်ငန်းဖြစ်သော ဗာဂျီနီးယားတိုဗက်ကိုးကုမ္ပဏီလီမိတက်မှ ဥက္ကဋ္ဌ ဗိုလ်မှူးကြီး မြင့်ဦး(ငြိမ်း) အသက်(၆၂)နှစ်သည် ၁၇-၉-၂၀၂၂ရက် ည ၇နာရီတွင် ကွယ်လွန်သွားကြောင်း ကြားသိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ဥက္ကဋ္ဌနှင့်ဝန်ထမ်းများ
မြန်မာ့စီးပွားရေးဦးပိုင်အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ထားထားယဉ်

(ဟသ်ာပလတ်စတစ်လုပ်ငန်း)

အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ကျီတော်ရပ်ကွက်၊ ကျီတော်လမ်း၊ အမှတ်(၁၁၇/၁၁၉)၊ Golden Gate Tower(ဧလွှာ F)နေ (ဦးဝင်း-ဒေါ်ခင်ခင်)တို့၏ချွေးမ၊ (ဦးခင်-ဒေါ်နု)တို့၏သမီး၊ ဦးအောင်မင်းရွှေ(ခ)ဦးကြည်အောင်၏ဇနီး၊ ကိုလမင်းဖြိုး၊ ကိုထက်ဝေဇော်-မသက်ထားစုကြည်တို့၏ ချစ်လှစွာသောမိခင်သည် ၁၈-၉-၂၀၂၂ရက် (စနေနေ့) နံနက် ၁၁:၅၅နာရီတွင် Grand Hanthar ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃:၃၀နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

## Capt; မောင်ဦးမြင့် CDC 5575

Lizstar Shipmanagement Co.,Ltd

(စိန်ပေါလ် ကျောင်းသားဟောင်း)

အသက်(၆၇)နှစ်

ဖျာပုံမြို့နေ(ဦးစိုးမြင့်-ဒေါ်မြမြကြီး)တို့၏သားကြီး၊ မရမ်းကုန်းမြို့နယ်၊ (၈)မိုင်၊ မြိုင်ဟေဝန်အိမ်ရာ၊ အမှတ် (၅၉)နေ ဒေါ်မို့မို့အောင်၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်မိုးဆက်မြင့်၏ ကျေးဇူးရှင်ဖခင်ကြီးသည် ၁၉-၉-၂၀၂၂ရက် နံနက် ၈:၁၅နာရီတွင် ဝိတိုရိယဆေးရုံ၌ ဘဝတစ်ပါးသို့ ကူးပြောင်းကွယ်လွန်သွားပါသဖြင့် ယင်းနေ့တွင်ပင် ကောင်းမွန်စွာ သင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ် သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။ ကျန်ရစ်သူမိသားစု

## နှစ်လပြည့် လွမ်းဆွတ်သတိရခြင်း

ဒေါ်ခင်သီတာဌေး

အသက်(၄၈)နှစ်

ရန်ကုန်မြို့နေ (ဦးစံဌေး-ဒေါ်ခင်သိန်း) တို့၏သမီး (ဦးကျော်စိုး)၊ ဦးကျော်မိုးတို့၏ညီမ၊ ဒေါ်ခင်စန္ဒာဌေး ၏အစ်မသည် ၂၀-၇-၂၀၂၂ရက်တွင် ကွယ်လွန်သွားခဲ့ပြီး ယနေ့ နှစ်လပြည့်မြောက်ခဲ့ပါပြီ။ ကွယ်လွန်သူအားရည်စူး၍ ပြုလုပ်သော ကောင်းမှုအစုစုတို့ကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ဆိုနိုင်ပါစေ။

ချစ်ညီမ- ဦးလွင်ဟန်၊ ဒေါ်ခင်စန္ဒာဌေး
ချစ်တူလေး-မောင်ကောင်းမြတ်ဟန်
ချစ်တူမလေး-မဖူးပွင့်ဟန်

## ခရစ်တော်၌ အိပ်ပျော်ခြင်း

ဒေါ်ညွန့်ညွန့်စိန်

အသက်(၈၀)

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ ရွာမအရှေ့ရပ်ကွက်၊ ဒေါနလမ်း၊ အမှတ်(၁၀)နေ (ဦးလှဒင်-ဒေါ်အုံးမြ)တို့၏သမီးကြီး၊ (ဦးထွဋ်ဇေယျာ)၏ဇနီး၊ ဒေါ်မြမြ-(ဦးတင်အေး)၊ (ဦးမင်းဒင်)-ဒေါ် Ruth၊ ဒေါ်သန်းသန်းစိန်-ဒေါက်တာသာထွန်းဘော်၊ ဒေါ်သန်းသန်းညွန့်-ဦးအောင်မြတ်စိုးတို့၏အစ်မကြီး၊ မစန္ဒီဇေယျာ၊ ကို L ဘောက်နော်၊ မနန္ဒီဇေယျာ-ကိုဗညားကျော်တို့၏မိခင်ကြီး၊ မစင်သီယာထွဋ်နော်၊ မောင်ပညာဇေယျာကျော်၊ မောင်ဘုန်းထွဋ်နော်တို့၏အဘွား ဒေါ်ညွန့်ညွန့်စိန်သည် ၁၇-၉-၂၀၂၂ ရက်တွင် ဘုန်းတော်ဝင်စားသွားပြီဖြစ်ပါ၍ ရေဝေးဂိုဏ်းပေါင်းစုံ ခရစ်ယာန်သုသာန်၌ ၁၈-၉-၂၀၂၂ရက်တွင် ဂူသွင်းသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေသင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၂/ရှင်ဘို့မယ်၊ ဦးပိုင်အမှတ်(၁၄၇)၊ ဧရိယာ(၀ဒသမ၀၇၃)ကေအား ဦးကျော်ဝင်း(ဘ) ဦးအောင်ဒင်၉/တကန(နိုင်) ၀၈၈၄၉၅ မှပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်(၈၄၅/၂၀ ၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများ တင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာ ချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက် သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3M/7956 Mitsubishi Fuso Tractor head ယာဉ်လက်ဝယ်ရှိသူ ဦးမောင်မောင်ဝင်း ၇/တငန(နိုင်) ၀၇၄၆၄၅က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၃၀ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံးခွဲ(ရွာသာကြီး)

### ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 65W/14345, Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးတင်စိုးဝင်း ၁၄/လမန(နိုင်) ၀၀၀၀၁၀က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ ဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ ကညန၊ခရိုင်ရုံး(ဟသ်ာတ)

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဆရာစံရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၅/ ခမ္မစေတီ၊ ဦးပိုင်အမှတ်(၃၈)၊ ဧရိယာ(၀ဒသမ၀၈)ကေအား ဒေါ်ခင်တင့်(ဘ) ဦးမှတ်ကြီး ၉/တကန(နိုင်) ၀၀၉၃၈၇မှပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ်(၉၂၀/၂၀ ၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက် သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၆/မြဝတီ၊ ဦးပိုင်အမှတ်(၁၀၈)၊ ဧရိယာ(၀ဒသမ၀၆၁)ကေအား ဦးမောင်ဇော်(ဘ)ဦးဗိုလ်ရွှေ ၉/တကန(နိုင်) ၁၀၄၀၇၆မှပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ်(၉၄၁/၂၀ ၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး အဆောက်အအုံ ဆောက်လုပ်မိန့်တင်ပြရန်အတွက် မြေပုံ/ မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါကဌာန၏ လုပ်ထုံးလုပ်နည်းနှင့်အညီ မြေပုံ/မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေး
ကော်မတီ

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့၊ ဗိုလ်မင်းရောင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၆/ ရာဇာဓိရာဇ်)၊ ဦးပိုင်အမှတ်(၁၀က)၊ ဦးညွန့်တင်- ဒေါ်တင်တင်ရွှေ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက် ဧရိယာ ၀ဒသမ ၄၅၈ ကေအနက်မှ ဧရိယာ ၀ဒသမ ၁၈၀ ကေအား ဦးမြင့်ဝင်း (ဘ)ဦးစိုးမြင့် ၉/တကန(နိုင်)၁၀၂၁၃၉ နှင့် ဒေါ်မျိုးမြမြအေး(ဘ)ဦးလှမြင့် ၁၂/မဂတ(နိုင်)၀၈၇၆၁၇ တို့နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် ဦးညွန့်တင် (ဘ)ဦးပု ၉/တကန(နိုင်)၀၀၄၉၁၇ နှင့် ဒေါ်တင်တင်ရွှေ(ဘ)ဦးတင်မောင် ၉/တကန(နိုင်)၀၀၄၈၈၇ တို့မှမြေငှားစာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေပုံ/မြေရာဇဝင် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၄)ရပ်ကွက်၊ ကွမ်းခြံ(၇)လမ်း၊ အမှတ်(9/11-A)၊အခန်း(၃၀၃)၊ (၅၀ x ၁၃)ပေ ရှိ တိုက်ခန်းအပါအဝင် ယင်းတိုက်ခန်းနှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဦးကောင်းသီဟအောင်(ခ) ကျော်ထက်သာ ၇/ရတန(နိုင်) ၁၀၄၅၁၀မှ တရားဝင်ပိုင်ဆိုင်ပြီး ၎င်းတစ်ဦးတည်း စီမံရောင်းချပိုင်ခွင့်ရှိကြောင်း ကမ်းလှမ်းလာ၍ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဇေထက် ၂/ဒမဆ(နိုင်) ၀၂၆၁၂၂မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေပြီးဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း၊ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်သွားမည်ဖြစ် ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသီဟမျိုးဟန် (LL.B)
အထက်တန်းရှေ့နေ(စဉ်-၂၇၂၂၀)
တိုက်(၃)၊ အခန်း(၂၀၁)၊ ဒုတိယထပ်၊ ဘုရင့်နောင်လမ်းမကြီး၊ (၄)ရပ်ကွက်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၄၂၀၆၈၆၂၊ ၀၉-၇၉၃၃၉၂၀၅၉

## သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ (၄)ရပ်ကွက်နေ ဦးချစ်အောင်-ဒေါ်ခင်ညို့တို့၏သမီး မခွာညိုချစ်ဖူး(ခ)ဘုတ်ဘုတ် ၃/ကကရ(နိုင်) ၁၆၈၀၆၅ သည် ဆိုဆုံးမမှုကို နာခံမှုမရှိဘဲ မိဘများကို အရှက်ရစေခြင်း၊ သိက္ခာကျစေခြင်း၊ စိတ်ဆင်းရဲအောင် ကြိမ်ဖန်များစွာ ပြုလုပ်နေသည့်အပြင် နေအိမ်မှ မိမိသဘောဆန္ဒအလျောက် ဆင်းသွားပါသဖြင့် ၎င်းအား သမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်သည်။ မခွာညိုချစ်ဖူး(ခ)ဘုတ်ဘုတ်နှင့်ပတ်သက်သည့် အရှုပ်အရှင်းကိစ္စအဝဝကို လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိရှိစေရန် ကြေညာအပ်ပါသည်။

(စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

မိဘ - ဦးချစ်အောင်-ဒေါ်ခင်ညို့
(၄)ရပ်ကွက်၊ ကော့ကရိတ်မြို့၊ ကရင်ပြည်နယ်

ဇီဝမျိုးစုံမျိုးကွဲတွေ ကြွယ်စေဖို့

သဘာဝ တောတွေ ထိန်းသိမ်းစို့

သင့် သွေး ဖြင့် အ သက် ကယ် ပါ

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး၊

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး၊

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး “မူ”ကို ဆက်လက်လိုက်နာကျင့်သုံးရေး၊

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာ ရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး၊

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး၊

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး၊

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# ပဲစင်းငုံ၊ နေကြာနှင့် မတ်ပဲသီးနှံ မျိုးသန့်မျိုးပွားမျိုးများ စိုက်ပျိုးထုတ်လုပ်



နေကြာသီးနှံမျိုးစေ့ထုတ်စိုက်ခင်းကို တွေ့ရစဉ်။

**ကန့်ဘလူ စက်တင်ဘာ ၁၉**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ် မျိုးသန့်ခြံ၌ ကျေးလက်နေတောင်သူလယ်သမားများအတွက် ဒေသရေမြေရာသီဥတုနှင့် ကိုက်ညီပြီး သီးနှံအထွက်နှုန်း ကောင်းမွန်သော မျိုးသန့်မျိုးပွားမျိုးများကို ဖြန့်ဖြူးပေးသွားနိုင်ရန် စိုက်ပျိုးထားသောသီးနှံများမှာ အောင်မြင်ဖြစ်ထွန်းပြီး မကြာမီရိတ်သိမ်းတော့မည်ဖြစ်ကြောင်း သိရသည်။

ကန့်ဘလူမျိုးသန့်ခြံ ကွင်းစခန်းအမှတ်( ၁)တွင် ပဲစင်းငုံ (မုံရွာရွှေဒင်္ဂါး) မျိုးစေ့အဆင့် (RS) မျိုးသန့်မျိုးပွားအဆင့် ဧက ၈၀ ၊ နေကြာ (ရေဆင်း-၁) ဧက ၃၀ ၊ မတ်ပဲ (ရေဆင်း-၂) ၂၉ ဧက စုစုပေါင်းမျိုးစေ့ထုတ် ၁၃၉ ဧကကို မိုးသီးနှံလျာထားစိုက်ပျိုးခဲ့ရာ ယခုအခါ အောင်မြင်ဖြစ်ထွန်းပြီး မကြာမီရိတ်သိမ်းကာ မျိုးသန့်မျိုးပွားမျိုးအဆင့် ရရှိအောင်ဆောင်ရွက်ပြီးမှ ဒေသတောင်သူလယ်သမားများကို ဖြန့်ဖြူးပေးမည်ဖြစ်ကြောင်း မျိုးသန့်ခြံတာဝန်ခံထံမှ သိရသည်။

“ကျွန်တော်တို့ မျိုးသန့်ခြံက တောင်သူများ လက်တွေ့နယ်ပယ်မှာ ဒေသနဲ့ လိုက်လျောညီထွေရှိတဲ့ အရည်အသွေးကောင်း သီးနှံမျိုးစေ့ ထုတ်လုပ်ဖြန့်ဖြူးခြင်း၊ မျိုးစေ့အရည်အသွေး ထိန်းသိမ်းခြင်း၊ ကိုဗစ်-၁၉ ကျန်းမာရေးစည်းကမ်းချက်တွေနဲ့အညီ နည်းပညာသင်တန်းတွေ၊

*စာမျက်နှာ ၁၀ ကော်လံ ၁* ✪

## ကိုဗစ်- ၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၁၇၀၂ ဦး တွေ့ရှိ

## ထပ်မံသေဆုံးသူ ၅၇ ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း ၁၇၀၇၃ ဦးရှိ

**(၁၉-၉-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် ပြည်သူလူထုအနေဖြင့်-

● တတ်နိုင်သမျှ အိမ်တွင်း၌သာ နေထိုင်ခြင်း၊

*စာမျက်နှာ ၁၅ ကော်လံ ၁* ✻

## ဒီဂီယာ ပယ်နယ်တီကာကွယ်နိုင်ခဲ့မှုကြောင့် မန်ယူ ဝက်စ်ဟမ်းကိုနိုင်

ပရီးမီးယားလိဂ်ပွဲစဉ် (၅) အဖြစ် ဝက်စ်ဟမ်းအသင်းနှင့် မန်ယူအသင်းတို့ပွဲစဉ်ကို စက်တင်ဘာ ၁၉ ရက် ညပိုင်းက ဝက်စ်ဟမ်းအိမ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ မန်ယူအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မန်ယူအသင်းသည် ပြီးခဲ့သည့် ပွဲစဉ်မှ ကစားသမားစာရင်းကို သုံးဦးအပြောင်းအလဲ ပြုလုပ်ပြီး ပေါ့ဂ်ဘာ၊ ဖာနန်ဒက်စ်၊ ဂရင်းဝုဒ်၊ စီရော်နယ်ဒိုတို့ဖြင့် ပွဲထွက်လာခဲ့သည်။ ဝက်စ်ဟမ်းအသင်းက ပြီးခဲ့သည့်ပွဲစဉ်မှာ

*စာမျက်နှာ ၂၆ ကော်လံ ၁* ●




မန်ယူတိုက်စစ်မှူး စီရော်နယ်ဒို ဝက်စ်ဟမ်းအသင်းဘက်သို့ ချေပဂိုးသွင်းယူစဉ်။

**ယနေ့ သတင်း အညွှန်း**

တိရစ္ဆာန်အစာ ပြောင်းချဉ်ဖတ် စိုက်ပျိုးထုတ်လုပ်၍ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့တင်ပို့ခြင်း ကွင်းဆက်တစ်လျှောက် ပါဝင်ဆောင်ရွက်သူများ လိုက်နာဆောင်ရွက်ရမည့်အချက်များ ထုတ်ပြန်ကြေညာ စာမျက်နှာ - ၁၁

ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ စာမျက်နှာ - ၁၂

မြစ်ကြီးနား၊ လားရှိုးနှင့် တောင်ကြီးမြို့နယ်တို့တွင် ဘိန်းဖြူများ ဖမ်းဆီးရမိ စာမျက်နှာ - ၂၆